# ၇၀

# အထိမ်းအမှတ်

မဂ္ဂဇင်း

ဗမာပြည်ကွန်မြူနစ်ပါတီ

ဗဟိုကော်မတီဥက္ကဋ္ဌ

သခင်ဗသိန်းတင် ၏ အမှာ

<u>ရဲဘော်တို့</u>

(၁) ကိုယ်ကျိုး ကိုလုံး ဝစွန့်လွှတ်ကြ ။

(၂) ကိုယ့်ဒူး ကိုယ်ချွန်လှုပ်ငန်း များ ကို လက်တွေ့အကောင်အထည်ဖော်ကြ ။

(၃) တပါတီလုံး ပိုမို သွေး စည်း ညီညွတ်ပြီး ၊ အခက်အခဲမှန်သမျှကိုရင်ဆိုင် ကျော်နင်း ကြ ။

(၄) လက်နက်ကိုင်တိုက်ပွဲကို အဓိကထား ပြီး တခြား တိုက်ပွဲသဏ္ဌာန်အမျိုး မျိုး နဲ့ ပေါင်း စပ် ပေး ရမယ်- ဆိုတဲ့နည်း ပရိယာယ်လမ်း စဉ်ကို ပိုမိုထိ ရောက်စွာအ ကောင်အထည် ဖော်ကြ ။

(၅) မ ဆ လ တပါတီအာဏာရှင်စနစ်ကို ဖျက်သိမ်း ပြီး ပါတီစုံဒီမိုက ရေစီစနစ်ကိုထူ ထောင်နိုင်ရန် ဘုံရန်သူစစ်အစိုး ရ ကိုဆန့်ကျင်တိုက်ခိုက် နေကြတဲ့အင်အား စုအား လုံး၊ သွေး စည်း ညီညွတ် ရေး အတွက် ကြိုး ပမ်း အား ထုတ်ကြ ။

၃/၈/၈၄

ဗမာပြည်ကွန်မြူနစ်ပါတီ ၄၅ နှစ်မြောက်ခြင်းပွဲကျင်း အထိမ်းအမှတ်

# မဂ္ဂဇင်း

# မာတိကာ

## အမှာ


* ၄၅ နှစ်မြောက် ပါတီနေ့သို့ — စာတည်းအဖွဲ့ — ၄


## ကဗျာ


* ပြဂုဝင်၏အလိုပ် — လှအောင် — ၇
* ရွှဲရွှာခြင်းနဲ့ဝဋ်ပြန်ခြင်း — တွန်းနေအောင် — ၈
* ရင်ထဲကနှင်းဆီ — ငြိမ်းချမ်းသူ — ၉
* အောင်ပွဲသို့ — ရဲဘော်သန်းညွှန့် — ၁၀
* မိုင်းမောမှာ — တင်လင်း — ၁၁
* ကြိုးမြွတ်သူများနှင့် ရွေးကတတက်က အလုပ်အကျွေးပြုသူများ — မိုးချစ်အေး — ၁၂
* သွေးထဲက အမေ — မောင်လွှမ်း [မြင်းခြံ] — ၁၃
* မိုးကြိုး တေး — ကျော်မြတ် — ၄၄
* အမိုးရဲ့ အမှာစကား — မောလာကပေါ် — ၅၂
* ကြိုးရင့်မှုနှင့် ကြိုးမြတ်မှု — ညီမြ — ၅၉
* မြောက် ကျား မြေ — ရည်ညွှန်း — ၆၅
* ချစ်သူ — ခွန် — ၆၇
* မှန်မည်းထဲသို့ပြုတ်ကျသွားသောအလင်းတန်းများ — မိုးမြတ် — ၈၁


## ကာတွန်း


ငမဲ — ၄၆

မိုးအုပ်


## သတင်းဆောင်းပါး


* ပြည်သူ့တပ်နှင့်အတူ — ရေယု — ၄၈

# ၁၉၇၄ ဩဂုတ်လ

## ဘာသာပြန်ဆောင်းပါး


* မာ့က်စ် အိန်ဂယ်လ်တို့ရဲ့ပေးစာများအတွင်းက အမျိုးသားရေးနဲ့ ပြည်တွင်းစစ်ဆိုင်ရာ သင်ကြားချက်အချို့ — ရဲဘော်သောင်း — ၁၄
* ပဲရစ်ဘုံအဖွဲ့၏စာပေနှင့်အနုပညာ — ရဲဘော်ကြည်ဦး — ၂၃
* ကျနော့ကို လီနင်ဝါဒဆီပို့ပေးခဲ့တဲ့လမ်းကြောင်း — လှပြီးအောင် — ၃၀
* ကန့်လန့်ကာနောက်ကွယ်က အနီရောင်ကလောင် တချောင်း — မောင်ပါကြီး — ၃၃
* ပရမ်းဘွန်းကို အောက်မေ့သတိရခြင်း — ရဲဘော်မေစီ — ၃၈
* ကျနော်တို့သိတဲ့ အင်္ဂါစဦး — ရဲဘော်သန်းအေး — ၄၁


## ဘာသာပြန်ကဗျာ


* ခရီးရှည်ချီတက်ခြင်း — ဒိုဇမိုး — ၃၂
* ကျင်ကန်းတောင် — မာန်မြင့် — ၄၅


## အမှတ်တရ


* သူ့ရုပ်လွှာ — မြဝင်း — ၆၈


## ဝတ္ထုတို


* မြို့မဟာရန်ကုန်မှ ကိုချမ်းသာ — မျိုးသစ် — ၅၃
* ကျွမ သိပ် ကချင်တယ် — အောင်သွေး — ၆၀


## ဝတ္ထုရှည်


* ဦးချွန် - ၆ — ကိုရင်ဖိုး — ၇၀


ဖြန့်ချိရေးဌာနမှ ထုတ်ဝေသည်

# ဗဟိုဦးစီး အဖွဲ့၏ အမှာ

## ၄၅

၁၉၇၄ ခုနှစ်ဩဂုတ်လ ၁၅ ရက်နေ့တွင် ဗမာပြည်ကွန်မြူနစ်ပါတီ၏သက်တမ်းသည် ၄၅ နှစ်တင်းတင်းပြည့်မြောက်ခဲ့ပေပြီ။ ကျွန်ုပ်တို့အတွက် ဂုဏ်ယူဖွယ် နေ့မြတ်ကိုဂုဏ်ပြုသောအားဖြင့် ကျွန်ုပ်မဂ္ဂဇင်းကိုထုတ်ဝေခြင်းဖြစ်၏။

ဗမာပြည်ကွန်မြူနစ်ပါတီသည် နှစ်ပေါင်း ၄၅ နှစ်အတွင်းဝယ်သည်ယနေ့တိုင်ရှင်သန်လာသည်အထိ တလျှောက်လုံးပင်၊ တိုင်းပြည်လွတ်လပ်ရေး၊ အမျိုးသားအသီးသီးပြည်သူများလွတ်မြောက်ရေးတို့အတွက် စဉ်ဆက်မပြတ် တသသမတ်တည်းတိုက်ပွဲဝင်ခဲ့ပေသည်။

တိုင်းပြည်၏လွတ်လပ်ရေးမရရှိဘဲ၊ ပြည်သူတို့လွတ်မြောက်မှုမရှိဘဲကွန်မြူနစ်တို့၏နောက်ဆုံးရည်မှန်းချက်ဖြစ်သည့် လူလူချင်းခေါင်းပုံဖြတ်မှု ကင်းစင်သော လူတန်းစားမရှိသော ကွန်မြူနစ်လူ့အဖွဲ့အစည်းကို ထူထောင်ရန်မှာ လုံးဝပင်ဖြစ်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့်ပင် ကျွန်တော်တို့ပါတီသည် တိုင်းပြည်လွတ်လပ်ရေး၊ ပြည်သူများလွတ်မြောက်ရေးအတွက် လုံးပမ်းတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ယနေ့ထက်တိုင်လည်း ကျွန်တော်တို့ ပြီးမြောက်သေးပေ။

၁၉၃၉ ခုနှစ်ဩဂုတ်လ ၁၅ ရက်တွင် ပါတီတည်ထောင်ခဲ့ပြီး ၁၆ ရက်သာရှိသေးသည့် အချိန်တွင် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးတွင် ဗမာပြည်သည် စစ်တလင်း ဖြစ်ခဲ့သည်။ ဗမာပြည် ပြည်သူများသည် စစ်၏ ဆိုးသိုးသော အကျိုးရလဒ် များကို တနင့်တပိုးကြီးရရှိလိုက်သလို တဖက်မှလည်း ခေတ်သစ် စစ်ပွဲ၏ စစ်မှုရေးရာအတွေ့အကြုံနှင့်အတတ်ပညာများကို ရရှိလိုက်ပေသည်။ နုနယ်ငယ်ရွယ်သေးသော ဗမာပြည်ကွန်မြူနစ် ပါတီသည်လည်း နိုင်ငံရေး၊ စစ်ရေး၊ လူထုစည်းရုံးရေး၊ တပ်ပေါင်းစုစသော ဘက်အသီးသီးတွင် အတွေ့အကြုံများ

# နှစ်မြောက်ပါတီနေ့သို့ ......။

နှင့်အတတ်ပညာများကိုလက်တွေ့အတွင်းမှ ဆည်းပူးရရှိခဲ့ပေသည်။ ဤအတွေ့အကြုံနှင့်အတတ်ပညာတို့သည် ဗမာပြည်လွတ်လပ်ရေးတိုက်ပွဲ ပြည်သူ့လွတ်မြောက်ရေးတိုက်ပွဲ ဆက်လက်ဆင်နွှဲရေးအတွက် အဖိုးမဖြတ်နိုင်သော အရင်းအနှီးများ ဖြစ်လာကြပေသည်။ ဗမာပြည်ကွန်မြူနစ်ပါတီသည်၊ လေ့လာရေးအစုအဖွဲ့သာသာ ဘဝမှ ဂုဏ်သိက္ခာမြင့်မားသော၊ နိုင်ငံအနှံ့ကျယ်ပြန့်သော အမျိုးသားသူရဲကောင်းများ၊ လူတန်းစားသူရဲကောင်းများဖြင့် ဖွဲ့စည်းထားသော ပါတီကြီးတရပ်ဖြစ်လာခဲ့ပေသည်။

ဒုတိယကမ္ဘာစစ်တည်းဟူသော ပြင်းထန်ကြီးမားလှသည့် စမ်းသပ်ပွဲကြီးအတွင်းတွင် နိုင်ငံရေးပါတီဟောင်းအားလုံးတို့ ငြိမ်ချုပ်ခဲ့ကြပြီး နိုင်ငံရေးပါတီသစ်များ ပေါ်ထွက်လာခဲ့ကြသည်။ ဤနိုင်ငံရေးပါတီသစ်များထဲတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည်အကြံ့ခိုင်ဆုံး၊ ဂုဏ်သိက္ခာအရှိဆုံးနှင့် အတင်းကြပ်ဆုံးသော စည်းကမ်းရှိသည့် ပါတီဖြစ်ပေသည်။

ဤကဲ့သို့သောဂုဏ်အင်္ဂါလက္ခဏာများကို ဗမာပြည်ကွန်မြူနစ်ပါတီသည် အလိုအလျောက် မတော်တဆရရှိလာခဲ့ခြင်းမဟုတ်၊ ပါတီဝင်များ၏ ပစ္စည်းမဲ့လူတန်းစားအသိရှိမှု၊ တော်လှန်ရေးအပေါ် သစ္စာရှိမှု၊ ခံနိုင်ရည်ရှိမှု၊ ကိုယ်ကျိုးစွန့်မှု၊ ရဲရင့်မှုတို့ကြောင့်၎င်း၊ ပါတီအနေနှင့် ကျယ်ပြန့်သော ပြည်သူလူထုကြီးနှင့်တသားတည်းရှိမှု၊ နိုင်ငံရေးသေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်မှန်ကန်မှုတို့ကြောင့်၎င်း ရရှိလာခြင်းဖြစ်ပေသည်။

ဗမာပြည်ကွန်မြူနစ်ပါတီ၏သက်တမ်း : ၄၅ နှစ်တွင် အနှစ် ၄၀ နီးပါးကာလသည်လက်နက်ကိုင် တိုက်ပွဲ ဆင်နွှဲသည့်ကာလဖြစ်ပေသည်။ လက်ရှိ ဆင်နွှဲနေသော ပြည်သူ့ဒီမိုကရေစီလက်နက်ကိုင်တော်လှန်ရေးသည်ပင် ၃၆ နှစ်ကျော်ခဲ့ပေပြီ။ ထို့ကြောင့် ပါတီ၏ သမိုင်းသည် လက်နက်ကိုင်တော်လှန်ရေး သမိုင်းဟူ၍ပင် ပြောနိုင်ပေသည်။

လက်နက်ကိုင်တိုက်ပွဲ တိုက်နေ၍သာလျှင် ဗမာပြည်ကွန်မြူနစ်ပါတီ တည်ရှိနေနိုင်ခြင်းဖြစ်ပေသည်။ လက်နက်ကိုင်တိုက်ပွဲသာမရှိပါက ဗမာပြည်ကွန်မြူနစ်ပါတီသည်လည်း ဆောင်းဦးမှိုပွင့်ခြင်းကို စစ်ပြီးခေတ်တွင်ပေါ်ပေါက်ခဲ့ကြသည့် ပါတီအများအပြား၏ ထိုတောင်းသည့်သမိုင်းများကသက်သေပြသနေပေသည်။ အစိုးရပါတီပင်ဖြစ်စေ၊ လက်မှတ်ရ အတိုက်အခံပါတီပင်ဖြစ်စေ အားလုံးကို စစ်အုပ်စုက နေ့ချင်းညချင်း ဖျက်သိမ်းပစ်လိုက်သည်မဟုတ်ပါလော။ ဤပါတီများသည် ဖျက်စေ ဆိုတော့လည်း ဖျက်သွားခဲ့ကြသည်။ စုတ်စ မြုတ်စ ပျောက်ကွယ်ခဲ့ကြသည်။ "ဖျက်စေ" ဆိုတိုင်းသာဖျက်ရပါက ဗမာပြည်ကွန်မြူနစ်ပါတီသည် ၄၅ နှစ်မပြည့်ခင် ၄၅ နာရီပင်တည်ရှိခဲ့မည်မဟုတ်ပေ။ အင်္ဂလိပ်နယ်ချဲ့သည်၎င်း၊ ဖက်ဆစ်ဂျပန်သည်၎င်း၊ ဖဆပလအာဏာရှင်အစ ယခုမဆလ စစ်အစိုးရ အထိ ဘယ်သူကမှ ဗမာပြည်ကွန်မြူနစ်ပါတီတည်ရှိခြင်းကိုသွင့်မပြုခဲ့ကြပေ။ "ဖျက်စေ" ဟူသောချက်လွှတ်အမိန့်ထုတ်ခဲ့ကြသည်ချည်းပင်။ ပါတီကို 'တွေ့ရာသင်္ချိုင်း မီးမသင်း' ဖိနှိပ်ခဲ့ကြသည်၊ ဖော်ပြခဲ့သည့်ပြည်တွင်းစစ်ဖန်တီးသူပင် 'ဖျက်သိမ်း' နိုင်ကြသည်မဟုတ်ပါလော။

မီးကျွန်းယမ်းကျွံ ဖိနှိပ်ဖျက်ဆီးနေသည့် ကြားကပင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ကြီးထွားလာခဲ့၏၊ လူလားမြောက်လာခဲ့၏၊ ရင့်ကျက်လာခဲ့၏။ ယခုအခါတွင် ဗမာပြည်ကွန်မြူနစ်ပါတီသည် ဗမာပြည်

တွင် သက်တမ်းအကြီးဆုံး၊ ဝါအရင့်ဆုံးပါတီဖြစ်ခဲ့ပေပြီ။ ဖောက်ပြန်ရေးအုပ်စုသားများက အနှစ် ၄၀ ဖျက်စေဦးတော့ ဗမာပြည်ကွန်မြူနစ်ပါတီသည် ပျက်ပြုန်းသွားမည်မဟုတ်ရုံမျှမက မိမိ၏သမိုင်းပေးတာဝန်မကျေပြွန်မချင်း ရှင်သန်ကြီးထွားနေမည်သာဖြစ်၏။ ဤရှည်ကြာသောသမိုင်းရေးခရီးစဉ်တွင် ပါတီသည် အတားအဆီးရှိလျှင်ကျော်ဖြတ်မည်၊ အခက်အခဲရှိလျှင်ကျော်နင်းမည်၊ လဲလျှင်ပြန်ထမည်၊ ရှုံ့လျှော့စရာရှိလျှင် ရှုံ့လျှော့မည်၊ သမိုင်းပေးတာဝန် ကိုတော့ မည်သည့်နည်းနှင့်မှ အပျက်ခံမည်မဟုတ်ပေ။

မာက်စ်နှင့်အိန်ဂယ်တို့က "လူ့အဖွဲ့အစည်းသစ်ကို သန္ဓေလွယ်ထားရသည့် လူ့အဖွဲ့အစည်းဟောင်းတိုင်း၏ ဝမ်းဆွဲလက်သယ်သည်အကြမ်းဖက်မှုပင်ဖြစ်၏" ဟူ၍လက်နက်ကိုင်တိုက်ပွဲ၏ သမိုင်းရေးအခန်းကို ရှင်းလင်းပြခဲ့ကြပေသည်။ သားသမီးရတနာကိုမွေးဖွားမြင်ရာတွင် မိခင်သည် ဖွားမြင်မှုဝေဒနာကို ခံစားရသလို လူ့အဖွဲ့အစည်းသည်လည်းခံစားရပေမည်။ အနာသလျှင် ဖြတ်တောက်ခြင်း၊ လျှော့ပေါ့ခြင်း၊ ကြာရှည်ခြင်း၊ ဝိုတောင်းခြင်းတို့သာ ကွာခြားပေမည်၊ နာကျင်မှုကိုကား ရှောင်လွှဲ၍ရမည်မဟုတ် ဟူ၍လည်း အခါအားလျော်စွာ ပြောကြားခဲ့ကြသည်။

ဗမာပြည်သစ်ကိုမွေးဖွားရေးအတွက်ဗမာပြည် ပြည်သူလူထုကြီးသည်၎င်း၊ ဗမာပြည်ကွန်မြူနစ်ပါတီသည်၎င်း၊ မည်သို့သောနာကျင်မှုမျိုး ကိုမဆို ရင်ဆိုင်ကာ လက်နက်ကိုင်တော်လှန်ရေး ကို အောင်မြင်သည်အထိ မဆုတ်မနစ် တိုက်ခိုက်သွားကြမည် ဖြစ်သည်။ ဤနာကျင်မှုဝေဒနာကို ကျော်ဖြတ်ပြီးသည့်အခါတွင်၊ လုံးဝလွတ်လပ်သော၊ ပြည်သူများလွတ်မြောက်ပြီး သာယာစည်ပင်ဝပြောသော၊ လူမျိုးပေါင်းစုံပြည်သူတို့ တန်းတူရည်တူ ဖွံ့ဖြိုးသွေးစည်းညီညွတ်သော၊ ဗမာပြည်သစ်ကိုမွေးဖွားသန့်စင် လာလိမ့်မည် ဖြစ်ပေသည်။

စာတည်းအဖွဲ့





# ဩဂုတ်၏အရိပ်

ရွှေဒေါင်း

တော်လှန်ရဲတည့်
ဩဂုတ်၏အရိပ်
နှလုံးသားထဲ ညိတ်တွယ်
မြစ်လယ် ချောင်း ကြား
တောများ တောင်များ
ဖိတောင်းသွားသည်
အာရုံနီ၏ တွန်ကြူးသံ ။

ကြာခဲ့လေပြီ
ဂုဿီတာရာသုံးဆယ့်ငါး
ထယ်ဝါခန့်ညား
မှုန်ဝိုင်းကြားမှာ
ရွေးမွှားလာသည်
ပဒ္မမြားရည်ရွှန်းလဲ့
အသစ်ရဲ့ ပထမ
မြူးကြွလှပသစ်လွင်နေ့ ။

အပေါင်းကိုရိုက်ချိုး
စိုးမိုးသည့်အသစ်
အနှစ်ရှိရှိ
သမိုင်း၏ ပန်းချီ
ပီပြင်ထင်ရှား
မိုးကြိုးသွားမှု
ထက်ထက်ရှ ။

ဂုဏ်နှင့်တံရင်
ပေါင်းဝင်ခိုင်ခန့်
မလန့်မကြောက်
တောက်တောက်ပပ
တက်ကြွရွှင်လန်း
အနာဂါတ်ပန်းတိုင်
လန်းလန်းဖြေ ။

တော်လှဲတံခွန်း
မိုးလုံးညီမ့်ညွှတ်
အားမာန်အပြည့်
ရှိန်ဟုန်သတ္တိမယုတ်
ဓမ္မဂျူ ရှေ့ပြီ
အနီတွေ အနီတွေ
အနီတွေ လွှမ်းစေဘို့ ။




## ထွန်းနေအောင်

၁၉၇၆၊ လွတ်မြောက်ဒေသအသွား

"ကဲ......" တဲ့
ဒါဘဲ
ဘာမှလဲဆက်မပြော
ပြောစရာလဲမရှိ
တယောက်ကိုတယောက်ကြည့်
ငြိမ်သက်နေမိကြတာ
သုံးစက္ကန့်လောက်ရှိမလားဘဲ
ဆုပ်ထားဆဲ လက်ချင်းသာ
တအား တခါညှစ်ကာ
ညာကနေ လှည့်သွား
လူ့အုပ်ကြား ပျောက်သွားတယ်
နောက်ပါးမယ်ကျန်ရစ်သူမှာ
စိတ်ထဲမှာ ပြောကျန်ရစ်တယ်
"ခင်ဗျား အယောင်သွားနှင့်ပါ။"

၁၉၇၉၊ ဒေသသစ်အသွား

ကျောင်းကလေးနံဘေး
ကျောက်စရစ်မွှေးမွှေးပေါ်မှာ
မနှာကျိုးရှု ပြုံးနေတဲ့
ဖြူဖါဖါမျက်နှာကို
ကိုယ်ကလဲပြုံးကြည့်ပြီး
ခပ်ညည်းညည်း ပြောမိတယ်
"ခင်ဗျား အယောင်သွားနှင့်ပေါ့" လို့။

၁၉၈၂

တနေ့
တောင်ယာတွေမှာ
နက်ပြာမှုမှု၊ ပြာမှုန်စတွေ
လေဟုန်စီးလျက်
ကိုယ်ပေါ်သက်နေချိန်မှာ
ကြွေဝတ်လွှာ သတင်း
ရဲဘော်ချင်း သယ်လာသမို့
ဆို့နင့်မှုယ်ကြားရတယ်
"ရဲဘော် ကြည်မိန် -----"
------ ကျသွားပြီတဲ့ ---
မိနစ်အတန်ကြာ
ငိုင်ကျသွားရာက
ခဏနေမှ၊ ပစပ်ကထွက်သွား
သန္နိဋ္ဌာန် အလားဘဲ
"ရဲဘော် အယောင်သွားနှင့်ပါ" ----။

အချေးချေးဆုံး နေ
အဖြူစင်ဆုံး လေ
အကြည်လင်ဆုံး ရေ
အသန့်ရှင်းဆုံး မြေနဲ့
ရက်ရှည်လများ
မြဲမြဲမှီးဆောင်ထားတဲ့ပန်း
ငါ့ဂုဏ်သိက္ခ နှင်းဆီပန်း ။


ရိုးအလှ
နှင်းအလှ
အပူဒဏ်တွေကို
အံတုယှဉ်းက
ဖူးရာမှွေး
ပွင့်ရာမွှေး
ဦးဦးဖွင့်ဖွင့်
တင့်တင့်တယ်တယ် ။

ခုတော့
မြိုင်ဘက်ဟင်းတဲ့
ဒီနှင်းဆီကို
သူငယ်ချင်းက လိုချင်နေရှာ ။

အမေကလဲ
ငါ့ပေးပါသားရယ်တဲ့
သက်ထားကလဲ
ချွန်သဲကိုပေးပါ မောင်တဲ့ ။

ဒါပေမဲ့
ငါ
ငါ
ငါ - - - - - ။

" နောင်ဝိုးတိုက်ပွဲ " မှ
ရှိရင့်သွားပါဝင်ခဲ့သူ
ဂုဏ်ပြောင်သွား ပြန်လာခဲ့သူ
သူတို့အားလုံးအတွက်
မြေးကြိုကာမ်းဆက်လိုက်လေရှ ။ ။





[ " နောင်ဝိုးတိုက်ပွဲ " ။ ။ ၁၉၈၄ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ရှမ်းသူကြေးစား တပ်မ ( ၅၅ ) ၏လက်အောက်ခံ ခြေမြန်တပ်ရင်း ( ၁၄ ) နှင့် ( ၁ ) ၊ တခွဲခင်အားကို ရှမ်းပြည်အလယ်ပိုင်း " နောင်ဝိုး " တွင် ချေမှုန်းလိုက်သည့် တိုက်ပွဲဖြစ်သည် ။ ]

မြရောင်စိမ်းညို့
    တောတောင်ဆို့တက်
    ရစ်ဖို့မြုံနှင်း
    ရွှေသီဆင်းလာ
    ရှက်ရှုန်းဦးတွဲ
    မျက်ရည်ရွှဲသို့
    ပုလဲပေါက်သီ ယိုကျသည် ။

မြကမ္ဗလာ
    မြန့်စိမ်းဖြာမှာ
    မြေစာမြက်နု
    မျက်ရည်ဥစီ
    ကျလုယောင်နိုး ။

တစက်ပေါက်ပေါက်
    နှင်းဖျောက်ဖျောက်သည်
    ကြွေကျောက်စုစည်း
    အိမ့်စမ်းတဉ်းမှ
    သွယ်စီးမလာ နိုင်ပါလား ။



# ဒေါင်ပွဲသို့


ရဲဘော်သန်းညွှန့်

မိုးသက်လှုန်းတိုင်း
    လေနီကြိုင်းကြွ
    ထစ်ခြိမ်းပဲ့ပြင်
    ဗွာရန်ဆင်ပြီ
    မြေပြင်ပေါ်သက်
    သွေးရည်စက်တို့
    ပေါင်းဖက်စီးဝင်
    ချောင်းရေလျှင်သည်
    မြက်ပင်ထက်မှ
    မျက်ရည်စကို
    ဘဝမင်လယ်
    ဒေါင်မွဲနယ်သို့
    ပို့သယ်ပေးလိမ့်မည်တကား ။ ။

[ 'ရဲဘော်သန်းညွှန့်' ဟာ ရှမ်းပြည်နယ်တောင်ပိုင်းမှာ ကာလလတ အဖွဲ့နဲ့အတူ တာဝန်ယူလှုပ်ရှားယင်း
- ၁၉၇၂ ခုနှစ် ဧပြီလအတွင်းမှာ ကျဆုံးသွားခဲ့ပါတယ်။ ။ ]

# ရိုင်းဖေါမှာ

တင်လင်း



လွှပ်ရှူး တောင်ရိပ်
တိတ်ဆိတ် ငြိမ်သက်
အေးစက်နေ့ည
ချမ်းစမ့ပြ
တောင်မှိုးဝေနဲ့ ။

စမ်းရေစီးသံ
နာခံမပြတ်
တောင်ပြတ်စီးသွန်
ရှုတ်ချွန်လော ။

ကျောက်ဝှူး ကျောက်ဆောင်
သင်မဲ တောင်မြူး
မျှက်တောင်တော ညှိုး
မျှပ်ဝပ်ကျိုး၏ ။

ကျောက်စီလမ်းမှာ
ကမ္ဘာရွာလေ
ကာလရှည်တာစ
ပိတ်ကျွလှောင်စင်
အိပ်မက်ခင်ရေ
ချယ်ရီချေယူ
ကျူမင်တန်မရှိ
ကြေးစားမရှိ
မိခင်ပါတီ
ထိုနောက် အနီရောင်ချွန်သူများ ။

လွှယ်ဖူး တောင်မ
ကြည့်တိုင်းလှိုင်
ဘဝခရီး နှင်လေဦး ။ ။

** တချို့က

တထစ်ပြီးတထစ်
တရစ်ပြီး တရစ်
ဆုတ်နစ်ပျက်ပြား
'တွား' သွားရာက
ချွတ်ခြုံကျ × ×

** တချို့ကျတော့

အစမှာ ပေါ်လစီဖြစ်
နောက်တော့ မင်ဒွီဖြစ်
ဖြစ်လိုက် ပျက်လိုက်
ဈေးကတာက်မှာ
ဝယ်စင်းကာ -
ပါတီကိုပစ်
သစ္စာဖောက် - ဖြစ်ခဲ့ကြ × ×

** ဒီအထဲမှာ

အာဇာနည်နဲ့
ပြည်သူမပါ
ဦးမပါဘူး × ×

** နောင်တခေတ်

တော်လှန်စစ်သက်တမ်း
ခရီးကြမ်းကို
မှတ်တမ်းတင်ရာမှာ
ငါလဲပါချင်
သူပါချင်နဲ့
'ဂျူ' ခြင်းတယ်ကာ
ဖိုးပါချင်တွေ
ပါဘို့အရေး
ခွင့်ရေးတောင်းဆိုလိမ့်အုံးမယ် × ×

** မှတ်တမ်းထဲမှာ

သစ္စာဖောက်တို့
လောက်ကောင်တို့
လက်နက်ချတို့
'ငပွ' တို့ -
မပါရေဘူး × ×

** ဒီအထဲမှာ

ပါတီနဲ့ အတူ
ပြည်သူနဲ့ တွဲ
သင်္ချိုလက်ကျက်
ခရီးဆက်သူတွေသာ
ပါရလိမ့်မယ် ။ ။



# သွေးထဲကအမေ

မောင်လှဝင်း(မြင်းခြံ)

(၁)

- မျက်စိကိုမှိတ်လဲ
  အိပ်မပျော်နိုင်ဘူးအမေ ။
- ညဥ့်သန်းခေါင်ဟာ
  မှောင်လှတယ်အမေ ။
- ဟိုဘက်တောအုပ်က
  တဖြုတ်ဖြုတ် ရွက်ကြွေသံတွေ
  ကြားနေရတယ် ။
- တောအုပ်ဟိုဘက်၊ အမှောင်နက်ထဲ
  တလက်လက်နဲ့
  ညဥ့်နက်လေ လှလေ
  ညဥ့်နက်လေ ဝင်းလက်လေ
  ပိုးစုန်းကြူးငယ်တွေ
  ကြယ်ပွင့်ငယ်တွေ - - - ။
- ဆောင်းမြူတွေဆိုင်း
  ရှစ်ကားပိုင်းချက်
  မျက်စိကို လာပိတ်တယ်ပါ ။
- တောအုပ်ဟိုဘက်၊ အထက်ရွာ
  ရွာအထက်က
  မီးခွက်မှိန်လျက်၊ တလက်လက်နဲ့
  မအိပ်စက်နိုင်သေးသူ အမေတွေ - - -
- သူတို့ရွာထဲမှာ၊ ဆေးကြိုးသေသူတို့ရဲ့ရင်ထဲမှာ
  ဘယ်သူလာထည့်သလဲ
  သားကိုချစ်တဲ့ အချစ်တွေ ။
- ဂီဒီပ်ယာဘော
  ပိုးဆော ၊ ဘားဝေသနဲ
  အမိမ်းရောင် ဆေးအိတ် ။
- အိပ်ယာဘေးမှာ
  ကာဒိုင် နဲ့ ကျည်အိတ် ။
- စာအုပ် မင်တံ ၊ ဆေးလိပ်နဲ့
  ကျော - - - -
  အိပ်ယာဘေးမှာ ။
- ခါတွေက
  ဝတောင်ပေါ်နေ
  အမေ့တို့ အတွက်ပါဘဲ ။
- တောတောင် သားရဲတွေ
  ပြေးနေ လွှားနေ၊ အော်မြည်နေသံ
  အသိုက်တဲတွင်၊ မိခင်ရင်မှာ
  ငှက်ငယ်လေးများ
  နွေးထွေးလျက်၊ အေးမြလျက် ။

(၂)

- ဦးအက်မြစ်းမှာ၊ ရေစီးမြည်လှသလဲ
  တမြိုင်းကမ္ဘာ၊ မှောင်ခဲပါ
- အမှောင်ထဲမှာ အမေ
  အမေနဲ့ပျက်ရှည်စာ၊ ... အမေ့ရဲ့ဆုံး
  အမေနဲ့ဝေးနေများ
  သားလွမ်းမြင်နေရတယ် ။
- ဝတောင်ပေါ်က အမှောင်နဲ့
  မြေမြန့်သိုင်း၆ေ
  မြေမြန့် မှာ တောက်
  တောင်ပေါ်တိုရောက်လာတယ်
  မင်းလာမမြဲဘူး အမေ ။
- မြေမြန့် မှာနေ
  အမေ့ရဲ့မျက်ရေ
  မြေမြန့် မှာနေ
  ရဲဘော်တွေက
  သိမြင်ကြတယ်
  နားလည်တယ်
- အမေကို အမေ့ကို
  သူတို့ကြောင့်
  ကျန်အောင်ကြွေတဲ့အခါ
  ရဲဘော်တွေဟာ
  သားတွေပါဘဲ ။

(၃)

- ဝတောင်ပေါ်မှာ
  ကျနော်တို့ မှာ
  အမေများစွာနဲ့ ။
  မြေမြန့် မှာ
  အမေ မှာ
  သားများစွာနဲ့ ။
- ဝတောင် ပေါ်နေ
  အမေများအတွက်
  ချွေးတော်စို - - - ။
  မြေမြန့် နေ
  အမေ များအတွက်
  သွေးစို - - - ။

(၄)

- အမေသေသည့်တိုင်
  သားမွေးသန့်ကြေ၊ သေပျော်ပြီ ။
  သားသေသည့်တိုင်
  အမေ မြေပါဒ်၊ နေပျော်ချိမ့် ။
- ရင်ထဲ မှာ အမေ
  သွေးထဲ မှာ အမေ
  မသေနိုင် ပါ
  တာဝန်ရှိတွင်ဆင်းနေပေလိမ့် ။





# မာ့က်စ်အိန်ဂယ်

## အမျိုးသားစစ်

သင်

[၁]

မာ့က်စ်ဝါဒကို လေးလေးနက်နက်လေ့လာလိုသူတိုင်းဟာ မာ့က်စ်အိန်ဂယ်တို့ရဲ့ကျမ်းရင်းများနဲ့ တွဲပြီး၊ သူတို့ရဲ့ပေးစာများကိုပါ လေ့လာသင့်ပါတယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ကျမ်းတခုခုပြုစုတော့မယ်ဆိုယင် သက်ဆိုင်ရာဘာသာရပ်နဲ့ဆိုင်တဲ့ စာအုပ်စာတမ်းများကို လေ့လာတာ၊ မိမိတို့ဦးချင်းစဉ်းစားတွေးတောတာလုပ်ကြရုံမက သူတို့အချင်းချင်း စာရေးပြီးအပြန်အလှန်ညှိနှိုင်းကြတာ၊ ရင်းနှီးတဲ့လုပ်ဖော်ကိုင်ဖက်များနဲ့တိုင်ပင်ညှိနှိုင်းတာတွေလဲ လုပ်လေ့ရှိပါတယ်။ ဒါကြောင့် သူတို့ရဲ့ပေးစာတွေမှာ ပုဂ္ဂလိကကိစ္စ၊ အိမ်တွင်းရေးကိစ္စ၊ စတဲ့လူမှုလောကဆိုင်ရာ ကိစ္စများအပြင် သူတို့ရေးနေတဲ့ကျမ်းအာဘော်နဲ့ပါတ်သက်ပြီး၊ ညှိနှိုင်းတိုင်ပင် အကြံဥာဏ်ယူတာတွေကိုလဲ တွေ့ရပါတယ်။ စာအုပ်ကိုဘယ်လိုပုံနှိပ်ရေး မြေ၊ ဘယ်ပိုဒ်တွင်းသဘောပါမပါ ဆိုတာကအစ ဖော်ပြရမဲ့အကိုးအကားတခု၊ ပေးရမဲ့အသုံးအနှုန်းတခုအတွက်ပါ တိုင်ပင်ညှိနှိုင်းကြတာ တွေ့ရပါတယ်။ ဒါကြောင့် မာ့က်စ်အိန်ဂယ်တို့ရဲ့ကျမ်းရင်းများကိုလေ့လာယင် သူတို့ရဲ့ပေးစာများကိုပါတွဲပြီး လေ့လာသင့်တာပါဘဲ။ ဒီလိုလုပ်ယင် အယူအဆတခု၊ အသုံးအနှုန်းတခုဖြစ်ပေါ်လာတဲ့ ဖြစ်စဉ်ကိုပါ တွေ့နိုင်ပြီး ပိုမိုသဘောပေါက်နိုင်ပါတယ်။ မာ့က်စ် နဲ့ အိန်ဂယ်တို့ရဲ့ပေးစာများမှာ အချင်းချင်း အားပေးချီးကျူး တာတွေအပြင် အချင်းချင်းဝေဖန်တာတွေကိုလဲ တွေ့ရပါတယ်။ ကမ္ဘာ့သမိုင်းမှာ ဘယ်တုံးကမှမပေါ်ပေါက်ခဲ့ဘူးတဲ့ ထာဝစဉ်ရှင်သန်စိုပြေနေမှာလဲဖြစ်တဲ့ဝါဒအသစ်ကို ဖန်တီးခဲ့ကြတဲ့ ပုဂ္ဂိုလ်ကြီးနှစ်ဦးရဲ့ တဦးအပေါ်တဦး လူတန်း စား မေတ္တာနဲ့ ရဲဘော်ရဲဘက်စိတ်ထားရှိပုံတို့ဟာ အတုယူစရာကောင်းလှပါတယ်။

မာ့က်စ်အိန်ဂယ်တို့ရဲ့ပေးစာများကို ရှိနိုင်သမျှစုဆောင်းကြသူ၊ စုဆောင်းမိသမျှကို ပုံနှိပ်ထုတ်ဝေသူကို လီနင်ဟာ အမြဲမပြတ်ချီးကျူးခဲ့ပါတယ်။ အောက်တိုဘာတော်လှန်ရေးကြီး အောင်ပွဲခံပြီးနောက်မှာတော့ အခြေအနေအချက်အလက်တွေက ပိုကောင်းလာတဲ့အတွက် ပေးစာတွေရဲ့ စာမူရင်းတွေ၊ ဓါတ်ပုံကော်ပီတွေကို အီးသန့်ဌာနဖွင့်ပြီး သိမ်းဆည်းထားနိုင်ခဲ့တယ်။ ပထမဆုံးအကြိမ် ရုရှားဘာသာနဲ့လဲ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့တယ်။ အတွဲကြီးပေါင်း ၉ တွဲရှိပါတယ်။ ၁၉၁၃ ခုနှစ်ကလဲ ဂျာမဏီပါတီဟာ မာ့က်စ်အိန်ဂယ်တို့ရဲ့ စာပေါင်း ၁၃၈၆ စောင်ပါတဲ့ အတွဲကြီး ၄ တွဲပါစာအုပ် ထုတ်ခဲ့ဘူးတယ်။ ဒါကို လီနင်က ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့တယ်။ ၁၉၁၃ ခုနှစ်မှာဘဲ "မာ့က်စ် အိန်ဂယ်တို့ရဲ့ ပေးစာများ" ဆိုတဲ့ခေါင်းစဉ်ရေးပြီး ဒီစာအုပ် နဲ့ ပါတ်သက်တဲ့ မှတ်ချက်လဲ ပေးခဲ့တယ်။ ဂျာမဏီကထုတ်ဝေတဲ့ စာအုပ်ကို ဘန်းစတိန်းက တည်းဖြတ်အမှာရေးပြီး ထုတ်ဝေခဲ့တာဖြစ်လို့ လီနင်ကမကျေနပ်ကြောင်း ဖော်ပြခဲ့တယ်။ အလွန် အလွန် အချောင်သမားဆန်တဲ့ ပြန်လည်ပြင်ဆင်ရေးသမား ဘန်းစတိန်းက "အစမှအဆုံးတိုင် တော်လှန်ရေးစိတ်ဓါတ်ဖြင့် ပြည့်ဝနေသော ကျမ်းစာများ ကို

# တို့ရဲ့ပေးစာများအတွင်းက
## န်ပြည်တွင်းစစ်ဆိုင်ရာ

### ကြားချက်အချို့

မတည်းဖြတ်သင့်ပေ" လို့ရေးခဲ့တယ်။ ဂျာမန်ဘာသာနဲ့ထုတ်တဲ့ စီးဘေ့ဝ်ပ်ဆိုတဲ့ အမှာကျီးကြွေးရှာ အမှာ သန်းစေထိန်း ဟာ မာ့က်စ်နဲ့အိန်ဂယ်လ်တို့ရဲ့ တချို့သောအမြင်တွေဟာ မှားထယ်လို့ ရေးထားပါသေးတယ်။ ဒီဟာသန်းစေထဲ မှသိန်း ပါဘူး၊ ဘန်းစထိန်းဟာနောက်ဆုံးမှာ မြန်လည်ပြင်ဆင်ရေးသမားတဦးအဖြစ် အော်သိမ်းခဲ့သူ မဟုတ်ပါလား။

မာ့က်စ်နဲ့အိန်ဂယ်လ်တို့ရဲ့ပေးစာများဟာ ၁၈၄၄ ခုနှစ်က ၁၈၉၅ (အိန်ဂယ်လ်ကွယ်လွန်တဲ့နှစ်) အထိ ၅၂ နှစ်အတွင်း ရေးခဲ့တဲ့စာတွေဖြစ်တယ်။ ဒီနှစ် ငါးဆယ်တွေဟာ လူ့သမိုင်းမှာ အရေးကြီးတဲ့ ကာလပိုင်းဖြစ်တယ်။ ခေတ်သစ်ဆိုရှယ်လစ်ရေးရာတွေ စတင်ထွက်ပေါ်ခဲ့တဲ့ကာလပဲ။ ဒွေ့ဒ်ဆိုရှယ်လစ်လှုပ်ရှားမှုအဆင့်အတန်းသား ခေတ်ကအဆိုပါ အခန်းအဝိုင်းအတွင်းက ညှို ထွက်ပေါ်လာခဲ့တဲ့အချိန်ပဲဖြစ်တယ်။ ပေါ်ပေါက်ခဲ့တဲ့ကာလပိုင်းအ မှီခိုကင်းတဲ့ အလုပ်သမားလူတန်းစားလှုပ်ရှားမှု ပေါ်ထွန်းလာတဲ့ ကာလပိုင်း ဖြစ်လို့ လူ့သမိုင်းမှာ အလွန်အရေးပါတာပါဘဲ။

အလုပ်သမားလူတန်းစားဟာ သမိုင်းမှာထွက်လာတဲ့ အင်အားစုအဖြစ် မိုင်းပေါ်ရောက်လာနိုင်ပါ တက်မလာခင်ကဆိုရင် အလုပ်သမားလူတန်းစားဟာ နေ့ရှင်တွေရဲ့ နောက်ပိုးထွဲ ဖြစ်နေခဲ့တယ်။ ဆိုရှယ်ဒီမိုက ရေစီတော်လှန်ရေးအတွင်းမှာ တိုက်ခိုက်ရေးတပ်သားအသန်းအနေသာ ပါဝင်နေခဲ့တယ်။ ဓနရှင်လူတန်းစားဘက်က ထုတ် ပြန်ထားတဲ့ "လွတ်လပ်မှု" "တန်းတူညီမျှမှု" "ညီရင်းအစ်ကိုပမာချစ်ကြည်မှု" ဆိုတဲ့ကြွေးကြော်သံ အောက်မှာ မှိုင်းမိနေကြတယ်။ ဓနရှင်လူတန်းစားကို မိမိတို့ရဲ့ရန်သူအဖြစ် မမြင်ဘဲ ဆရာရှင်လူတန်းစား ရဲ့ ရန်သူ ပဒေသရာဇ်မြေရှင်လူတန်းစားကိုသာ မိမိတို့ရဲ့ရန်သူအဖြစ် မြင်နေကြတယ်။ ပဒေသရာဇ် စံနစ် အောက်ကလွတ်ရင် ဆိုရှယ်လစ်စံနစ်ကို ရောက်ကိုရောက်မယ်လို့တောင် ထင်နေကြတာရှိတယ်။ ဒီတော့ လဲ သူတို့ဟာ စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒ မှိုင်း မိနေကြတယ်။

ဒီလိုအခြေအနေမှာ မာ့က်စ်နဲ့အိန်ဂယ်လ်တို့ဟာ အနှိုင်နိုင်ငံက အလုပ်သမားတွေကို သူတို့ရဲ့အခန်းတွေကိုသိတို့၊ သူတို့ရဲ့တွေ့ကြုံမှုနဲ့ သူတို့ရဲ့သမိုင်းပေးတာဝန်တွေကိုသိဘို့၊ မမောမ နားမ တမ်း သွန်သင်ခဲ့ကြရတယ်။ လက်တလော ပေါ်ပေါက်နေတဲ့ အရေးအခင်းများမှာ အလုပ်သမားလူတန်းစား ဟာ ဘယ်လိုရပ်တည်မှု ယူရမယ်၊ ဘယ်လိုပေါ်လစီ ချမှတ်ကျင့်သုံးရမယ်၊ ဘယ်လိုခြေလှမ်းမျိုး လှမ်း ရမယ် စသဖြင့် တခုလုံးကို ချမှတ်ပေးခဲ့ပါတယ်။ အဲဒီခေတ်ကာလက ဖွံ့ဖြိုးရောက်နေတဲ့ နိုင်ငံတိုင်းက အလုပ်သမားလူတန်းစားအတွက်၊ သေနင်္ဂဗျူဟာ နည်းပရိယာယ်တွေကို ချမှတ်ပေးခဲ့တယ်လို့ ဆိုနိုင် ပါတယ်။

၁၈၇၀ နဲ့ ၁၈၈၃ ခုနှစ်တဝိုက်က တတိယမြောက် နပိုလီယံဘုရင်အုပ်ချုပ်နေတဲ့ပြင်သစ် နဲ့ ဝန်ကြီးချုပ် ဘစ်စမတ်ဦးဆောင်နေတဲ့ ဂျာမဏီတို့ စစ်ဖြစ်ကြတယ်။ ဒီအခါမှာ ဂျာမန်နဲ့ပြင်သစ်အလုပ်သ

များတွေအတွက် စစ်နဲ့ပါတ်သက်တဲ့ ပေါ်လစီချမှတ်မှု အရေးတကြီးလိုအပ်လာခဲ့တယ်။

၁၈၇၀ ခုနှစ် ဩဂုတ်လ ၁၅ ရက် ရက်စွဲနဲ့ မာ့က်စ်ထံသို့ အိန်ဂယ်ရဲ့ပေးစာမှာ..

“ဒီကိစ္စ ( ပြင်သစ်ဂျာမန်စစ်ပွဲကိုဆိုလိုသည်။ ဘာသာပြန်သူ ) က အောက်ပါအတိုင်း ဖြစ်ဟန်တူတယ်လို့ ကျုနော်ထင်တယ်။ ဂျာမဏီက သူ့အမျိုးသားတည်တန့်ရေးအတွက် စစ်တိုက်လာရအောင် နပိုလီယံက လုပ်လိုက်တာဘဲ။ နပိုလီယံနိုင်သွားရင် ဘိုနာပတ်တီဇံဟာ နှစ်ပေါင်းများစွာ အားကြီးနေလိမ့်မယ်၊ ဂျာမဏီဟာလဲ နှစ်ပေါင်းများစွာ ဦးကျိုးသွားလိမ့်မယ်။ မျိုးဆက်အတော်များများတိုင်အောင် ဦးကျိုးသွားတာတောင် ဖြစ်နိုင်တယ်။ အဲဒီလိုဖြစ်သွားရင် အမှီခိုကင်းတဲ့ ဂျာမန်အလုပ်သမားလူတန်းစားလှုပ်ရှားမှုဆိုတဲ့ ပြဿနာလဲရှိတော့မှာ မဟုတ်ဘူး။ ဂျာမဏီရဲ့ အမျိုးသားတည်ရှိရေးတိုက်ပွဲက အားလုံးကို လွှမ်းခြုံသွားမှာဘဲ ------------------------------ ဂျာမဏီကနိုင်လိုက်ရင်တော့ ပြင်သစ်ဘိုနာပတ်တီဇံဟာ ဘာဘဲဖြစ်ဖြစ် ချေမှုန်းခံလိုက်ရမှာဘဲ၊ -------- ဂျာမန်အလုပ်သမားတွေဟာ အခုအချိန်ထိဖြစ်နေသလို မဟုတ်ဘဲ တမျိုးသားလုံးအတိုင်းအတာအရ စည်းရုံးလာနိုင်မှာဘဲ၊ ပြင်သစ်အလုပ်သမားတွေ အတွက်လဲ ‘ပြင်သစ်ပြည်မှာ ဘယ်လိုအစိုးရမျိုးဘဲတက်လာတက်လာ ဘိုနာပတ်တီဇံအောက်မှာထက်တော့ ပိုပြီးလွတ်လပ်မှာ သေချာတယ်။” လို့ရေးခဲ့တယ်။ ဆက်ပြီးတော့လဲ ----

“ ကျုနော်တို့လုပ်နိုင်တာကတော့ --

(၁) အမျိုးသားလှုပ်ရှားမှုထဲ ဝင်ပြီးပါရမယ်။ ---------ဂျာမဏီပြည်သူကကာကွယ်တဲ့စစ် ဖြစ်နေသမျှကာလပတ်လုံး ဒီစစ်ထဲမှာပါဝင်ရမယ်။ ( ကာကွယ်တဲ့စစ်ဆိုလို့ တခုခုသောအခြေ အနေမှာ ထိုးစစ်မဆင်ရဘူးလို့ မဆိုလိုဘူး။ ငြိမ်းချမ်းရေးရတဲ့အထိ တိုက်ရမယ်။)

(၂) တချိန်ထဲမှာ ဂျာမဏီရဲ့ အမျိုးသားအကျိုးကျေးဇူးဟာ ပရုပ်ရှားမင်းဆက်ရဲ့အကျိုးစီးပွား နဲ့ ကွဲပြားကြောင်းကို အလေးထားရမယ်။

(၃) အဲလ်ဆေ့ နဲ့ လော်ရိမ်းနယ်များကို သိမ်းပိုက်ခြင်းအား ဆန့်ကျင်ရမယ်။ ------။

(၄) ရှော်ဗင်ဝါဒ မကျင့်သုံးတဲ့ သမ္မတနိုင်ငံအစိုးရ ပါရီမှာ အာဏာရလာရင် ချက်ခြင်း ဂုဏ်သိက္ခာရှိတဲ့ငြိမ်းချမ်းရေး ရအောင် လုပ်ရမယ်။

(၅) ဂျာမန်နဲ့ ပြင်သစ် အလုပ်သမားတွေအကြားမှာ တူညီတဲ့အကျိုးစီးပွားတွေ ရှိတယ်ဆိုတာကို အမြဲအလေးထားဘို့ လိုတယ်။ --------။

(၆) ရုရှားကိစ္စကတော့ အင်တာနေရှင်နယ်ရဲ့ ထုတ်ပြန်ချက်မှာပါတဲ့အတိုင်းဘဲ ။

“ လီဘနက်ရဲ့ အယူအဆကတော့ ရိုးရာကောင်းတယ်။ နပိုလီယံဟာ ဘစ်မတ်ရဲ့ အပေါင်းအသင်းဟောင်း ဖြစ်တယ်တဲ့။ ဒါကြောင့် ကြားနေတာ အမှန်ဆုံးဘဲတဲ့။ ” လို့ ရေးခဲ့တယ်။

ဒီစာထဲမှာ “ ဂျာမဏီက ‘အမျိုးသားတည်တန့်ရေး’ အတွက် တိုက်တဲ့စစ် ” လို့ အိန်ဂယ်ကသုံးသပ်တာဟာ၊ အဲဒီတုန်းက ဂျာမဏီရဲ့သမိုင်းရေစီးကြောင်းကို ကြည့်ပြီး ပြောတာဖြစ်တယ်။ အဲဒီတုန်းက ဂျာမဏီဟာ အပိုင်းပိုင်းကွဲနေတဲ့ ဘုရင့်နိုင်ငံကလေးတွေကို နေဖျင်အမျိုးသားနိုင်ငံတော်အဖြစ် စုစည်းနေဆဲကာလဖြစ်တယ်။ ပဒေသရာဇ်ဘုရင့် နိုင်ငံကလေးပေါင်း ၂၂ ခုအထိကွဲပြားနေပြီး လွတ်လပ်တဲ့ မြို့ပြနိုင်ငံက ၃ ခုရှိနေတယ်။ ဒီနိုင်ငံကလေးတွေနဲ့ မြို့ပြတွေကို ပရုပ်ရှားဘုရင်အောက်မှာ စုစည်းလိုက်တာဖြစ်တယ်။ ဒီလိုစုစည်းနေတာဟာ သမိုင်းရုပ်ဝါဒ အမြင်အရပြောရင် တိုးတက်တယ်။ ဒီ အဓိပ္ပါယ်အရ အမျိုးသားတည်တန့်ရေးအတွက် တိုက်တဲ့စစ် လို့ အိန်ဂယ်ကသုံးသပ်တာဖြစ်တယ်။

မာ့က်စ်ကလဲ ၁၈၇၀ ခုနှစ် ဩဂုတ်လ ၁၇ ရက် ရက်စွဲနဲ့ အိန်ဂယ်ဆီကို စာပြန်ခဲ့တယ်၊ အဲဒီတုန်းက အိန်ဂယ်က မန်ချက်စတာမြို့မှာ၊ မာ့က်စ်က လန်ဒန်မြို့မှာ။

“ကျနော့်ခေါင်းထဲစဉ်းစားထားတဲ့ စီမံကိန်းနဲ့ ခင်ဗျားစာထဲမှာပါတာ တွေ

လုံးဝကိုက်ညီပါတယ်။ ဒါပေမဲ့ ဒီလိုအရေးကြီးတဲ့ကိစ္စမှာ – လိဘနက်ရှုံ့ကိစ္စမဟုတ်၊ ဂျာမန် အလုပ်သမားတွေအတွက် အလုပ်လမ်းညွှန်ပေးရမှာဖြစ်လို့ – ခင်ဗျားနဲ့ မညှိနိုင်းဘဲ မလုပ်ချင်ဘူး ။ ” လို့ရေးပြီး အဲဒီစာမှာ ဂျာမဏီက ပြင်သစ်ကိုဝင်တိုက်ရတဲ့စစ်ပွဲဟာ အမျိုးသားစစ်ပွဲ ဖြစ်လာပါဆိုတာကို ရေးထားတယ်။ တခက်တဲမှာ ပရုပ်ရှင်းအုပ်စိုးသူတွေနဲ့ ဂျာမဏီတောင်ပိုင်းသား ဘီယာဆိုင်က မျိုးချစ်တွေက ပြင်သစ်ရဲ့ အဲလ်ဇေ့ နဲ့ လော်ရိမ်း နယ်တွေကို သိမ်းပိုက်ချင်ကြတယ်။ ဒါသာဖြစ်မြောက်သွားရင် ဥရောပအတွက် အရေးသဖြင့် ဂျာမဏီအတွက် အကြီးဆုံးမကောင်းတဲ့ကံကြမ္မာဝင်တာဘဲလို့ ရေးခဲ့တယ်။ ရုရှားသတင်းစာတွေ အားလုံးလောက်ကလဲ ဥရောပမှာ အင်အားချိန်ခွင်လျှာညီမျှစေဖို့ သံတမန်နည်းအရ ဝင်ရောက်စွက်ဖက်ရမယ်လို့ရေးနေကြတာ တွေ့ရလိမ့်မယ်ဆိုတဲ့အကြောင်းကိုပါ ဖော်ပြခဲ့တယ်။

ပြီးတော့လဲအဲဒီစာမှာ ခုခံကာကွယ်ရေးစစ်တိုက်တာဆိုယင် ကိုယ်ကထိုးစစ်မဆင်ရဘူးလို့ မှားယွင်းစွာနားလည်နေကြသူတွေနဲ့ပါတ်သက်ပြီး အခုလိုရေးလိုက်ပါတယ်။

“ကူဂဲလ်မင် ဟာ ကာကွယ်ရေးစစ်နဲ့ ခံစစ် စစ်ဆင်ရေးကို ရောထွေးနားလည်နေတယ်။ သူ့သဘောထားအရဆိုယင် လမ်းပေါ်မှာ လူတယောက်က ကိုယ့်ကိုထိုးကြိတ်သတ်ပုတ်လာရင် ကိုယ့်ကိုမထိုးမိအောင် ရှောင်တိမ်းတာဘဲလုပ်ရမယ် ပြန်ပြီးအလဲမထိုးရဘူး၊ ထိုးမိယင် ကိုယ်ကကျူးကျော်တဲ့လူ ဖြစ်သွားမယ်တဲ့။ ဒီလူတွေ ပြောသမျှမှာ အနုပဋိလောမ လိုနေတာကို တွေ့တွေ့နေရတယ်။ ” လို့ ရေးသားခဲ့တယ်။

ဒီစစ်ပွဲအတွင်းမှာ ပြင်သစ်က အကြီးအကျယ်ရှုံးသွားတယ်။ ဧကရာဇ်ဘုရင် တတိယမြောက်နပိုလီယံကိုယ်တိုင် သုံ့ပန်းဖြစ်သွားတယ်။ ဒီတော့ ဂျာမဏီက ပြင်သစ်ရဲ့နယ်မြေ အဲလ်ဇေ့နဲ့ လော်ရိမ်းကို သိမ်းပိုက်လိုက်တယ်။ မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ဒီကိစ္စကို ဒေါသနဲ့ကန့်ကွက်ခဲ့ကြတယ်။

ပြင်သစ်နဲ့စစ်ဖြစ်မှာကို တာဝစဥ်ကါကွယ်နိုင်ဘို့ ဒီနယ်နှစ်နယ်ကိုသိမ်းရတာလို့ ပြောနေကြတဲ့သူတွေကို မာ့က်စ်က

“ တာဝစဥ်ငြိမ်းချမ်းရေးကို အာမခံနိုင်မဲ့အချက်တွေ့ပါလို့ ပြောနေကြတဲ့ လူဆိုးလူမိုက်တွေ အရူးတွေဟာ ပရုပ်ရှားရဲ့သမိုင်းကို သိသင့်တယ်။ ရှင်သန်တက်ကြွနေတဲ့ပြည်သူတွေကို ငြိမ်ကျသွားအောင်မလုပ်နိုင်ဘူးဆိုတာရယ်၊ ဓါးမိုးအနိုင်ကျင့်ပြီး ချုပ်ဆိုခဲ့တဲ့ နပိုလီယံရဲ့ တီးလ်စစ် စာချုပ်ဟာ မျှော်လင့်ထားတဲ့ ရည်မှန်းချက်ရဲ့ ဆန့်ကျင်ဘက်ကိုသာရခဲ့တယ် ဆိုတါရယ်ကို သိသင့်တယ်။ ( တီးလ်စစ် စာချုပ်ဆိုတာဟာ ၁၈၀၇ ခုနှစ်က ပထမမြောက်နပိုလီယံက စစ်နိုင်ပြီးနောက် အနိုင်အထက်လုပ်ပြီး ချုပ်ခဲ့တဲ့စာချုပ်ဖြစ်တယ်။ ပရုပ်ရှားရဲ့နယ်မြေ တွေကို ခွဲခြမ်းပစ်ပြီး ရုရှား၊ ဒဲက်ဇုံနီ နဲ့ ပိုလန်တို့ကို ပေးပစ်ခဲ့တယ်။ ပရုပ်ရှားစစ်တပ်ကိုလဲ အင်အား ၄၂၀၀၀ အထိဘဲထားခွင့်ပေးတယ်။ ဂျိုင်းမြစ်ရှမ်းပြည်တောင်ရှု ဆိုတာကိုလဲ အသိအမှတ်ပြုလိုက်တယ်။ ဘာသာပြန်သူ ) အဲလ်ဇေ့ နဲ့ လော်ရိမ်းကို ဆုံးရှုံးခဲ့ရတဲ့ ပြင်သစ်ပြည်နဲ့ တီးလ်စစ် ငြိမ်းချမ်းရေးစာချုပ် ချုပ်လိုက်ရတဲ့ ဂျာမဏီပြည်ကို နှိုင်းစာကြည့်ကြပါ ” လို့၎င်း “ ဂျာမန်အလုပ်သမားလူတန်းစားက ထပြီး တသံထည်းနဲ့ မအော်သမျှတော့ ဒီလူဆိုးလူမိုက်တွေ အရူးတွေဟာ အဟာနဲ့အတားမရှိ သူတို့ရဲ့အရူးပွဲတော်ကို ဆက်လက်ကျင်းပနေကြလိမ့်မယ်။ ”

“ ဂျာမန် အလုပ်သမားလူတန်းစားဟာ သူတို့ရဲ့သမိုင်းတာဝန်ကို မထမ်းဆောင်နိုင်ယင် ဒါဟာသူတို့ရဲ့ အပြစ်သာဖြစ်လိမ့်မယ်။ ”

“ ဂျာမန်အလုပ်သမားလူတန်းစားမှာ တာဝန်ကြီးများလာလေပြီ ” စသည်ဖြင့် မာ့က်စ်က ၁၈၇၀ ခုနှစ် စက်တင်ဘာ ၁ ရက်၊ ၅ ရက်နဲ့ ဂျာမဏီပါတီသို့ပေးတဲ့စာမှာ ရေးခဲ့တယ်။

အခုဖော်ပြခဲ့တဲ့စာတွေကို အတိုချုပ်လိုက်ယင် အမျိုးသားတည်တန့်ရေးအတွက် တိုက်ရတဲ့ အမျိုးသားကာကွယ်ရေးစစ် ဖြစ်လာယင် ပစ္စည်းမဲ့လူတန်းစားဟာ ဒီစစ်ထဲပါဝင်ရမယ်။ တချိန်ထဲမှာ ပေါက်ပြန်တဲ့အုပ်စိုးသူတွေရဲ့ စစ်တိုက်တဲ့ရည်ရွယ်ချက်နဲ့ မိမိတို့ရဲ့ရည်ရွယ်ချက်ဟာ ကွဲပြားခြားနားကြောင်းကို အလေးထားရမယ်။ စစ်ပွဲရဲ့သဘောပြောင်းသွားယင် အမိပြည်ကိုကာကွယ်ရေး စစ်ရဲ့ဘောင်ကိုကျော်သွားပြီး တပါးနိုင်ငံရဲ့နယ်မြေကိုသိမ်းပိုက်တဲ့ ကျူးကျော်စစ်ဖြစ်သွားယင် ချက်ချင်း ဆန့်ကျင်ရမယ်။ ရန်ဘက်

အမျိုးသားနှစ်ခုအတွင်းက အလုပ်သမားလူတန်းစားအချင်းချင်းရဲ့ ချစ်ကြည်သွေးစည်းမှုကို တာဝစဉ် ထိန်းသိမ်းရမယ်၊ နှစ်ဦးနှစ်ဖက်အတွက် ဂုဏ်သိက္ခာရှိတဲ့ငြိမ်းချမ်းရေးကို သင့်တော်တဲ့အချိန်မှာ တည်ဆောက်နိုင်ဖို့ ကြိုးပမ်းရမယ် စသဖြင့် မာ့က်စ်နဲ့အိန်ဂယ်တို့က သင်ကြားခဲ့ပါတယ်။ ဒီသင်ကြားချက်တွေဟာ မျက်မှောက်ကာလအတွက်လဲ ခေတ်မှီနေတဲ့ သင်ကြားချက်တွေပါဘဲ၊ တွေးခေါ်ကြံဆတိုင်း အနုပဋိလောမ နည်းကျကျ တွေးခေါ်နိုင်ဖို့ အလုပ်သမားလူတန်းစားရဲ့ အခြေခံအကျိုးစီးပွားဘက်ကဘဲကြည့်ဖို့ ဆိုတာ တွေကိုလဲ မာ့က်စ်အိန်ဂယ်ပေးစာများက သွန်သင်ခဲ့တယ်။

[၂]

၁၈၇၀ ခုနှစ် စက်တင်ဘာ ၁ ရက် ၂ ရက်မှာ ပြင်သစ်ဧကရာဇ် နပိုလီယံနဲ့ အင်အား ၁၀၀,၀၀၀ နီးပါးရှိတဲ့သူ့စစ်တပ်ကြီး လက်နက်ချလိုက်တော့ ဘုရင့်အုပ်ချုပ်ရေးယန္တယားကြီး ဘရုမ်းဘတာ ဖြစ်သွားခဲ့တယ်။ ပဲရစ်မြို့တော်မှာ ဓနရှင်လူတန်းစား သမတဝါဒီကိုယ်စားလှယ်တွေက စက်တင်ဘာ ၄ ရက်မှာ သမတနိုင်ငံ အစိုးရတခု ဖွဲ့ကြတယ်၊ ဂျာမန်စစ်တပ်ကြီးကလဲ ပဲရစ်မြို့တော်ကိုသိမ်းဖို့ ချီတက်လာနေတယ်။ ဒါပေမဲ့ ပြင်သစ်ဘက်မှာက ခုခံကာကွယ်မဲ့စစ်တပ် ကြီးကြီးမားမား မရှိတော့ဘူး၊ နပိုလီယံနဲ့အတူ လက်နက်ချ ခဲ့ပြီ။ ဒီတော့ဓနရှင်လူတန်းစားဟာ လူထုရဲ့တောင်းဆိုမှုကြောင့် မတတ်သာဘဲ ပစ္စည်းမဲ့လူတန်းစားအပါအဝင် ပြည်သူတွေကို လက်နက်တပ်ဆင်ပြီး တပ်ရင်းပေါင်း ၂၀၀ ဖွဲ့ပေးလာရတယ်။ ဒီတပ်တွေကို "အမျိုးသားအစောင့်တပ်" လို့ခေါ်ကြတယ်။ ပြင်သစ်ပြည်သူတွေဟာ ဘယ်သူ့ကမှ အမိန့်မပေးရဘဲ သူတို့ဘာသာ လက်ဦးမှုယူပြီး ကျူးကျော်လာတဲ့ ဂျာမန်တပ်တွေကိုတိုက်ကြတယ်။ အမြဲတမ်း တပ်မတော်ကြီးက တောင် လက်နက်ချလိုက်ပြီ ဘာကြောင့် သာမန်ပြည်သူတွေက ခုခံနေရသေးတာလဲ။ ဒါဟာ ကြီးလေး တဲ့ ဂုဏ်ဝတ်မှုဘဲဆိုပြီး၊ ဂျာမန်တပ်တွေက ရွာတွေမီးရှို့၊ ပစ္စည်းတွေသိမ်း၊ လူတွေသတ်၊ လူတွေပြန်ဖမ်းဆွဲ ယင်သလိုကြဲ ကြဲတော့တယ်။

ဂျာမန်တွေရဲ့ရက်ရက်စက်စက်လုပ်ရပ်တွေဟာ ပြင်သစ်တွေရဲ့ တိုင်းပြည်ကာကွယ်ရေး၊ မြို့တော်ကာကွယ်ရေးစိတ်ဓါတ်တွေ တက်ကြွလာစေ ဖြစ်နေတယ်၊ နာမည်ကျော် စာရေးဆရာကြီး ဗစ်တာဟျူး ဂိုး ရေးပေးတဲ့ ကြေညာချက်တခုမှာ ပြည်သူတွေကို -

"အိမ်တိုင်းကစစ်သားတယောက်ထွက် --- မြို့တိုင်းက တပ်တတပ်ဖွဲ့ ---- ရွာတိုင်းက တောက်လျှောက်တွေကိုင်ပြီး တိုက်ခိုက်ကြ။ ငါတို့သည် နေ့ညမရွေး တိုက်ကြကုန်အံ့၊ တောင် ပေါ်မှာ မြေပြန့်မှာ သစ်တောထဲမှာ တိုက်ခိုက်ကြကုန်အံ့။ ရန်သူကို အနားယူခွင့် အေးအေး ဆေးဆေးနေခွင့် အိပ်ခွင့်မပေးနဲ့။ ငါတို့ရဲ့ မွေးရပ်နိုင်ငံအတွက် သူရဲကောင်းရဲစိတ်သလို ဂုဏ်ပြီး တိုက်ခိုက်ကြကုန်အံ့" လို့ လှုံ့ဆော်ထားတယ်။

ဂျာမန်တပ်တွေဟာ ပဲရစ်မြို့တော်ကို ဝိုင်းထားကြတယ်၊ အမြောက်နဲ့ပစ်ပြီး မျက်အီးပစ်မယ်လို့လဲ ခြိမ်းခြောက်ကြတယ်။ ဒါပေမဲ့ ဝင်မတိုက်ဝံ့ကြဘူး။ အမြောက်နဲ့ပစ်ပြီးယင် ကျိုးပေါက် သွားတဲ့ ခံစစ်ကြောင်းကနေ မြို့ထဲဝင်ဖို့ကျတော့ သူတို့မဝင်ရဲကြဘူး။ ဒီတော့အနည်းဆုံးရှိတယ်၊ ရေရှည် ဝိုင်းထားကာ မြို့တော်ကို ဝင်ပြတ်ပြီး နှုတ်တောက်ကာ အောင်လည်းဖို့၊ ရေရှည်ဝိုင်းထားမယ်ဆိုလဲ တခြား နယ် တွေက ထကြွလာပြီး စစ်တပ်သစ်ကြီးတည်ထောင်ဖို့ အချိန်ပေးသလို ဖြစ်နေမြန်တယ်။ ဒီတော့လဲ မြို့ တော်ကိုရပြီးယင် ငြိမ်ငြိမ်အောင်ထိန်းဘို့က အခက်၊ မြို့တော်ကိုသိမ်းပြီး ငြိမ်ဝပ်အောင်လုပ်ဖို့ဆို ယင် စစ်တပ်တော်တော်များများ သုံးရမယ်။ ဒီတော့ တပ်တွေ မြှုပ်နေမယ်။ အဲဒီလို ဂျာမန်တွေဟာ ရှေ့မတိုးသာ နောက်မဆုတ်သာ အကြပ်တွေ့နေရတယ်။

မာ့က်စ်က ကူဂဲလ်မန်ထံ ၁၈၇၀ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်၊ ရက်စွဲနဲ့ ပေးတဲ့စာ မှာ အောက်ပါအတိုင်း စစ်ကိုသုံးသပ်ပြထားပြီး

"စစ်ဟာ ဘယ်လိုဘဲအဆုံးသတ်သည်ဖြစ်စေ၊ ပြင်သစ်ပစ္စည်းမဲ့လူတန်းစားအား အတွေ့အကြုံတော့ လက်နက်ကိုင်လေ့ကျင့်ခန်းပေးလိုက်တာဘဲ။ ဒါဟာ အနာဂါတ်အတွက် အကောင်းဆုံးအာမခံချက်ဘဲ" လို့ ရေးခဲ့ပါတယ်။

ပြင်သစ်ပြည်မှာ ပြင်သစ်တမျိုးသားလုံးကို စစ်သင်္ဘောတိုက်ခိုက်နေတာနဲ့တချိန်ထဲမှာ ဘစ်ဝမတ်ဟာ ဘီဘယ်နဲ့ လီဘနက်တို့ကို "အမျိုးသားသစ္စာဖောက်မှု" လို့စွပ်စွဲပြီး ဖမ်းဆီးခဲ့တယ်။ ဘီဘယ်နဲ့ လီဘနက်တို့ရဲ့ 'အပြစ်' ကတော့ ဂျာမဏီလွှတ်တော်ထဲမှာ ပြင်သစ်ပိုင်နယ်မြေတွေဖြစ်တဲ့ အဲလ်ဆေ့နဲ့ လော်ရိမ်းကို သိမ်းပိုက်တာကို ဆန့်ကျင်ကန့်ကွက်မှု၊ စစ်ရေးဘတ်ဂျက်အသစ်များကောက်ခံတာကို ဆန့်ကျင်မဲ ပေးမှု၊ ပြင်သစ်သမ္မတနိုင်ငံတော်ကို ဂါရဝပြောက်ခံမှုနဲ့ ဂျာမဏီတပြည်လုံးကို ပဒေသရာဇ်ဆန်းလျှပ်ချီးဖြစ် ပြောင်းလဲပေးသောကို ဆန့်ကျင်ရှုံ့ချမှု ဆိုတဲ့ စွပ်စွဲချက်တွေပါပဲ။

ဘီဘယ်နဲ့ လီဘနက်တို့လိုပဲ အဖမ်းခံခဲ့ရသူ ဆိုရှယ်ဒီမိုကရက်တွေ သောင်းနဲ့ချီတဲ့ တွေလဲ ဂျာမဏီတပြည်လုံးမှာ မနည်းပါဘူး။ ပြင်သစ်အတွက် ဂျာမဏီနွားမပျက်စေတဲ့ ငြိမ်းချမ်းရေး စာချုပ် ချုပ်ဆိုရေးကိုတောင်းဆိုတဲ့ ဂျာမန်အလုပ်သမားရှုတဲ့အစည်းအဝေးတွေဟာ ပုလိပ်တွေရဲ့ ဖြိုခွဲမှုကို နေ့စဉ်နဲ့အမျှ ခံနေရတယ်။ ဂျာမန်မိုးလိုချုပ် ယော်ကောင်ဂိုတာကို ကစ "ပဒေသရာဇ်စစ်ရေးရှည်ကြာမှုကိုတွေကို ထိပါး အောင်လုပ်သမျှဟာ အမျိုးသားသစ္စာဖောက်မှုဖြစ်တယ်" လို့ ဝေဖန်ပြောဆိုခဲ့တယ်။ အောက် ဖြန့်ရေးသားတွေဟာ ထိုင်းတပ်းကို ကျူးကျော်စစ်ဆင်တိုင်း ဒါတိုက်ကိုဆန့်ကျင်တဲ့ ပြည်တွင်းတာဝန်ထမ်းထားကိုတွေကို ပါရှိပဲကြတာပါပဲ။

မာ့က်စ်က ပြင်သစ်ပြည်ရဲ့ အမျိုးသားလွတ်လပ်ရေးတိုက်ပွဲဟာ သူ့တိုင်းပြည်ရဲ့လွတ် လပ်မှုအတွက်တိုက်တဲ့ တိုက်ပွဲဖြစ်တာသာမက၊ ဂျာမဏီနဲ့ ဥရောပရဲ့ လွတ်လပ်မှုအတွက် တိုက်ပွဲတိုက်ပွဲ လဲဖြစ်တယ်လို့ပြောပြီး ဒီတိုက်ပွဲကို အရှုံးမှာသမှုကူညီခဲ့တယ်။

ပြင်သစ်ပြည်သားတို့ ကြည့်ပုံကိုဖော်ဆေး အင်္ဂလန်က ပဲရစ်မြို့မှာ "အမျိုးသား ကာကွယ်ရေးအစိုးရ" အစည်းအဝေး အာဏာယူခဲ့တဲ့ မိုလ်မှူးတစ်ဦးအား၊ ပြောင်း စတဲ့ ဒေနေ့ရှင်းမှိုင်းအောင်တွေဟာ ဂျာမန်စစ်တပ်ကို မတော်ကြွေတဲ့ခံစစ် ဆင်နေတယ်။ "အမျိုးသားကာကွယ်ရေးအစိုးရ" ရဲ့ အဘွဲ့ဆိုသူ ထိုင်ချုပ်က ပဲရစ်ဆိုသင် ပဒေရှားတွေကိုတိုက်ပွဲတောင် အနီတွေကိုမြှိမ်နှင်းဖို့ အရေးကြီးတယ်ဆိုပြီး သူ့တပ်တော်ရဲ့ တပ်ကို ဖျောနည်းခဲ့တွေကိုမြှိမ်နှင်းဖို့ သုံးနေတယ်။ ဒေနေ့ရှင်လုပ်သားအနဲ့ ဝါရှေးအာဏာပိုင်တွေကလဲ ထိုချုပ်နဲ့ တသဘောတည်းပါပဲ။ ဒါကြောင့်လဲ ပြင်သစ်ပြည် စစ်တွဲးထဲမှာရှုံးနေရတာပါ။

ထိုချုပ်နဲ့ မတော်ကြွေတဲ့ခံစစ်ခံကိုးကို အရှုံးကျနော်လုပ်ပြီးတဲ့ အဆိုးခံနေရ တာ ၁၃၁ ရက်ကြာတဲ့အချိန်မှာ ပဲရစ်မြို့ဟာ လက်နက်ချလိုက်ရ၊ ဓမ္မုယ်ငြ အလင်းအားဆိုးကြောင်းတဲ့ အကြောင်း ရောက်လာခဲ့တယ်။ ဒီတော့ မေးမင်းနဲ့ အပေါင်းပါတွေဟာ "ကောင်းနက်ချုပ်ဟာ မေ့မထားသင့်ဘူး" လို့ ပြတ် နေလို့ ခံတပ်ရဲ့တံခါးတွေကို ဖွင့်ပေးမယ်၊ ခံလဲ မြို့ကိုတော့ဘူး "ချိုးပဒေပုရှားတွေကို အကြောင်း ကြားလိုက်တယ်။ ဒီလိုနဲ့ ပဒေရှားတွေ လုပ်ချင်ရာလုပ်ခွင့် ရသွားခဲ့တယ်။ ဒါပေမဲ့ ပဒေရှားတွေဟာ အဖြဲ တမ်းမေ့ပါက လက်ကျန်အစိုးရတွေရဲ့ လက်နက်တွေနဲ့ ဒေနေ့ရှင်အာဏာပိုင်တွေ ဖွဲ့စည်းထားတဲ့ "လှုပ်ရှားအဖွဲ့ဝင်" တွေရဲ့လက်နက်တွေဖြစ်တဲ့ မြို့နဲ့မှာထောင်ချင်ထားတဲ့ အမြောက်ကြီးတွေကို ဖြိုဖျက်ပစ်ပြီး မြို့သူမြို့သားတွေဖွဲ့စည်းထားတဲ့ ပဲ့စည်းမဲ့တွေ အများစုဖြစ်နေတဲ့ "အမျိုးသားအစောင့် တပ်" ရဲ့လက်နက်တွေ၊ အမြောက်တွေကိုတော့ မလိုချကြဘူး။ ပါးစောင့်ခဲ့ ပဲရစ်မြို့ကြီးရဲ့ ခေါင်းစာလေး တခေါင်းလိုသာ သိမ်းပိုက်ပြီး တမြို့လုံးကိုလက်လွှတ်ထားရတယ်။

အမျိုးသားကာကွယ်ရေးအစိုးရ ရဲ့ နိုင်ငံခြားရေးဝန်ကြီးဆိုသူ ဖောမ်းဟာ တရားဝင်အရှုံးပေး တဲ့စာချုပ်မှာ လက်မှတ်ထိုးခဲ့တဲ့အပြင် သူနဲ့တကွသူ့အစိုးရအဖွဲ့ဝင်အားလုံး ပဒေရှားဘုရင်ရဲ့ သုံ့ပန်းများ ဖြစ်ပါပြီလို့လဲ ကြေညာခဲ့တယ်။ သူတို့လက်မှတ်ထိုးတာဟာ ပြင်သစ်ပြည်တပြည်လုံးကိုယ်စား လက်မှတ် ထိုးတာပါလို့လဲ ဆိုတယ်။ တကယ်ကတော့ တပြည်လုံးကို သူတို့ ကိုယ်စားပြုခွင့်မရှိပါဘူး။ ပဲရစ်မြို့ပြင် ဘက်မှာ ဘာတွေဖြစ်နေတယ် ဆိုတာလဲ သူတို့မသိပါဘူး။ ပြင်သစ်ပြည်တပြည်လုံးဟာ ရန်သူကိုရှုံး မ ထောက်ဘဲ၊ အမျိုးသားချစ်ကာကွယ်ရေးစစ်ကို တက်တက်ကြွကြွ ကြံကြံ့ခိုင်ခိုင် ဆင်နွှဲနေကြဆဲဖြစ်တယ်။ နပိုလီယံဘုရင်ဟာ ဆီဒင်တိုက်ပွဲမှာ သုံ့ပန်းဖြစ်သွားတော့ သူ့ကို ဘစ်စမတ်က ပြင်သစ်တပြည်လုံးကိုယ်စား စစ်ရှုံးစာချုပ်မှာ လက်မှတ်ထိုးခိုင်းခဲ့တယ်။ နပိုလီယံက သူဟာသုံ့ပန်းသာဖြစ်တယ်၊ တပြည်လုံး ကို ကိုယ်စားပြုနိုင်သူ မဟုတ်တော့ဘူးလို့ဆိုပြီး လက်မှတ်မထိုးခဲ့ဘူး။ ဒေနေ့ရှင်အာဏာပိုင်တွေဟာ နပိုလီယံ

ဘုရင်ထက်တောင် အရှက်မဲ့ကြတယ်။

မြင်သစ်က ချုပ်လိုက်ရတဲ့ စစ်ပွဲ ငြိမ်းချမ်းရေးစာချုပ်ထဲမှာ ကြွယ်ဝတဲ့ အဲလ်ဆေ့နဲ့လော်ရိမ်းနယ်တွေကို ဂျာမဏီသို့ လွှဲပေးလိုက်ရပြီး၊ ဖရန့်ရွှေဒင်္ဂါး သန်းပေါင်း ၅၀၀၀ ဏဲ လျော်ကြေးပေးလိုက်ရတယ်။

မြည်ပကကျူးကျော်သူကို ဂုဏ်သိက္ခာမဲ့စွာ အရှုံးပေးလိုက်တဲ့ မြင်သစ်နေရှင်အာဏာပိုင်တွေမှာ၊ အလွန်ကောက်ကျစ်တဲ့ရည်ရွယ်ချက် ရှိနေတယ်။ သူတို့ရဲ့ရည်ရွယ်ချက်ကတော့ ပြည်တွင်းစစ်ခင်းဘို့ဖြစ်တယ်။ အမျိုးသားခုခံကာကွယ်ရေးစစ်ရဲ့ ဗိုညာဉ်ဖြစ်နေတဲ့ ပဲရစ်မြို့လူတန်းစားကို နှိမ်နင်းပစ်ဘို့၊ ပဲရစ်မြို့လူတန်းစားက ဦးစီးကာဖွဲ့ထားတဲ့ အမျိုးသားအစောင့်တပ်ကို လက်နက်ဖြုတ်ပစ်ဘို့ သူတို့ဟာပြည်တွင်းစစ်ဖန်တီးချင်ကြတယ်။ ထိုင်းတာပါးကကျူးကျော်သူတွေဟာ အရင်းစစ်လိုက်ပင် 'လူတန်းစားမဟာမိတ်' တွေ – ပဲရစ်မြို့လူတန်းစားကတော့ ကိုယ့်အမျိုးသားတွေဖြစ်ပေမဲ့ 'လူတန်းစားရန်သူ' တွေဆိုတာကို မြင်သစ်နေရှင်အာဏာပိုင်တွေက သိမြင်တယ်။ ပဂ္ဂလိကရှင်းစစ်တပ်ရဲ့သုံ့ပန်းဖြစ်ရတာက ပဲရစ်မြို့လူတန်းစားစစ်တပ်နဲ့ တွဲနေရတာထက် 'လုံခြုံမှု' ရှိတယ်လို့သူတို့ ယူဆကြတယ်။ 'ပရုပ်ရှားဘုရင်ရဲ့ သုံ့ပန်းတွေ' က ပြည်တွင်းစစ် ဖန်တီးနေကြပြီဖြစ်လေတော့ ပြည်တွင်းစစ်ကို မလွှဲရှောင်နိုင်တော့ပါဘူး။ ၁၈၇၁ ခုနှစ် မတ်လ ၁၈ ရက်မှာ 'အမျိုးသားအစောင့်တပ်' ပိုင် အမြောက်တွေကို အလစ်မှာသိမ်းဘို့ ကြံလာကြကနေပြီး ပြည်တွင်းစစ်ဖြစ်လာပါတော့တယ်။

မာက်စ်က ၁၈၇၀ ခုနှစ် စက်တင်ဘာလကတည်းက၊ မြင်သစ်အလုပ်သမားတွေကိုလက်နက်ကိုင်ပုန်ကန်မှုမလုပ်ကြဘို့၊ လုပ်မိယင် ကမူးရှူးထိုး မိုက်မဲမှုသာဖြစ်လိမ့်မယ်လို့ သတိပေးထားခဲ့ပါတယ်။ ဒါပေမဲ့ နေရှင်လူတန်းစားက ပြည်တွင်းစစ်ဖန်တီးဘို့ ဆုံးဖြတ်ချထားပြီးဖြစ်လေတော့ ပဲရစ်မြို့သူလူတန်းစားဟာ မလွှဲမရှောင်သာဘဲ ကိုယ့်အတွက်အခွင့်မသာတဲ့ နိုင်ခြေမရှိတဲ့စစ်ကို ထတိုက်လာရတော့တယ်။

၁၈၇၁ ခုနှစ် ဧပြီလ ၁၇ ရက်စွဲနဲ့ ကူဂဲလမန်ထံပေးစာမှာ မာက်စ်က – ပရုပ်ရှားစစ်တပ်တွေ မြင်သစ်ပြည်ထဲရောက်နေတဲ့အချိန်၊ ပရုပ်ရှားစစ်တပ်တွေက ပဲရစ်မြို့ကိုဝိုင်းထားတဲ့အချိန်၊ အဲဒီလိုလုံးလုံးလျားလျားအခွင့်မသာတဲ့အချိန်မျိုးမှာ တိုက်ရတာဖြစ်တယ်။ ဒီလိုအခွင့်မသာဖြစ်နေတာကို ပဲရစ်မြို့သူမြို့သားတွေလဲသိတယ်၊ အာဆိုင်းက နေရှင်လူယုတ်လူသွမ်းတွေကလဲသိတယ်။ ဒီလိုသိလို့ဘဲ သူတို့ဟာ ပဲရစ်မြို့သူမြို့သားတွေကို ခံတိုက်ချင်တိုက်ကြ၊ ဒါမှမဟုတ် အညံ့ခံကြဆိုပြီး အကြပ်ကိုင်ကြတာ စတင်တိုက်လာတာဖြစ်တယ်။ "ခေါင်းငုံ့အညံ့ခံလိုက်လို့ အလုပ်သမားလူတန်းစား စိတ်ဓါတ်ကျဆင်းသွားရတာက ခံတိုက်ပြီး 'ခေါင်းဆောင်တွေ' အများအပြား အကျအဆုံးခံလိုက်ရတာထက် ပိုပြီးဆိုးဝါးတဲ့ကံကြမ္မာဆိုက်တာဖြစ်လိမ့်မယ်။" လို့သုံးသပ်ပြီး ခံတိုက်ဘဲ လုံးဝမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးခဲ့တယ် ။ ပြီးတော့လဲ အဲဒီစာမှာဘဲ "အောင်ပွဲကို မလွဲမကန် ရမယ်ဆိုတဲ့ အလွန်အခွင့်သာတဲ့ အခြေအနေမျိုးကိုရွေးပြီး ကိုယ်ကြိုက်တဲ့အချိန်ကျမှ ထတိုက်ခွင့်ရကြစတမ်းဆိုယင် ကမ္ဘာ့သမိုင်းကို ဖန်တီးရတာ သိပ်လွယ်မှာပေါ့" လို့လဲ အားပေးစကား ရေးခဲ့ပါတယ်။

ပဲရစ်ဘုံအဖွဲ့ဟာ ၂ လကျော်ကျော်ကလေးသာ ခံခဲ့ပါတယ်။ ခက်ခက်ခဲခဲလုံးပမ်း ပြီးသတ္တိပြောင်ပြောင်တိုက်ခိုက်ယင်း ၁၈၇၁ ခုနှစ် မေလ ၂၈ ရက်နေ့မှာ ကျဆုံးသွားခဲ့ရတယ်။

ပဲရစ်ဘုံအဖွဲ့ အရေးတော်ပုံအတွင်းမှာ မတူတဲ့လူတန်းစားတွေဟာ မတူတဲ့ဖေါ်မြူချက်တွေကို ဖေါ်ပြခဲ့ကြတယ်။ ပဲရစ်ဘုံအဖွဲ့အရေးတော်ပုံပေါ်တော့ ဘစ်စမတ်ဟာ ဂျာမဏီမှာလဲ ဒါမျိုးဖြစ်လာမှာကိုစွေးပြီး အကြီးအကျယ်ထိတ်လန့်ခဲ့တယ်။ ဘုံအဖွဲ့ကိုဖြိုဖျက်နိုင်ဘို့အတွက် မြို့စွာကောင် သိုင်းယားစ် တို့ကိုကူညီခဲ့တယ်၊ သူတို့ယိထားတဲ့သုံ့ပန်းတွေကိုလွှတ်ပေးပြီး တန်ပြန်တော်လှန်ရေးတပ် အားကြီးအောင်လုပ်ပေးရုံမက သူတို့သိမ်းထားတဲ့ခံတပ်ဝိုင်းကနေပြီး၊ ပဲရစ်မြို့ထဲဝင်တိုက်နိုင်အောင် လမ်းဖွင့်ပေးခဲ့တယ်။ သူတို့ကိုယ်တိုင် ဝင်မတိုက်တာတမယ်ပါဘဲ။

အလုပ်သမား လယ်သမားဖြစ်ရှိတဲ့ ဂျာမန်စစ်သားတွေကတော့ ပဲရစ်ဘုံအဖွဲ့တော်လှန်ရေးကို ထောက်ခံကြိုဆိုကြတယ်။ ဘုံအဖွဲ့ရှုံးနိမ့်တော့ မြို့တော်ကနေထွက်ပြေးလာတဲ့ ဘုံအဖွဲ့ဝင်တွေကို ဂျာမန်စစ်ဗိုလ်တွေရဲ့ ဘုံအဖွဲ့ဝင်တွေတွေ့ယင် ဘမ်းပြီးသိုင်းယားတို့ဆီအပ်ရမယ်ဆိုတဲ့အမိန့်ကို ဖီဆန်ကာ ထွက်ပြေးနိုင်အောင်ကူညီကြတယ်။ ဒီလိုကူညီလိုက်လို့ ဘုံအဖွဲ့ဝင်အများအပြားဟာ အင်္ဂလန်၊ အမေရိကန် ၊

မြည်တွေဘက်ထိ တွက်သွားနိုင်ခဲ့ကြတယ်။

မာ့က်စ်ဟာ ပြင်သစ်အလုပ်သမားတွေကို ဒီအချိန်ထ တိုက်ယင် မိုက်ရူးရဲလုပ်ရာကျလိမ့်မယ်လို့ ဝေလကြိုပြီးသတိပေးခဲ့တယ်။ ကိုယ်မတိုက်ချင်ပေမဲ့ ဘူက တိုက်လာလို့ ပြည်တွင်းစစ်ဖြစ်လာတဲ့အခါမှာကျတော့ မိတ်ပျက်အားငယ်မှု လုံးလုံးမရှိဘဲ ရှိတဲ့အခြေအနေ ရှိတဲ့အချက်အလက်အတွင်းမှာ အောင်မြင်အောင်ကြိုးပမ်းဖို့ အကြံဉာဏ်တွေပေးခဲ့တယ်။ ဒီတော့ လူထုရဲ့တော်လှန်ရေးလက်စွဲအတွင်း က သင်ခန်းစာတွေ ထုတ်ခဲ့တယ်။ မာ့က်စ် အိန်ဂယ်တို့ရဲ့ ပါရီကွန်မြူးအရေး တော်ပုံ သုံးသပ်ချက်တွေထဲမှာ ပြင်သစ်ပြည် ပြည်တွင်းစစ်နဲ့ပါတ်သက်ပြီး ရေးသမျှစာတွေမှာ တောက်ပတဲ့ အကြောင်းမြင်ထိခြင်း ပြည့်လျှမ်းနေပါတယ်။ မာ့က်စ်က "သမိုင်းမှာဒီလောက်ကြီးမြတ်တဲ့ ... မှ မရှိခဲ့ဘူး၊ သူတို့ဝေဖန်ရမယ်ဆိုယင် သူတို့ရဲ့ "သဘောကောင်းလွန်းမှုကိုဘဲ အပြစ်တင်ရမှာဘဲ" "သူတို့ဟာ ... ချက်ချင်းချီတက်သင့်တယ်။ ---- သူတို့သိပ်ပြီး ဆင်ခြင်တောက်ထားတာ တွေများနေလို့ ဒီအခွင့်အရေး လက်လွှတ်ရတယ်။ သူတို့က ပြည်တွင်းစစ် စတင်ဖန်တီးသူတွေ မဖြစ်ချင်ကြဘူးလို့ဆိုတယ်၊ ... ဆိုတဲ့ လူယုတ်လူမှေ့ ... ပါရီကို လက်နက်မြှပ်ပစ်ဖို့ ကြိုးစားယင်း ပြည်တွင်းစစ်ကို စတင်တိုက်ခဲ့တာကျနေတာဘဲ။ နောက်အမှားတခုက ... အမျိုးသားအစောင့်တပ်ရဲ့ ဗဟိုကော်မတီက ကွန်မြူးကို အာဏာလွှဲပေးတာ သိပ်စောသွားတယ်။ ... ခင်ခြင်တောက်တားတာတွေ သိပ်များသွားလို့ဘဲ" လို့ ကူဂဲလ်မန်ထံပေးစာမှာ ရေးခဲ့တယ်။

အိန်ဂယ်ကလဲ မာ့က်စ်ရေးတဲ့ "ပြင်သစ်ပြည်က ပြည်တွင်းစစ်" စာအုပ်ရဲ့အမှာစကားမှာ "နားလည်ရခက်ဆုံးကတော့ သူတို့ဟာ ပြင်သစ်ဘဏ်တိုက်ကြီးကိုမသိမ်းဘဲ ဘဏ်တိုက်တံခါးမှာ တလေးတစား ရပ်စောင့်နေကြတယ်။ ဒီဟာ အလွန်ကြီးလေးတဲ့ နိုင်ငံရေးအမှားတခုပါဘဲ ဖြစ်တယ်။ ကွန်မြူး လက်ထဲမှာ ဘဏ်တိုက်သိမ်းထားတာက လူတသောင်းဖမ်းထားတာထက် ပိုပြီးအဖိုးတန်တယ်။ ဒီလိုဘဲ လုပ်လိုက်ယင် ပြင်သစ်ဓနရှင်လူတန်းစား တလုပ်လုံးဟာ ကွန်မြူးနဲ့ ငြိမ်းချမ်းရေးရအောင်လုပ်ဖို့ ဗာဆိုင်းအစိုးရကို အကြပ်ကိုင်ကြမှာဘဲ" လို့ရေးခဲ့တယ်။

မာ့က်စ်နဲ့ အိန်ဂယ်တို့ဟာ ပြင်သစ်ပြည်ပါရီမြို့နဲ့ ဝေးခြား မြေခြားအဝေးကြီးမှာနေကြတာ ဖြစ်ပေမဲ့ သူတို့ဟာ ပါရီကွန်မြူးမဲ့တွေနဲ့ တစိတ်တည်းတဝမ်းတည်းဖြစ်နေကြတယ်။ ရင်ခုန်သံချင်း တလှပ်တည်းကျနေကြတယ်။ ကိစ္စတိုင်းမှာ ပါရီအပြစ်ရှာ ဒီအပြစ်ရှာလုပ်တာမျိုးမလုပ်ခဲ့ဘူး။ အဓိကကျတာ ဖြေဆားသားဘဲ ဒီလိုမလုပ်ပါနဲ့လို့၊ ခုတော့ကိုယ့်ဒူးကွဲကိုယ် ... လို့ ပြောတတ်တဲ့ အချောင်သမား ဆရာကြီးတွေလို လဲ မလုပ်ကြဘူး။ သူတို့ဟာ သမိုင်းဖန်တီးနေကြတဲ့လူထုကို လေးစားကြတယ်။ တိုက်ပွဲဝင်လူထုနဲ့အတူ အမှန်တကယ်ကိုရှာကြတယ်။ အနုပညာဆန်ဆန်ဖြစ်ဖြစ်ကျခွာ၊ သမိုင်းဖျက်ခွဲတဲ့ကျခွာ သူတို့မျှော်မြင်ထားသမျှကိုလဲ အကြံပေးကြတယ်။

ကွန်မြူးကျဆုံးအပြီး တနှစ်အကြာမှာရေးလိုက်တဲ့ "ကွန်မြူနစ်ကြေညာစာတမ်း" ၊ ဂျာမန်ဘာသာ ပုံနှိပ်ခြင်း အတွက်နိဒါန်းမှာ "ကွန်မြူးက အထူးသက်သေပြလိုက်တယ်။ ဇိုး မှာ 'အလုပ်သမားလူတန်းစားသည်၊ အသင့်ဖြစ်ပြီးသား နိုင်ငံတော်ယန္တရားကို အလွယ်တကူ ဆုပ်ကိုင်ကာ၊ မိမိ၏ရည်ရွယ်ချက်များကိုထမြောက်အောင် အသုံးပြု၍ မဖြစ်နိုင်ပေ" လို့ မာ့က်စ်နဲ့ အိန်ဂယ်တို့ ပူးတွဲ လက်မှတ်ဆိုးပြီး ရေးခဲ့ကြတယ်။

[၃]

၁၈၇၀ – ၁၈၇၁ ၊ နာမည်အားဖြင့်ဆိုယင် ၂ နှစ်၊ ဒါပေမဲ့ အဖြစ်အပျက်ကြီးတွေ ဖြစ်ခဲ့တဲ့ကာလကိုတွက်ယင်–

ပြင်သစ်ပြုသျန် စစ်ပွဲရဲ့ကာလ၊ စစ်စဖြစ်တဲ့ ၁၈၇၀ ဇူလိုင် ၁၉ က၊ စစ်ရှုံးငြိမ်းချမ်းရေးစာချုပ် ချုပ်တဲ့ ၁၈၇၁ ဇန်နဝါရီ ၂၈ အထိ ကာလပိုင်းနဲ့–

ပြင်သစ်ပြည်တွင်းစစ် စခဲ့တဲ့ ၁၈၇၁ မတ်လ ၁၈ က၊ ပါရီကွန်မြူးကျဆုံးတဲ့ ၁၈၇၁ မေလ ၂၈ အထိ ကာလပိုင်း–

ကြားကာလက ရက်တချို့ဥပါထဲမှာ ၁၀ လကျော်ကလေးဘဲ ကြာပါတယ်။

– ဒီ (၁၀) လအတွင်းမှာ အဖြစ်အပျက်တွေက များပြားလှတယ်။ အပြောင်းအလဲတွေ ကလဲ မြန်ဆန်လှန်းတယ်၊

– အမျိုးသားစစ် ခေါင်းဆောင်က ကျူးကျော်သူအဖြစ် ကူးသွားတာ၊

– ကျူးကျော်သူက အမျိုးသားစစ်ခေါင်းသူအဖြစ် ပြောင်းသွားတာ၊

– အမျိုးသားစစ်က ပြည်တွင်းစစ်သို့ ကူးပြောင်းတာ၊

စသဖြင့် သာမန်လူတွေ အဖို့ မျက်စိလည်စရာပါဘဲ။

– ဒီ ၁၀ လအတွင်းမှာ မြန်မြန်ပီး နယ်ကူလာလေ့ရှိတဲ့ မြင်သာသည်ဥစ်စံနစ်ဟာ၊ မြန်မလာတယ်။ ကွယ်ပျောက်သွားခဲ့တယ်။ ပန္နည်းမဲ့လူတန်းစား တော်လှန်ရေး အခင်းသစ်ကိုဖြိုခွဲဖို့ "ပန္နည်းမဲ့တော်လှန်ရေး ဝတ်စုံပြည့်ဇာတ်ပြောက်ကြဲ"၊ တနည်းအားဖြင့် "ပါရစ်ဘွဲ့အဖွဲ့တော်လှန်ရေး" ပေါ်ပေါက်ခဲ့တယ်။

တော်လှန်ရေးလက်တွေ့အတွင်းမှာ မာက်စ်ဝါဒ သာလျှင် ပန္နည်းမဲ့လူတန်းစား တော်လှန်ရေးအတွက် တခုတည်းသော စစ်မှန်တဲ့ဝါဒဖြစ်ကြောင်း ပေါ်လွင်လာခဲ့တယ်။ မြင်သာပြည်မှာ အလှန်ခေတ်စားခဲ့တဲ့ ဖင်းမဲ့ဝါဒီ ပရူဒုန်းရဲ့ နေရာယူသွားကာ ဆိုရှယ်လစ်ဝါဒတို့ ဗိတ်ကူးယဉ် ဝါဒမြူနစ်ပါ ဒီ ဘလန်ကွီရဲ့ လှုပ်ကြံရေးဝါဒတို့ ... လုံးလုံးကျဆုံးသွားခဲ့တယ်။

ဒါကြောင့် ... ကြီးမြတ်တဲ့ '၁၀ လ'။ ဒီ '၁၀ လ' နဲ့ဆိုင်တဲ့ မာက်စ် အိန်ဂယ်လ်တို့ရေးခဲ့တဲ့ ... ... ... နက်နက်ရှိုင်းရှိုင်း လေ့လာသင့်ပါတယ်။ ။

* ရဲဘော်သောင်း

## မာ့က်စ်ကိုယ်တိုင်ရေးပေးခဲ့တဲ့ အလုပ်သမားပါတီရဲ့ လုပ်ငန်းစဉ်မူကြမ်း

၁၈၈၀ ခုနှစ်မှာ ပြင်သစ်အလုပ်သမားပါတီ ဖွဲ့စည်းတည်ထောင်ခဲ့တယ်။ အဲဒီပါတီရဲ့ ခေါင်းဆောင်တွေထဲမှာ ဂျူးလ်ဂက်စ်နဲ့ မာ့က်စ်ရဲ့သားမက် ပေါလ် လာဖာဂ် တို့ပါဝင်ကြတယ်။ အဲဒီပါတီရဲ့လုပ်ငန်းစဉ်မူကြမ်းကို မာ့က်စ်ကိုယ်တိုင် နှုတ်တိုက်ချပေးပီး ရေးခဲ့တာဖြစ်တယ်။ အိန်ဂယ် ရဲ့အခန်းထဲမှာ ရေးခဲ့တာဖြစ်လို့ အိန်ဂယ်လ်လဲ အဲဒီတုန်းက ရှိနေတယ်။

"ထုတ်လုပ်ရေးဆိုင်ရာ ကိရိယာတန်ဆာပလာများကို ပိုင်ဆိုင်မှသာလျှင် အလုပ်သမားသည် လွတ်လပ်ပေလိမ့်မည်။ ပိုင်ဆိုင်မှုဆိုသည်မှာ တဦးချင်းပုဂ္ဂလိက ပိုင်ဆိုင်မှုကိုသော်၎င်း၊ စုပေါင်းပိုင်ဆိုင်မှုကိုသော်၎င်း ဆိုလိုခြင်းဖြစ်သည်။ စီးပွားရေးဖြစ်ပေါ်တိုးတက်မှုများကြောင့် ပုဂ္ဂလိကပိုင်ဆိုင်မှုသည်လွန်မှာ ဖျက်သိမ်းခြင်းခံနေရသည်။ ... စဉ်နှင့်အမျှလည်း ပိုမိုဖျက်သိမ်းခံနေရသည်။ ထို့ကြောင့် စုပေါင်းပိုင်ဆိုင်ကြဖို့သာ ရှိပေတော့သည်"

စသဖြင့် မာ့က်စ်က ပြောပီး ဂက်စ် က လိုက်ရေးခဲ့တယ်။

အိန်ဂယ်က "ကြုံတွေ့ရခဲတဲ့ ပြောင်မြောက်ထိမိတဲ့ ငြင်းခုံချက်၊ လူထုအားလည်း လွယ်တဲ့ စကားလုံးနည်းနည်းနဲ့ရေးထားတဲ့ စာသားဖြစ်တယ်။ ကျနော်ကိုယ်တိုင် ဒီလောက် ကျစ်လစ်တဲ့ ရှင်းလင်းဖော်ပြချက်ကို ကြားရတော့ အံ့အားသင့်သွားတယ်" လို့ ရေးသား ထားတာ တွေ့ရပါတယ်။ ။



# ပဲရစ်ဘုံအဖွဲ့၏ စာပေနှင့်အနုပညာ

ရဲဘော်ကြည်ဦး

သက်တမ်းအားဖြင့် ၇၂ ရက်မျှသာ တာရှည်ခဲ့သည့် ကမ္ဘာ့ပထမဆုံးသော ပစ္စည်းမဲ့ပြည်သူ တန်းစား၏အာဏာ – ပဲရစ်ဘုံအဖွဲ့၏သက်တမ်းမှာ တိုတောင်းလှ၏။

သို့သော် ကျိုတိုတောင်းလှသော ကာလလေးအတွင်းမှာပင် အလုပ်သမားလူတန်းစား နှင့် ကမ္ဘာ့အဖိနှိပ်ခံ ပြည်သူအားလုံးအတွက် တော်လှန်ရေးခွန်အား၊ အနာဂါတ်ကိုယုံကြည်မှု၊ အဘိုးမဖြတ်နိုင် သည့်အတွေ့အကြုံနှင့် သင်ခန်းစာများပေးခဲ့သည်။ ထို့ပြင် အတုမရှိသောစာပေများ၊ တော်လှန်ရေးစာ ပေများ ––––။

ဘုံအဖွဲ့သည် အောင်ပွဲခံစဉ်ကာလ ခံစဉ်ကမ်းဖို့၊ ပျော်ရွှင်း ဝေပါများနှင့်မာဆိုင်းသချင်း ပေါက်ဘဝပေါများ၏ ဗိုင်းဝန်းတိုက်ခိုက်မှုနှင့် ခက်ခက်ခဲခဲလုံးပမ်းနေရချိန်တွင်လည်းကောင်း ရှုံးပမ်းနေရချိန်မှာ၊ နောက်ဆုံး ရက်ရက်စက်စက် သတ်ဖြတ်ခံရပြီး ရှုံးနိမ့်ရသည့်အခါ၌လည်း ရှုံးနိမ့်သည့်အခါမှာ၊ ထူးခြား ပြောင်မြောက်လှသည့် ဂီတ၊ လေအနုပညာများ ဆက်လက်ပေါ်ထွက်လာကြသည်။

တကယ်တော့ ဒီလိုပေါ်ထွက်ခဲ့သည်မှာလည်း ဆန်းတော့မဆန်း ။

သူတို့တွေ တေးမဆို စာမဖွဲ့နိုင်ခဲ့ကြသည်မှာ ကာလအတော်ကြာမြင့်ခဲ့ပြီ မဟုတ်ပါလား။ ထို့ကြောင့် ကျွန်ုပ်အရေးတော်ပုံကြီးတွင် သူတို့တွေ ဝမ်းမြောက်မည်ဆိုကလည်း ဝမ်းမြောက်စရာ၊ ပေါက်ကွဲမည်ဆိုကလည်း ပေါက်ကွဲစရာ ။ ကျွန်ုပ်အချင်းအရာများကို သီချင်း၊ ကဗျာ၊ ဆောင်းပါး၊ တရားရုံးထွက်ချက် စသဖြင့် စာပေအနုပညာများအဖြစ် ဖန်တီးခဲ့ကြသော အခါတွင်မူကား ------

"ဆင်းရဲဒုက္ခရဲ့ ဖိစီးခြင်းခံနေရတဲ့
အို - အသင်အလုပ်သမားအပေါင်းတို့
ဂုဏဝတ်မှုံများ ကျူးလွန်အုပ်စိုးနေတဲ့
အာဏာပြင်းသူတွေအတွက်
အသက်ထက်ဆိုး ဒုက္ခခံလေးရတာထက်
သနားစရာကောင်းတဲ့ ကံကြမ္မာမျိုး
ရှိပါသေးသလား ။
အလုပ်သမားအတွက်ကတော့
ရှေးဝဲ့က ကျေးကျွန်လိုဘဲ
ယုတ်မာကောက်ကျစ်လှတဲ့
ဥပဒေရဲ့ ထမ်းပိုးအောက်မှာနေရတယ်၊
ဒုက္ခခံစားရခြင်းရဲ့ အသံများကို
ဆို့ပိတ်ပစ်တာဟာလဲ
ဖိနှိပ်သူများရဲ့ လုပ်ထုံးပါဘဲ။
ရှေ့ကိုချီတက်ကြလော့ အလုပ်သမားအပေါင်းတို့ "

(အာချီးလိစ် လာရိုင်း ရေးတဲ့ "ပန္နည်းခဲ့တို့ရဲ့တေးသံ" မှ)

ကမ္ဘာ့သမိုင်းအားကိုင်လှုပ်ပြီး တဆင့်တွန်းတင်ပေးခဲ့သော ၁၈၇၁ ၇၂ ရက်တာကာလအတွင်း ပါရီမြို့ကြီးတွင် လှုပ်ရှားမှုများနှင့်သာ အတိပြီးတော့သည်။ ကြွေးကြော်သံများ၊ အလံများ၊ လုံရှုပ်တဖွေးဖွေး သေနတ်များ စသည်တို့မှာ လမ်းမ၊ လမ်းသွယ်၊ နေ့ရက်တကာတွင် ကြုံနေ၊ မြင်တွေ့နေကြရသည်။ မှန်ဝဝိုင်းထန်နေသော ရက်များ ဟူ၍သာ ဆိုကြပါစို့ ။

ထိုသို့သောမှန်ဝဝိုင်းကြီးနှင့် မီးတောက်များအတွင်းမှ စာရေးဆရာများ၊ ကဗျာဆရာများ ပေါ်ထွက်လာခဲ့သည်။ ထိုအထဲတွင်အများစုမှာ ယူဂျင်းပေါ်တီယာ (အင်တာနေရှင်နယ် သီချင်းရေးသူ) ကဲ့သို့သော အလုပ်သမားများဖြစ်ကြသည်။ ယင်းအပြင် ဘုံအဖွဲ့ခေါင်းဆောင်များနှင့် သာမန်စစ်သားများ၊ ပါရီမြို့သူမြို့သားများလည်း ပါဝင်ကြသည်။

သူတို့သည် ပါရီမြို့တော်၏သမိုင်းတွင် ဂုဏ်မြောက်သောနေ့ရက်များ၊ မြင်းဆန်ခက်ခဲသောတိုက်ပွဲ ရက်များနှင့် သွေးပင်လယ်ဝေသော နောက်ဆုံးရက်များ၊ ဒါသာမကဘဲနောက်ပိုင်း အကျဉ်းထောင်ရက်များနှင့် နယ်နှင်ဒဏ်ခံရသော ကာလများကိုပင် မော်ကွန်းတင်စာဖွဲ့ခဲ့ကြသည်။ မှာက်စ်ရေးခဲ့သော "မတ်လ ၁၈ - ရက်နေ့ရဲ့ အရုဏ်တက်မှာ ပါရီဟာ ဘုံအဖွဲ့ အရှင်ရှည်ပါစေဆိုတဲ့ မိုးယံထစ်ခြုံးသံနှင့်အတူ နိုးထလာခဲ့တယ်။" ဆိုတဲ့ သမိုင်းဝင်နေ့နှင့်ပတ်သက် ၍ ရေးသားထားသည့် သီချင်းတပုဒ်တွင် —

"အာရုဏ်ကျင်းတာနဲ့
တိမ်မည်းများ ပျက်ပြယ်သွားတော့တယ်။
အနီရောင် မိုးကုပ် စက်ဝိုင်းမှာ
ကမ္ဘာသစ်ကြီး ရုပ်တည်နေတော့တယ်။"

ရေးသူက လူးဝစ်စ်မီရှဲလ်၊ သီချင်းနာမည်က "အဖမ်းခံရသူများရဲ့တေးသံ"။

(ဤကဗျာကိုရေးသူ လူးဝစ်စ်မီရှဲလ်မှာလည်း ကျောင်းဆရာမတဦးဖြစ်၍ ပါရီဘုံ

အဖွဲ့တွင် ထင်ရှားသူတဦးလည်း ဖြစ်သည်။ လူထုကသူ့ကို " အန်မယ် " ဟုခေါ်ဝေါ်လေ့ရှိပြီး ၏ရေးကောင်း ကဗျာရေးကောင်းသူ၊ သတ္တိလည်း ကောင်းလှသူဖို့၊ ပဲရစ်မြို့သူမြို့သားများက သူ့ကိုချစ်ကြသည်။ သူသည် ဗာဆိုင်းမှ သစ္စာဖေါက်တပ်များကို ချဉ်းကပ်တိုက်ခိုက်ရာတွင် အမျိုးသမီးများကို စည်းရုံးလှုံ့ဆော်ခဲ့သည်။ ကိုယ်တိုင်လည်း အမျိုးသမီးတပ်ရင်းတရင်းကို ဦးစီးခဲ့သည်။ နောက်ဆုံးတွင်သူ့ကို ရန်သူများကဖမ်းသွားပြီး ပစိဖိတ်သမုဒ္ဒရာထဲရှိ ကာလီဒိုးနီးယား ကျွန်းသစ်တွင် တကျွန်းကျွံအလုပ်ကြမ်း သူပ်စေခဲ့သည်။)

မိတ်လှုပ်ရှားဖွယ်ကောင်းသော ကဗျာများနှင့် ပေမနိုင်လောက်သည့် စကားပြေများတို့ကို သတင်းစာများတွင်ဖေါ်ပြကြ၊ ကျေညာချက်များ အဖြစ် ဖြန့်ဝေကြ၊ ကလပ်များတွင်ရွတ်ဆိုကြ၊ စွာတွက်ကျင်းများတွင် သီကျူးကြ၊ ဘားဦးရုံး လှည်ဝင်ကွန်း ရပ်ကွက်တွင် မြေကြားခဲ့ကြသည်။

ကျွ်စာပေအနုပညာပစ္စည်းများသည် ဘုံအဖွဲ့နှင့်အတူ တိုက်ပွဲဝင်နေကြသူများအပြင် ဘုံအဖွဲ့အကာမှ ရပ်တည်ခဲ့ကြသူများ၊ တောက်ခံသူများတို့၏ နှလုံးသွင်းသံများ၊ ရှေ့လှမ်းချက်များ၊ ဆုံးဖြတ်ချက်များကို ဖေါ်ပြနေသည်။ သူတို့သည် ကာလကိုလည်း ကိုယ်စားပြုသည်။ လူထုကိုလည်း ကိုယ်စားပြုသည်။ ကျွ်တွင် ခေါင်းရစ်လူမျိုး မာ့က်စ်ဝါဒီ စာပေပညာရှင် ပျော့ဘွန်ရှိမသင်၏ " မာ့က်စ်ဝါဒ နှင့် ကဗျာ " စာအုပ်ထဲမှ အောက်ပါဖွင့်ဆိုချက်တရပ်ကို သတိရမိသည်။ " ကဗျာဆရာဟာ သူ့အတွက်သင်မဟုတ်၊ သူနဲ့အတူ တွေ့ဆုံတွေ့ကြုံအတွက်ပါ ပြောကြားတယ်။ သူ့ရဲ့အသံဟာ သူတို့ရဲ့အသံပဲ။ ဒါပေမဲ့ သူတပါးယောက်ထဲဘဲ ဒီလို ပြောနိုင်တယ်။ ကဗျာရဲ့အဓိပ္ပာယ်အနက် ဒါဟာပါဘဲ။ ဒါပေမဲ့ သူဟာ သူတို့ကိုယ်စားပြောကြားရမယ် ဆိုယင် သူတို့နဲ့အတူ ဒုက္ခခံရမယ်။ သူတို့နဲ့အတူ ပျော်မြောက်ရမယ်။ သူတို့နဲ့အတူ အလုပ်လုပ်ရမယ်။ အတူ တိုက်ပွဲဝင်ရမယ်။ နို့မဟုတ်ယင် သူပြောတာတွေဟာ သူတို့ကိုသဘော ပေါက်မှာမဟုတ်ဘူး။ စေ့းဖြစ်မှုလဲ ရှိမှာမဟုတ်ဘူး။ "

ပဲရစ်ဘုံအဖွဲ့က ကဗျာများကမူ ဘုံအဖွဲ့၏ တိုက်ပွဲဝင်ခဲ့သူများ ကိုယ်တိုင်က၊ ကြေးကြော်နေသော လူ့အုပ်ကြီးများအကြား၊ ခံတွင်းတွင်း၊ စသည့်တို့မှ ပေါ်၍ ရေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် သူတို့ရေးစပ်သော ကဗျာများသည် ပေါက်ပေါ်သီ၊ သေနတ်သံ ထွက်မြောက်သည်။ လက်ညှိုးပေါက် ပေါက်တိုးဟန်၊ လက်ဖုံးမြောက်ဟန်၊ လက်သီးတစ်ချုပ်ချုပ် သေနတ်တပြင်ပြင် တွေ့ရတော့သည်။ မည်သို့ပင် ဆိုစေ သူတို့၏ကဗျာများမှာ သူတို့ကိုတကယ်ပင်ကိုယ်စားပြုသည်။ လ ပြောင်းလဲသော ခေတ်ကာလမှာ ခြေ ရိုက်နေသည့် နဖူးပေါ်လက်တင်ထားသူ၏ ကာကွယ်တော်ချစ်မြဲသာ နှာများမှ တွယ်။

အကယ်၍တော့လဲ ဒီအချိန်မျိုးတွင် မည်သူ့ကိုမှ ရွံ့နေနိုင်ပါမည်နည်းဟု။

ထိုအချိန်ဆိုသည်မှာ ....

ဘုံအဖွဲ့ဝင် ဂျူးလ်ဗာလက " မွဲတော် " သိုသေသေ ကောင်းပါးတွင် ရေးသားခဲ့သလို

" ဘုံအဖွဲ့ကို ကြေညာလိုက်လေပြီ။

ရာဇဝင်ပေါင်းများစွာရဲ့ နာကြီးများကို ကျော်ခဲ့ပြီး အသွင်ပြောင်းလဲ ခဲ့ဖြစ်နေတဲ့ အဖြစ်အပျက်များကို မြင်တွေ့ခဲ့ရတဲ့နာရီကြီးဒါ့ရှ ' မြို့တော်တော်ဟယ် ' ရဲ့ ခေါင်ရိုက် ကျနေတဲ့ မျက်နှာစာအောက်ကနေ အမျိုးသားတပ်ဖွဲ့ ချီတက်လာတယ်။ ဒါလိုလေးစား မှုအပြည့်နဲ့ ကြည့်ရှုနေကြတဲ့ လူထုပရိသတ်တွေဟာ တည်ငြိမ်ရှိတဲ့ သူ့အောင်ကြရှု များနဲ့ အားပေးနေကြ " သောအချိန်အခါဖြစ်ပေသည်။

ဘုံအဖွဲ့ဝင်တဦးဖြစ်သူ ပျိုးဘာလ်ဆာကလည်း သူ၏သတိရမှတ်တမ်းများထဲတွင်

" ကျနော်တို့ဟာ လမ်းကို ၂ - မိုင်းဖြတ်ပြီး ဒါဘဲ စာ အဆုံးအထိ ပြေးသွား ကြပြီး လမ်းခင်းကျောက်များနဲ့ ကတုတ်တခုဆောက်လိုက်ကြတယ်။ ကျနော်တို့ထဲက တချို့ကတော့ " ဓားကဂျက်ယာတင် " မှာရှိတဲ့ အသီးသီးကာကိုသွားပြီး အိမ်ပေါင်းမိုး တွေပေါ်ကနေ မာဆိုင်းစစ်သားတွေကို ချောင်းပစ်နေကြတယ်။ လမ်းပိတ်အားတဲ့နေရာ ကျတော့ ကျနော်တို့လက်ချက် ကြောင့် အလှူးကြီး ထိပြီး လဲကျန်ကြတယ်။ ကျန်တဲ့သူတွေ က တော့ ဆက်တက်လာနေကြတယ်။ ဒါပေမဲ့သူတို့အားလုံး သေမင်းတောင်မြောက်ထဲပိတ်မိပြီး အဲဒီထဲက ထွက်ပေါက်ရာဘို့ကြိုးစားသူတိုင်း အချည်းနှီးသာ ဖြစ်နေတော့တယ် " လို့ရေးထားပါတယ်။

မောင်စိုက်သည် ပင်လျှင် " ပါရစ်ဘုံအဖွဲ့ အသင်းအမှတ် နှစ်ပါတ်လည်အစည်းအဝေးကြီးမှ ဆုံးဖြတ်ချက်" ထဲတွင် " ရုရှားတော်လှန်ရေး ၁၈ ရက်နေ့ လှုပ်ရှားမှုဟာ လူသားတွေကို လူတန်းစားရှိတဲ့လူ့အဖွဲ့ အစည်းကနေ ထာဝစဉ်လွတ်မြောက်စေမဲ့ ကြီးမြတ်တဲ့လူထုတော်လှန်ရေးရဲ့ ကျောင်းပြည်ဦးဖြစ်တယ်" လို့ မှတ်တမ်းတင်ခဲ့တဲ့ကာလ ပိုင်းပါဘဲ။

ဤကဲ့သို့သောအချိန်မျိုးတွင် ပေါ်ထွက်ခဲ့သောစာပေသည် မှုချပင် ယမ်းနံ့ထုံရပေမည်။ စာပေသည် လေဟာပြင်ထဲမှလာသည်မဟုတ်၊ လူတဦးတယောက်ဦးနှောက်၏ အတွင်းဆုံးပိုင်းရှိ နှင်းဆီနံ့ ကိုင်သော ဓါတ်ကလေးတခေါင်းမှလာသည်မဟုတ်။ စာပေသည် ဘဝထဲမှလာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း အေဂျီကာယတ် ဆိုသူရေးသော " လေမာဆိုင်းလဲ " ဆိုသောကဗျာတွင် - - -

" ခလည်ပေါ်မှာ လက်ညှိုးတင်ပြီး
သေနတ်များ အသင့်ဖြစ်နေကြတယ်။
နိုင်ငံတော်သား စစ်သည်တွေဟာ အမိန့်ဘက်ကို နားစွင့်နေကြတယ်၊
ခံတပ်များရဲ့ ထက်ဝယ်မှာတော့
တောက်ပရှန်းတင့်နေတဲ့
ဘုံအဖွဲ့ရဲ့ ရွှေနားကွပ် အလံနီကြီး
တလူလူ ပျံဝဲနေလေရဲ့ - - - " ဟုရေးသားထားသည်။

ထိုအချိန်တွင် တိုက်ပွဲသည်ပင် သူ့ဝဋ္ဋိဘဝဖြစ်သည်။ လူ့ဘဝတွင် တိုက်ပွဲဝင်နေရသော ကာလသည် အဓိပ္ပါယ် အရှိဆုံး၊ တန်ဘိုးအရှိဆုံးပင် မဟုတ်လော။

သို့သော် ဘုံအဖွဲ့မှာ အစကထဲကပင် ချို့နဲ့ချက်များ ရှိနေခဲ့သည်။ ဘုံအဖွဲ့သည် အချိန်အခါ ရင့်မှည့်သော ကြောင့် သော်၎င်း၊ ပြင်ဆင်မှုပြည့်စုံ သောကြောင့် သော်၎င်း တော်လှန်ခဲ့ကြရသည် မဟုတ်ချေ။ တော်လှန်ရေးတရပ်ကို ကိုယ်ဆင်နွှဲလိုသော အချိန်တွင် ထဆင်နွှဲနိုင်ခွင့်၊ သို့မဟုတ် - အချိန်အခါရွေးချယ်ခွင့် အမြဲရသည်ဆိုခြင်းမျိုးမှာ သမိုင်းတွင်နဲပါးလှသည်။ ပါရစ်ဘုံအဖွဲ့သည်လည်း သမိုင်း၏အချိန်ဇယားကို စိတ်ကြိုက်ရွေးချယ်ပြီး တော်လှန်ခဲ့ရသည်မဟုတ်။ သမိုင်းက ခင်းဆိုသော အချိန်တွင် စတင်ခဲ့ရခြင်းသာ ဖြစ်သည်၊ ငွေးပြင် အချို့သော သေနင်္ဂဗျူဟာ ဆိုင်ရာနှင့် နည်းပရိယာယ် အမှားများကြောင့် ပါရစ်ဘုံအဖွဲ့ ရှုံးနိမ့်ခဲ့ရသည်။ သို့သော် အချည်းနှီး ဆုံးရှုံးမှုကား မဟုတ်လေ။ " ပြင်သစ်ပြည် ပြည်တွင်းစစ် " ဆိုသော ကျမ်းတွင် မောင်စိ ရေးသားခဲ့သလိုပင် " ပါရစ်ဘုံအဖွဲ့ကတော့ ဆုံးရှုံးပေလိမ့်မယ်၊ ဒါပေမဲ့ ဘုံအဖွဲ့က ဈေးဆောင်ခဲ့တဲ့ လူမှုတော်လှန်ရေးကတော့ အောင်ပွဲခံမှာဘဲ။ သူ့ရဲ့မျိုးစေ့တွေဟာ နေရာတကာမှာပါဘဲ - " ။

ထို့ကြောင့် ပါရစ်ဘုံအဖွဲ့ကြီးနှင့်ပါတ်သက်၍ ကမ္ဘာ့အဖိနှိပ်ခံပြည်သူများ အနေဖြင့် ဂုဏ်ယူကြ လေးစားကြသည့်အချက်များတွင် ဘုံအဖွဲ့၏ နောက်ဆုံး သွေးတစက်အထိ တိုက်ခိုက်သော သူရဲကောင်းအာဇာနည်စိတ်ဓါတ်လည်း ထိပ်ဆုံး တန်းမှ ပါဝင်နေပေသည်။ ဘုံအဖွဲ့ဝင်များ အနေဖြင့် ဆုံးရှုံးရတော့မည်ဖြစ်ကြောင်း သိရှိလာသောအချိန်တွင်လည်း နှလုံးခွန်မပျက်၊ ပျက်နှာ သွေးမဆုတ်ခဲ့ချေ။ သူတို့သည် ၁၉၁၀ ခုနှစ် မက္ကစီကိုလယ်သမားတော်လှန်ရေးကို ဦးဆောင်ခဲ့သူ ဇာပါတာ (၁၈၈၃ - ၁၉၁၉) ၏ကြွေးကြော်သံအတိုင်း " ဒူးထောက်ပြီး အသက်ရှင်နေရတာထက် ကိုယ့်ခြေပေါ် ကိုယ်ရပ်ပြီး အသေခံ " သောလမ်းကို ရွေးချယ်ခဲ့ကြသည်။

ဤကဲ့သို့သော အခက်အခဲမျိုးတွင် သူရဲကောင်းပီသသော ပါရစ်မြို့သားများ မည်ကဲ့သို့ တိုက်ပွဲဝင်ခဲ့ကြပါသနည်း။ " ပြင်သစ်ပြည် ပြည်တွင်းစစ် " ကျမ်းတွင် မောင်စိက " သမိုင်းရှိစစ်ပွဲများမှာ ဘယ်တုန်းကမှ မရှိဘူးတဲ့ အရေအတွက်မျိုးနဲ့ ပါရစ်လူထုဟာ ဘုံအဖွဲ့အတွက် တက်ကြွစွာ သေပွဲဝင်နေကြပါတယ်။ - - - - ပါရစ်မြို့က အမျိုးသမီးတွေဟာ စံကတုတ်များနဲ့ လူသတ်ကွင်းများမှာ ဝမ်းမြောက်ဝမ်းသာ အသက်စွန့်နေကြပါတယ် - - - - " ။

ထိုမျှရဲရင့်သောသူရဲကောင်းများ၏ စိတ်ဓါတ်ကို အောက်ပါ အီဖိုလ်ဒက်ဟား ဆိုသူရေးသည့် " သွေးအတိ ရက်သတ္တပါတ် " ဆိုသောကဗျာတွင် တွေ့ရသည်။

" အို - ထိတ်လန့်နေသော မြို့သား - သင်ဘာဖြစ်နေတာလဲ၊

ရှုလော့ — သင်သွန်းလောင်းခဲ့တဲ့ သွေးမြစ်များအောက်မှာ
ကျဆုံးသွားပြီလို့ သင်ထင်နေတဲ့ တော်လှန်ရေးဟာ
သင့်ရဲ့ရှေ့ရှိလမ်းပေါ်မှာ အစေ့အဆက်ပြု ကြီးထွားလာနေတယ်၊
နတ်သမီးကြားများက ရေဖျန်းလေးတဲ့မမော
ပိုမိုသန့်ရှင်းလို့လဲ ထိရောက်တယ်။
ပိုမိုလှပသန့်ရှင်းစွာ ကြီးထွားလာတဲ့ သူဟာ
သင့်ရှေ့မှာ ရပ်နေတယ်၊
သင်ဟာ ကြောက်လန့်ဘွယ်ရာ သွေးအဝါရောက်သစ္စာပါတော့
ရင်ဆိုင်တွေ့က တွန်းလှန်ခဲ့သလိုဘဲ
အခုလဲ တွန်းလှန်နေတော့တယ်။ "

ကျွန်ုပ်ဖြင့် ပဲရစ်ဘုံအဖွဲ့ဝင်များသည် လမ်းတလမ်းချင်း၊ ကတုတ်ကျင်းတခုချင်း ခုခံရင်းဆိုင်ပေးခဲ့ကြရသည်။ ဒီမြို့တော်နှင့် ဒီဘုံအဖွဲ့ကြီးကို မည်သူမျှ အသမဲ့ရှင်သွတ်ခဲ့ကြသည်တော့ မဟုတ်ပေ။ ရှုံ့သူဆိုက အသက်ပေါင်းများစွာ၊ သွေးပေါင်းများစွာ ရယူခဲ့ကြသည်။ သို့သော် ရှုံ့သူမှာများပြားလှသည်။ ဂျာမန်နယ်ချဲ့များကလည်း ပြင်သစ်ဘိုနပတ်ဘုရင်နှင့် စစ်တိုက်စဉ်က ဖမ်းမိထားသော သုံ့ပန်းများကိုပင် ကွန်မြူနစ်များအား တိုက်ခိုက်ရန်ဟူဆိုပြီး တောင်မှပြန်လွှတ်ပေးနေသည်။ ဘုံအဖွဲ့၏အင်အားမှာ များပြားလှသည်မဟုတ်သော်လည်း နည်းလှသည်တော့ မဟုတ်ပေ။ တိုက်ခိုက်သော အမျိုးသမီးတပ်ရှိနေသည်။ ခါတွင် ဒါ့အပြင် ရင်ဆိုင်ရသည်မှာ နိုင်ငံတကာ၏ရန်သူများဖြစ်နေသည်။ ဥရောပ၏ နေ့ရှင်ကျူတန်းစား တရပ်လုံးဟုပင် ဆိုနိုင်ပေမည်။

" အလုပ်သမားလူတန်းစားက မိမိအခွင့်အရေးအတွက် ထ ရပ်လာတဲ့ပြီဆိုတဲ့အခါမှာ အုပ်စိုးသူလူတန်းစားအနေနဲ့ ဘယ်လောက်အထိ သွေးမူးတွေး ရက်စက်ယုတ်မာနိုင်တယ်ဆိုတာကို ဖော်ဒရယ်များ ရဲ့ အုတ်နံရံ ( အခုအခါမှာ ဘုံအဖွဲ့ဝင်များရဲ့ အုတ်နံရံလို့ခေါ်တယ် ) ဟာ ဒီနေ့ထက်ထိ အထင်အရှား သက်သေခံနေတယ် " ဟု မာ့က်စ်က ရေးခဲ့သည်။

မည်သို့ပင်ဆိုစေ ကျရှုံးသော်လည်း အနေဖြင့် ဒီဘုံအဖွဲ့ကြီးက သွန်ခဲ့တဲ့ အနာဂါတ်ကို မိတ်နာချွတ်ဖြင့် မျှော်မှန်းပြီး အသက်ခံခဲ့ခြင်းမဟုတ်ကြောင်း အောက်ပါ ကဗျာပိုဒ်ကလေး၏ " သူ မသေဘူး " အမည်ရှိ ကဗျာက ပြသနေပေသည်။

" သေနတ်နဲ့ပစ်ပြီး ဒဏ်ခတ်ကြ သူ့ကိုသတ်ဖြတ်ခဲ့ကြတယ်။
ပြီးတော့ သူ့အလံနဲ့ သူ့ပြန်အုပ်ပြီး မြေကြီးထဲကို မြှုပ်ခဲ့ကြတယ်၊
နောက်ပြီး အသေပြန်ရောဘဲ ဒီလူသတ်သမား တသိုက်ဟာ
သူတို့ကိုယ်သူတို့ အားအရှိဆုံးလို့ ထင်မှတ်နေကြတယ်။
ဒါပေမဲ့ ဒီတွေဟာ သာကဦးမှ မပြောင်းလဲစေနိုင်ခဲ့ပါဘူး
ဘုံအဖွဲ့ဟာ မသေဘူး — — — "


ယင်းကဗျာ စာသားများကို အောက်ပါ " ပဲရစ်ဘုံအဖွဲ့နှင့်ပါတ်သက်သည့် ပြော ဆိုချက်မှ ၀၅ တမ်း " ထဲမှ မာ့က်စ်၏ ရေးသားချက်များနှင့် နှိုင်းယှဉ် ကြည့်ပါ။

" ဘုံအဖွဲ့ ပျက်ဆီးခဲ့ရတဲ့ဝမ်းနည်းဖွယ် တိုက်ပွဲဟာ ရှေ့ဆိုင်းရုံမျှသာ ဖြစ်လိမ့်မယ်။ ဘုံအဖွဲ့ရဲ့မူများဟာ ထာဝရစိုက်ထူထားနေလိမ့်မယ်၊ ပျက်ဆီးလို့ရမှာမဟုတ်ဘူး။ အလုပ်သမားလူတန်းစား မလွတ်မြောက်သေးချင်း ဒီအချက်များဟာ ထပ်တလဲလဲ ပေါ်ပြူလာလိမ့်မယ် " ။

အာဘော်တခုထဲပင် မဟုတ်ပါလား။

ဂျိန်းအာလ်တာန်း၏ သဝိရမှတ်တမ်းစာအုပ်ထဲမှ အောက်ပါစာသားများမှာလည်း ဘုံအဖွဲ့ဝင်များ၏ စိတ်ဓါတ်နှင့် သတ္တိကို ကြိုးစား၍ ဖွင့်ဆိုပြနေပေသည်။

— — " မာဆိုင်းပြိုသားတွေ ( ပေါက်ပြန်ရေးတပ်တွေ ) အမ်း လမ်းကြီးအတိုင်း တက်လာ နေတယ် ... ဆိုတဲ့ သတင်းတခု ကျုပ်နော်ရလိုက်တယ်။ ကျုပ်နော်လဲ နောက်ဆုံးသေ



# ဟိုချီမင်း [၁၈၉၀-၁၉၆၉]

## ကျွန်တော့်ကို လီနင်ဝါဒဆီ ပို့ပေးခဲ့တဲ့လမ်းကြောင်း

လှိုင်းအောင်

ပထမ ကမ္ဘာစစ်ပြီးတော့ ကျွန်တော်ဟာ ပဲရစ်မြို့မှာ ဓါတ်ပုံခဲ့ဆေးတဲ့အလုပ် လုပ်လိုက်၊ "တရုတ်ရှေးဟောင်း ပန်းချီများ" (ပြင်သစ်ပြည်မှာလုပ်တာ) ဆေးခြယ်တဲ့အလုပ် လုပ်လိုက်နဲ့ အသက်မွေးခဲ့ပါတယ်။ ဗီယက်နမ်မှာပြင်သစ်ကိုလိုနီသမားတွေ ကျူးလွန်တဲ့ ပြစ်မှုတွေကို ဖော်ထုတ် ရှုတ်ချတဲ့ စာရွက်စာတမ်းများကိုလဲ ကျွန်တော် ဖြန့်ဝေပါတယ်။

အဲဒီတုန်းက ကျွန်တော်ဟာ အောက်တိုဘာ တော်လှန်ရေးကို သဘောနဲ့ထောက်ခံခဲ့တာသာဖြစ်ပြီး ဒီတော်လှန်ရေးကြီးရဲ့ သမိုင်းလက္ခဏာကို မဆုပ်ကိုင်မိသေးပါဘူး။ လီနင်ဟာ သူ့ရဲ့တိုင်းသူပြည်သားများကို လွတ်မြောက်စေခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတယောက်မို့ ကျွန်တော်သူ့ကို ချစ်ခင်လေးစားခဲ့ပါတယ်။ အဲဒီအချိန်အထိ သူ့စာအုပ်တအုပ်မှ ကျွန်တော်မဖတ်ဖူးသေးပါဘူး။

ကျွန်တော့်အနေနဲ့ ပြင်သစ်ဆိုရှယ်လစ်ပါတီထဲ ဝင်ခဲ့တဲ့အကြောင်းကတော့ ဒီ "လူကြီးမင်း"များဟာ ( ဒီတုန်းကတော့ သူတို့ကို ကျွန်တော်က ဒီလိုခေါ်လေ့ရှိတာကိုး ) ကျွန်တော့်အပေါ်နဲ့ အဖိနှိပ်ခံပြည်သူများရဲ့ တိုက်ပွဲများအပေါ် စာနာမှုပြသခဲ့ကြလို့ပါဘဲ။ ဒါပေမဲ့ ကျွန်တော်ကတော့ ပါတီဆိုတာဘာလဲ၊ အလုပ်သမားသမဂ္ဂဆိုတာဘာလဲ၊ ဘာမှ မသိသေးပါဘူး။ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ ဆိုတာလဲ ဘာမှန်းမှ မသိသေးပါဘူး။

အဲဒီတုန်းက ဆိုရှယ်လစ်ပါတီအတွင်းမှာ ဒုတိယ အင်တာနေရှင်နယ်ထဲမှာဘဲ နေရမလား၊ နံပါတ် ၂ ခွဲ အင်တာနေရှင်နယ်ကိုဘဲ တည်ထောင်ရမလား၊ ဒါမှမဟုတ် ဆိုရှယ်လစ်ပါတီဟာ လီနင်ရဲ့ တတိယ အင်တာနေရှင်နယ် ထဲ ပါရမလား ဆိုတာနဲ့ ပတ်သက်လို့ ဆိုရှယ်လစ်ပါတီရဲ့

အဖွဲ့အစည်းတွေထဲမှာ ပြင်းထန်တဲ့ ဆွေးနွေးပွဲတွေ ဖြစ်ပေါ်နေပါတယ်။ တပါတ်မှာ ၂ ခါ ၃ ခါ လုပ်လေ့ရှိတဲ့ ဒီဆွေးနွေးပွဲများကို ကျနော်မှန်မှန်တက်ရောက်နားထောင်ပါတယ်။ အစမှာတော့ ကျနော် သဘောသချာချာ သဘောမပေါက်ပါဘူး။ ဒီဆွေးနွေးပွဲတွေဟာ ဘာကြောင့်များ ဒီလောက်တောင် ပြင်းထန်ရတာလဲ။ ဒုတိယ အင်တာနေရှင်နယ်ဘဲဖြစ်ဖြစ်၊ နံပါတ် ၂ ဒွဲ အင်တာနေရှင်နယ်ဘဲဖြစ်ဖြစ်၊ တတိယအင်တာနေရှင်နယ်ဘဲဖြစ်ဖြစ် တော်လှန်ရေးလုပ်လို့ရတာဘဲလို့။ ဒီမြင့်ဘာကြောင့် ငြင်းခုံနေကြတာလဲ။ ပထမ အင်တာနေရှင်နယ်ကရော – ဘာဖြစ်သွားပလဲ။

ကျနော်အသိချင်ဆုံးက – နောက်ပြီး ဒီသချက်ကို ဆွေးနွေးပွဲတွေမှာ လုံးလုံးမဆွေးနွေးဘူး – ဘယ်အင်တာနေရှင်နယ်က ကိုလိုနီနိုင်ငံတွေက ပြည်သူများဘက် ရပ်သလဲ။

ကျနော်က ဆွေးနွေးပွဲတခုမှာ ဒီပြဿနာ – ကျနော့်အတွက်တော့ အရေးကြီးဆုံးပြဿနာပေါ့ – ကိုတင်လိုက်တယ်။ ရဲဘော်တချို့က – ဒီလိုရုပ်တည်တာ တတိယအင်တာနေရှင်နယ်ဘဲ၊ ဒုတိယအင်တာနေရှင်နယ် မဟုတ်ဘူးလို့ ပြန်ဖြေကြတယ်။ အဲဒီနောက် ရဲဘော်တယောက်က လူမြားနီးဝေး ကထုတ်တဲ့ လီနင်ရဲ့ " အမျိုးသားရေးနဲ့ ကိုလိုနီပြဿနာများ ဆိုင်ရာစာတန်း " စာစုပ်ကို ပေးလှာပါတယ်။

ဒီစာတန်းထဲမှာ နားလည်ရခက်တဲ့ နိုင်ငံရေးဝေါဟာရတွေ ပါပါတယ်။ ဒါပေမဲ့ အထပ်ထပ်ဖတ်တဲ့ ဥသာဟ ကြောင့် အဓိကအပိုင်းကို ဆုပ်ကိုင်မိပါ တော့တယ်။ ဘယ်လို ခံစားချက်၊ တက်ကြွမှု၊ အမြင်ရှင်းလင်းမှုနဲ့ ယုံကြည်ချက်တွေ ဖြစ်ပေါ်စေခဲ့ပုံများတော့ . . . ။ ကျနော်ဝမ်းသာလွန်းလို့ မျက်ရည်များ တောင်လည် မိပါ တော့တယ်။ အခန်းထဲမှာ တယောက်ထဲ ထိုင်နေပါရက်ကနဲ့ ကျနော်ဟာ လူအုပ်ကြီးတွေကိုမိန့်ခွန်း ပြောနေတဲ့ အတိုင်း – – " ချစ်လှစွာသော အာဇာနည်တို့၊ ဝိုင်းဒုက္ခမြည်သားအပေါင်းတို့၊ ဒါဟာကျနော် တို့လိုအပ်နေတဲ့ အရာဘဲ၊ ဒါဟာ ကျနော်တို့ရဲ့ လွတ်မြောက်ရေးလမ်းဘဲ " လို့ အော်ပြောလိုက် ပါတယ်။


အဲဒီနောက်တော့ ကျနော်ဟာ လီနင့်အပေါ် ၊ တတိယ အင်တာနေရှင်နယ်အပေါ် လုံးဝယုံကြည်ခဲ့ ပါတော့တယ်။


အယင်ကဆိုရင် ပါတီအဖွဲ့အစည်းရဲ့ ဆွေးနွေးပွဲတွေမှာ ကျနော်ဟာ နားထောင်ယုံ သက်သက်ပါဘဲ။ သူတို့ပြောသမျှအားလုံးဟာ ကျိုးကြောင်း ဆီလျော်နေတယ်လို့ဘဲ ခပ်ဝါးဝါး နားလည်ပြီး ဘယ်သူကမှန်တယ်၊ ဘယ်သူက မှားတယ်လို့ မခွဲခြားနိုင်ပါဘူး။ ဒါပေမဲ့ အဲဒီကစပြီး နောက်ပိုင်းမှာတော့ ကျနော် လဲ အချေအတင် ငြင်းခုံပွဲတွေမှာ ပါဝင်ပြီး အားတက်သရော ဆွေးနွေးတော့တာပါဘဲ။ ကျနော့် အနေနဲ့ မေးစရာမေးခွန်းတွေ ရှိတာ အားလုံးကို မပြောင်းမြင်ဘဲ ပြင်သစ်ကောင်းလုံးများ ချိုတွဲနေပေမဲ့ လီနင်နဲ့ တတိယ အင်တာနေရှင်နယ် အပေါ် ဆုပ်ကိုင်ချက် တွေတွေ့တော့ ဆန့်ကျင်ဘက်နဲ့ ခိုင်ခိုင်မာမာဆွေးနွေးခဲ့ပါတယ်။ ကျနော့်ရဲ့ တခုတည်းသော အကြောင်းပြချက်က " ခင်ဗျားတို့ဟာ ကိုလိုနီဝါဒ ဆိုတဲ့ သား မရှုတ်ချရင်၊ ကိုလိုနီပြည်သူတွေဘက်မှာ ရပ်တည်မှု မရှိဘူးဆိုရင်၊ ခင်ဗျားတို့ဆော်ဩနေတဲ့ တော်လှန်ရေးဆိုတာ ဘယ်လိုဟာလဲ " ဆိုတာပါဘဲ။

ကျနော့်ကို လီနင်နဲ့ တတိယအင်တာနေရှင်နယ်အပေါ် ယုံကြည်မှုရှိစေခဲ့တာဟာ မျိုးချစ်ဝါဒ ပါဘဲ။ ကွန်မြူနစ်ဝါဒ မဟုတ်ပါဘူး။ ဒါပေမဲ့ ပြီး တလှမ်းနဲ့ တိုက်ပွဲဝင်ဘဝလျှောက်ရင်း၊ မာ့က်စ်လီနင်ဝါဒကို လက်တွေ့လှုပ်ရှားမှုတွေထဲ ပါဝင်မှုနဲ့ ယှဉ်တွဲ လေ့လာရင်းကနေ ဆိုရှယ်လစ်ဝါဒနဲ့ ကွန်မြူနစ်ဝါဒကသာလျှင် ကမ္ဘာတလွှားမှ အဖိနှိပ်ခံ အမျိုးသားများနဲ့ လုပ်သားပြည်သူများကို ကျွေးကျွန်ဘဝ က နေ လွတ်မြောက်စေနိုင်တယ်ဆိုတာ ဘဖြည်းဖြည်း နားလည်ခဲ့ပါတယ်။ ။

[ ဥက္ကဋ္ဌ ဟိုချီမင်း ကွန်မြူနစ်ပါတီ ( မာ့က်စ်ဝါဒ–လီနင်ဝါဒ) တည်ထောင်ရေး ပြင်ဆင်မှုကော်မတီက ထုတ်ဝေ တဲ့ " တိုက်ပွဲ " စာစောင် ( ၁၉၅၅၊ ဒီဇင်ဘာ ) ထဲ မှ အင်္ဂလိပ်ဘာသာပြန်ကနေ မြမာလို ပြန်ယူ ပါတယ် ]

ဘိုး လှိုင်းအောင်





ရဲဘော် မော်စီတုန်း

# ခရီးရှည်ချီတက်ခြင်း

ချီချီ
　ခရီးရှည်ရှည် ၊ ချီလေချီ
တပ်နီတော်ပဲ
　ခက်ခဲကြောက်ရွံ့ ၊ နောက်မတွန့်ဘူး ။
တောတောင်မြစ်ချောင်း
　ထောင်သောင်းများပြား ၊ မှုမထားဘူး ။
ကွေ့ပတ်လိမ်ကောက်
　မတ်စောက်မြင့်ဟီး
　"ဝူးလင်" တောင်ကြီးဟာ
　လှိုင်းကြက်ခွပ်ငယ်သာ ။
ထယ်ဝါမြင့်ကြူး
　"ဝူးမုန်" တောင်လဲ
　ရွံ့လုံး ကလေးပါပဲ ။
"ရွှေသဲ" မြစ်ရေ
　ရိုက်ပုတ်လေကာ
　မိုးထိကမ္ဘား ၊ နွေးထွေးသွား ။
တာဝူးတံတား
　ချယ်တန်းထားသည့်
　သံကြိုးများက ၊ ဧခက်လှ ။
လီဝါတောင်ဖက
　သီးနှင်းကျမြန်း
　တောင် "မင်စန်း" သာ
　ညွှင်လန်းစရာ ရင်မှာရွှဲမက်
　ပိုနှစ်သက်ရဲ့ ။
တပ်နီတော် သုံး တပ်
　လှမ်းကျော်ဖြတ်ခဲ့
　လန်းဆပ် မော်မြင်း
　ပျော်မဆုံး ။ ။

* ခိုင်မိုး



# ကန့်လန့်ကာနောက်ကွယ်က ထလောင်တရှောင်း

ဇော်ပါကြီး

ဘားတော့ဘရက်။

အထူးမိတ်ဆက်ပေးနေစရာမလိုတဲ့ နာမည်တခု။

မြန်မာပြည်က စာပေဝါသနာပါသူများအနေနဲ့ သူ့နာမည်ကို [illegible] အထူးမိတ်ဆက်ပေးဘို့တော့မလို။ ဒါပေမဲ့ သူ့ဘဝ၊ သူ့ရေးဖွဲ့ခဲ့မှုနဲ့ သူ့ရဲ့ [illegible] အကြောင်းများကိုတော့ သိချင်ကြမယ်လို့ အလွမ်းဖေးနေပါတယ်။

တကယ်တော့ မြန်မာပြည် စာပေနယ်ပယ်ထဲမှာ [illegible] လေး ထွက်လာတာကတော့ ဝေါက်ဆိုင်လွန်းလို့သာဖြစ်ပါတယ်။ ကံကောင်းလို့ [illegible] ပါဝင်တဲ့အကြောင်းအရာမျိုးနဲ့ တခြားလူတွေယောက်ယက်ကသော [illegible] သို့ မလွယ်တာအမှန်။ ဒါပေမဲ့ ဖြစ်ချင်တော့ ဘာသာပြန်သူတွေ [illegible] ဖြစ်နေခဲ့တယ်။

ဒီလိုနဲ့ ဘားတော့ဘရက်ကွယ်လွန်ပြီးလို့ [illegible] ဘားတော့ဘရက်ကများများဖတ်ရမယ်လို့ မြန်မာပြည်မှာ စာအုပ်ပါးလေးတအုပ် ထွက်ပေါ်လာခဲ့ပါတယ်။ [illegible] ဘိုင်ဂျ် သူ့ရေးခဲ့ ပုံနှိပ်ခဲ့တာ အနှစ် ၃၀ လောက်တောင် [illegible]

ဘယ်လိုဘဲဖြစ်ဖြစ် သူ့ကဗျာများရဲ့ယက်ကတော့ [illegible] ကဗျာဆရာများ၊ ကဗျာမွေ့သူများအဘို့ စာမျက်နှာ ၃-၄၀ သာပါတဲ့ ဒီစာအုပ်ပါးလေးဟာ လက်စွဲ စာအုပ်တအုပ် ဖြစ်သွားပါတော့တယ်။

× × × × ×

" စဉ်းစားတာ၊ စာရေးတာ၊ ဒါမှမဟုတ် ပြဇာတ်တပုဒ်ကို စီစဉ်တာတို့ဟာ
များ အဖွဲ့အစည်းကို ပြောင်းလဲပစ်ဖို့၊ နိုင်ငံတော်ကို ပြောင်းလဲပစ်ဖို့၊ အယူအဆ
တွေကို သွေးချွန်းပေးဖို့ပဲ "

ပြဇာတ်ဆရာလဲဖြစ်၊ ကဗျာဆရာလဲဖြစ်တဲ့ ဂျာမန်ကွန်မြူနစ် ဘားတော့ဘရက်ကို ၁၈၉၈ ခုနှစ်မှာ မွေးဖွားခဲ့ပါတယ်။

သူဟာပြဇာတ်များကို ၁၉၁၈ ခုနှစ်၊ အသက် ၂၀ အရွယ်မှာ စပြီးရေးခဲ့တာပါ။ အဲဒီ အချိန်ကာလဟာ ပထမကမ္ဘာစစ်ကြီးပြီးဆုံးလို့ နယ်ချဲ့သမားတွေ ကိုယ့်နက်ရာကိုယ်ပြန်ပြီး လျှာနဲ့လျက် နေကြတဲ့အချိန်။ နောက်ပြီး ဆိုဗီယက်ယူနီယံ ခိုင်တဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ စိတ်ကူးစွန့်ကြီးလဲ ထီးထီးမားမား အကောင်အထည်ပေါ်လာပြီဖြစ်တဲ့ အချိန်ပါဘဲ။ ဖမ္မတာဘဲ အဲဒီအချိန်မှာ ဥရောပနိုင်ငံအသီးသီးရှိ နေရှင် ပေါက်စတွေကြားမှာလဲ " ပုန်ကန်မှု " အမျိုးမျိုးတွေ ပေါ်နေပါတယ်။

ဘရက် အစောပိုင်းမှာရေးခဲ့တဲ့ " ဗားလ် "၊ " ညဉ့်လယ်ယံက ဗုံသံများ "၊ " လူဟာလူဘဲ "၊ စတာတွေဟာ အဲဒီကာလက အနုပညာအသိုင်းအဝိုင်းမှာ ဂယက်ထနေတဲ့ နေရှင်ပေါက်စပုန်ကန်မှုရဲ့ အစိတ်အပိုင်း များပါဘဲ။ ဒါပေမဲ့ ဒီအဦးပိုင်းလက်ရာများမှာကတည်းက သူ့နောက်ပိုင်းလက်ရာများမှာတွေ့ရတတ်တဲ့ တချို့ဒြပ် သတွေ ပေါ်လွင်နေတာ တွေ့ကြရပါတယ်။ ဒါဒါတွေကတော့ - သူ့ဇာတ်ကောင်များဟာ အသက်ဝင်နှုန်းကြွ ကမယ့်သူတွေပါဘူး၊ သာမန်လူတွေပါဘဲ။ သူ့ဟာသ ဟာ နက်ရှိုင်းပြီး သူ့အသုံးအနှုန်းဟာ လွယ်ကူလှ ပါ တယ်။ ဥနဲ့ပုံပွိုင်းစပ်ပြီး အဓိပ္ပါယ်လဲ ပြည့်ဝလှပါတယ်။

၁၉၂၃ နဲ့ ၃၀ ခုနှစ်အကြားကာလများကတော့ ဘရက်ရဲ့ အဝန်းစာပေမှာ ထင်ရှား ပေါ်လွင်လှပါတယ်။ အဲဒီကာလ ဂျာမဏီနိုင်ငံမှာ ဟစ်တလာဖက်ဆစ်ဝါဒဟာ အရှိန်ရကြီးထွားစပြုနေ ပြီး ကွန်မြူနစ်ပါတီဟာလဲ အင်မတန်လှုပ်ရှားနေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုထဲမှာ ပြဇာတ် အဖွဲ့ ပေါင်း ၃၀၀ လောက်ပေါ်ပေါက်လာပြီး ဒီပြဇာတ်အဖွဲ့များက၊ ကွန်မြူနစ်တော်လှန်ရေးရဲ့သဝဏ်လွှာကို ဖြန့် ကြပါတယ်။ ဒီပြဇာတ်အဖွဲ့တွေမှာ တခါတရံ ဇာတ်ဆောင်လေးအယောက်လောက်သာပါဝင်ပြီး တခါတရံတော့ ဇာတ်ရုံပေါင်း တထောင်နဲ့ချီပြီး ပါဝင်ကြပါတယ်။

ဒီအချိန်မှာ ဆိုဗီယက်ယူနီယံက တော်လှန်တဲ့အနုပညာသည်များလဲ ဂျာမဏီပြည် မှာ လာရောက်ကပြဖျော်ဖြေကြပြီး ပရိသတ်ကြားမှာ ရွှေကျွန်း ကြပါတယ်။ ဂျာမန် ကွန်မြူနစ်ပါတီဝင် တာဖြစ်တဲ့ အာဝင်း ပစ္စကေတာ ( Erwin Piscator ) ဟာ နိုင်ငံရေးပြဇာတ်များ တင်ဆက်ကပြပြီး ဇာတ် ခုံကို တော်လှန်ယမ်ခဲ့ ပါတယ်။ ဘရက်ဟာ ဒီတော်လှန်တဲ့ ပြဇာတ်ဆရာများနဲ့ အတူလုပ်ကိုင်ရင်း မာက်စ် ဝါဒ်နဲ့ လီနင်ဝါဒ်ကို တွေ့ရှိခဲ့တာပါ။ ဒီအခါမှာတော့ သူ့ရဲ့ပုန်ကန်မှုဟာ ဦးတည်ချက် ရှိလာပါပြီ။

၁၉၂၈ မှာ၊ သူဟာ " သုံးပဲတန် အော်ပရာ " ဆိုတဲ့ ပြဇာတ်လေးတပုဒ် ရေးပါတယ်။ ဒီပြဇာတ်ဟာ အရင်းရှင်စနစ်အောက်က လူမှုဘက်ဆိုင်ရေးများကို ဖွင့်ချလိုက်တာပါဘဲ။ ဒီထဲမှာ အရင်းရှင် ကြီးများကိုသရော်ထားပြီး ဆင်းရဲသားတွေကို ဂုဏ်ပြုထားပါတယ်။

အဲဒီထဲမှာပါတဲ့ ဆာတာပိုဒ်က -

" ကဲ - ကျုပ်တို့ကို ငါးပါးသီလ လုံစေချင်ကြတဲ့၊
ကျုပ်တို့ကို ခေါင်းဆောင်ချင်ကြတဲ့ လူကြီးလူကောင်းများခင်ဗျား -
ခင်ဗျားတို့ရဲ့ ဦးဆုံးတာဝန်ကတော့ ကျုပ်တို့ကို ဝမ်းဝအောင်ကျွေးဖို့ဘဲ။
အဲ - ကျုပ်တို့ဝမ်းစားပြီးရင်တော့ - ခင်ဗျားတို့ တရားစဟောနိုင်ပါပြီ။ "

တဲ့။

ဘယ်လောက်သဘောကျစရာကောင်းတဲ့ ခံစားမှုလဲ။ သရုပ်ဖော်လိုက်တာကလည်း ဘယ်လောက် ထိရောက်လိုက်သလဲ။

ဒီပြဇာတ်ရဲ့ ရေပန်းစားမှုဟာ ဘရက်ကိုကျော်ကြားစေခဲ့ပါတယ်။ ဒါပေမဲ့ ဒီ ပြဇာတ်ဟာ မက်သင်ပီဒါကို ဆန့်ကျင်တာဘဲဆိုပြီး ဘရက်ရဲ့ နောက်ပြဇာတ်တပုဒ်မှာ နာမည်တွေကသာ မြှင့် ပြီး ဖွဲ့ဖျက်ခဲ့ပါတယ်။ အဲဒီပြဇာတ်ကတော့ - "မဟော်ဂနီမြို့တော်ကြီး၏ အဝေါက်နှင့်အကျ" ။

သူ့ရဲ့ ဒီအဦးပိုင်းပြဇာတ်တွေဟာ အရင်းရှင်စနစ်ကို တောက်တောက်ခါးခါး ရှုတ်ချ ခဲ့ပေမဲ့ လူ့အဖွဲ့အစည်းကြီးကို ပြောင်းလဲဖို့လမ်းကိုတော့ မညွှန်ပြနိုင်သေးပါဘူး။

ဒါပေမဲ့ - အနုပညာခံယူချက်များဟာ နိုင်ငံရေးသဘောတရားများအပေါ် အခြေပြု လို့ကြောင်း နားလည်သဘောထားတဲ့ဘရက်ဟာ အနှစ်သာရမှာ မာ့က်စ်ဝါဒအမြင်ကို လိုက်ဆွဲစပြုနေပါပြီ။ သူ ဟာ ကမ္ဘာကြီးကို "လူတွေက ပြောင်းနိုင် နိုင်တဲ့အရာ" အဖြစ် တင်ပြနိုင်မဲ့ပြဇာတ်သင်္ကေတများ ရှာ ဖွေနေပါတယ်။

သူဟာ အခုဒီ "ဂန္ထဝင်" ပုံစံပြဇာတ်များအတွက် ပုံစံကို ဝိုးချဲ့ဖြစ်ထွန်းစေခဲ့ ပါ တယ်။ သူ့အနေနဲ့ သူ့ရဲ့ကောင်းတွေကိုသာမကဘဲ သူ့ရဲ့ကောင်းမွန်းဆောင်ချက်များရဲ့ နောက်ကွယ်မှာရှိ တဲ့ အားကြီးတဲ့ လူမှုအင်အားစုကိုပါ တဖွဲ့ဖို့ကြံဆခဲ့ပါတယ်။

ဒီလိုနဲ့ ၁၉၂၉-၃၀ မှာ ဘားတော့ဘရက်ဟာ "သားသတ်ရုံမှ စိန့်ဂျုံး"* ဆိုတဲ့ပြ ဇာတ်ကို ရေးခဲ့ပါတယ်။ ဒီပြဇာတ်ရဲ့သဘောကတော့ ဓလော်သမီစိန့်ဂျုံး ( ဂျုံး အော့ဖ် အာ့ခ် ) ရဲ့ရှုံးနိမ့်မှုကို တင်ပြတာပါဘဲ။ ဇာတ်လမ်းနောက်ခံက အမေရိကန်ပြည် ချီကာဂိုမြို့ကြီးက သားသတ်ရုံများမှာ ဖြစ် ပါတယ်။ ဒီမှာ ကယ်တင်ရေးတပ် မာပျော်တာဆိုး စစ်မှုထမ်းတယောက်က အလုပ်သမားတွေ ရှိုး နေထိုင်မှု ကောင်းမွန်ရေးအတွက် အဖိနှိပ်ခံသည့်သူဌေးကြီးဆီက ကြင်နာမှုကို အားကိုးလှုပ်ရှားရင်း ရှုံး နိမ့်ရပုံကို ဇာတ်လမ်း ဖော်ထားတာပါဘဲ။

ဒါပေမဲ့ ဗဟိုကတော့ အရင်းရှင်တွေရဲ့ကြီးပွားရေးဟာ ဘားတော့ဘရက်ရဲ့ပုံဖော်သား သလိုဘဲ - လက်တွေ့ဘဝနဲ့ကောင်းစွာ လည်ပါတ်နေတာမဟုတ်ပါဘူး။ ဘရက်ဟာ ဒီမိုးအလုံးရင်းလှုဆန်း တ ယောက်ခု တခုခု အရင်းရှင်မြို့ဆိုးမှု၊ ဘဏ္ဍာရေးလည်ပါတ်မှု၊ လုပ်အားခွဲခြားရှုတ်မှု စတာတွေကို တင် ပြပါတယ်၊ ဒီစနစ်ဆိုးကြီးကို အကြွယ်ကျဆုံးနည်းနဲ့ ဖွင့်ချခြင်းအားဖြင့် သူဟာလူ့အဖွဲ့အစည်းကြီး ကို နားလည်ဖို့နဲ့ ပြောင်းလဲဖို့နည်းလမ်းများ ဖော်ပြခဲ့ပါတယ်။

၁၉၃၀ ခုနှစ်များမှာ ဘားတော့ဘရက် ကြုံခဲ့ရတဲ့ ခါးသက်သောအနုပညာပြဿနာများဟာ ကနေ့ အနိုင်နိုင်ငံမှာကြုံတွေ့နေရတာတွေနဲ့ သိပ်မကွာလှပါဘူး။ ပြဇာတ်ဆိုတာ ဖျော်ဖြေဖို့လား - ပညာပေး ဖို့လား။ ပရိသတ်ရဲ့ ခံစားချက်ကိုဦးတည်မှာလား၊ စဉ်းစားတွေးခေါ်မှုကို ဦးတည်မှာလား။ လူမှုအင်အား ကြီးတွေကို ဘယ်လိုလုပ်ပြီး ဇာတ်ခုံပေါ်တင်ပြမှာလဲ။ အခုနေရာမှာ ဒီလိုမေးခွန်းတွေနဲ့ သူကြုံ ခဲ့ရပါတယ်။

သူက - "ခံစားချက်ဟာ အနုပညာနယ်ပယ်မှာ တခုတည်းသောဆုံးဖြတ်ချက်ဖြစ်တယ်။ ခံ စားချက်နဲ့လုံးဝကင်းကွာတာ ဖြစ်တဲ့ စဉ်းစားတွေးခေါ်မှုဟာ အင်မတန်အားနည်းပြီး လူသားမဆန်တဲ့အ ရာ၊ အဝရဲ့ဂုဏ်သတ္တိ စသဖြင့် စဉ်းစားတွေးခေါ်မှုကို အနုပညာနယ်ပယ်မှာ ထိုနည်းမဟုတ်သလို ပိတ်

* ၁၅ ရာစုအစောပိုင်းမှာပေါ်ခဲ့တဲ့ ပြင်သစ်လူမျိုးတဦးရဲ့ အမျိုးသမီးသူရဲကောင်းတဦးပါ။ သူမဟာမူလ က ပြင်သစ်ပြည်အရှေ့ပိုင်းမှ လယ်သူမလေးတဦး ဖြစ်ပါတယ်။ နောက်မှာသူမဟာ သူမကောင်းမှုများရဲ့ ခေါင်းဆောင်မှုနဲ့ ပြီး သစ္စာမဖောက်သူများလို ဘုရင် နန်းပြန်ရဖို့အတွက် တပ်များကိုဦးစီး တိုက်ခိုက်ခဲ့ပါတယ်။ အဲဒီအချိန်မှာ ပြင်သစ်နဲ့အင်္ဂ လိပ်တို့ နှစ်၁၀၀ စစ်ပွဲဖြစ်နေပြီး ပြင်သစ်က ရှုံးထားပါတယ်။ ဘုရားလ်ဘုရင် နန်းပြန်ရခဲ့ပေမဲ့ ဂျုံးကို အင်္ဂလိပ်နယ်ချဲ့သမား များက ဖမ်းမိသွားပြီး အင်္ဂလိပ်တွေဆီရောင်းစားခဲ့ကြပါတယ်။ ဒီအခါမှာ အင်္ဂလိပ်တွေက သူမကိုမီးရှို့သတ်ပြီး မီးရှို့သတ်ဖြတ်ခဲ့ပါတယ်။ သူမသေတော့ ၁၉ နှစ်သမီးအရွယ်ပါ။ ၁၉၂၀ ခုနှစ်မှာတော့ သူမကိုသာ သူတော်စင် ( စိန့် ) တဦးအဖြစ် သတ်မှတ်ခဲ့ပါတယ်။

ပင်ပန်းချင်သူတွေအားလုံးကို မယုံသို့ ကျုပ်သံသတိပေးချင်တယ်" တဲ့။

သူဟာ 'ပြဇာတ်မှာ ပညာပေးမှုနဲ့ ဖျော်ဖြေမှုတို့ဟာ မြန်းတလမ်း၊ သံတလမ်းဘဲ' ဆိုတဲ့အချွဲအလယ်းကို သူ့ရဲ့ပြောင်မြောက်လှတဲ့ ပြဇာတ်များနဲ့ တိုက်ဖျက်ပစ်ခဲ့ပါတယ်။ ဇာတ်ခုံဟာဖျော်ဖြေဖို့ဗိုကြောင်း အမြဲခံယူထားတဲ့ဘရက်က အသိပညာမဲ့မှုဆိုတဲ့ အမှောင်တိုက်ကြီးထဲမှာ အထဲတရဲ့ချောက်လုံးပိတ်လှောင်ခံထားရတဲ့သူများအဖို့ ပညာရဖွယ်အသိတာ ကြီးမားလှတဲ့ ဖျော်ဖြေမှုဘဲလို့ ရှင်းပြခဲ့ပါတယ်။

၁၉၃၀ နဲ့ ၃၃ ခုနှစ် ကြားကာလများမှာတော့ ဘရက်နဲ့အခြားတွဲဖက်တဲ့ အနုပညာသည်များဟာ အလုပ်သမားတွေစုရုံးလေ့ရှိတဲ့ အရက်ဆိုင်လေးတွေနဲ့ ထမင်းဆိုင်တွေမှာ သူ့ပြဇာတ်ထဲကသီချင်းတွေ သီဆိုပြီး ဖက်ဆစ်ဝါဒကို ဆန့်ကျင်ကြပါတယ်။

သူဟာကွန်မြူနစ်ပါတီနဲ့တွဲပြီး ရုန်းကန်လှုပ်ရှားနေများအပြစ်ကျွဲမြှားနေတဲ့ လူ့အဖွဲ့အစည်းကြီးအကြောင်း အခြေခံကျကျရှင်းပြဖို့ရည်ရွယ်တဲ့ 'ပညာပေး' ပြဇာတ်တိုများတင်ဆက်ပါတယ်။ ဒီထဲမှာ ဂေါ်ကီရဲ့ 'အမေ' လဲပါပါတယ်။ ဒါကတော့ ဆိုရှယ်လစ်ဝါဒအတွက် တိုက်ပွဲထဲပါဝင်ကြဖို့ မြှောင့်တပ်လှုံ့ဆော်ပါဘဲ။

ဒီကာလအတွင်းမှာဘဲ သူရေးထုတ်ခဲ့တဲ့ နောက်ပြဇာတ်တခုကတော့ "မြင်းချုပ်နဲ့ ဦးပဒေသ" ဆိုတာပါဘဲ။ ဒီပြဇာတ်က "အမေ" ထက်နဲနဲအယင်ကျပါတယ်။ အဲဒီကာလမှာ ဟစ်တလာရဲ့ ဖက်ဆစ်ဝါဒဟာ တဖြေးဖြေးတွင်ကျယ်စပြုနေပါပြီ။ ဒါကြောင့် အလုပ်သမားများအား ဖက်ဆစ်ဝါဒရဲ့ တကယ့်အနှစ်သာရကို ရှင်းပြဖို့နဲ့ ဖက်ဆစ်ဝါဒကို ပြင်းပြင်းထန်ထန်ရှုတ်ချဖို့အတွက် ဒီပြဇာတ်နှစ်ပုဒ်ကိုရေးခဲ့တာပါဘဲ။ ဖက်ဆစ်ဝါဒကို အမြောက်ပြန်ဆုံးသောအရှင်သခင်များက ထောက်ပံ့ထားကြောင်း၊ ယင်းတလာဟာအားတက် မှုယ်ရူးမိုန်းနှုန်းတွေပြောနေပေမဲ့ သူဟာဂျူးလက်ပြည်သူတွေရဲ့ရန်သူသာဖြစ်ကြောင်းများကို ပြဇာတ်အသွင်နဲ့ ပညာပေးထားပါတယ်။ "မြင်းချုပ်နဲ့ ဦးပဒေသ" ပြဇာတ်ဟာ ဘရက်ပြောတဲ့ "သူ့ရဲ့ပညာပေးပြဇာတ်များအနက် အကောင်းဆုံး" လို့ ဆိုမှတ်ပြုကြပါတယ်။

ဒီပြဇာတ်ထဲမှာ နိုင်ငံရေးအစီအပြယ်ကို အင်မတန်အနုပညာဆန်တဲ့ အသွင်သဏ္ဌာန်နဲ့ တင်ဆက်ထားပြီး အစကနေအဆုံးအထိ လှုပ်ရှားမှုတွေ၊ အံ့အားသင့်စရာတွေ၊ ကြွယ်ဝတဲ့စကားပြောတွေ၊ သီချင်းတွေနဲ့ စေဆာနေတာပါဘဲ။ အဲဒီလိုပေါင်းစပ်ဂုဏ်နေ ထွက်လာတဲ့ဟက်ရှာကတော့ အဆင့်အတန်းမြင့်တဲ့ ဖျော်ဖြေမှုလဲဖြစ်၊ နက်ရှိုင်းတဲ့ပညာပေးမှုလဲဖြစ်တဲ့ လက်ရာမွန်တခုပါဘဲ။

ပြဇာတ် ၈ ခုချင်းကတော့ ---

"ကျနော်တို့အနေနဲ့ ဒီကနေပြီး
သွေးစုပ် သူတဦးနဲ့ သွေးစုတ်ခံရသူနှစ်ဦး
ပျောက်လွှမ်းခဲ့ကြတဲ့ လမ်းကြောင်းတခုအကြောင်း
တင်ပြအစီရင်ခံပါမယ်
ဒီလူတွေရဲ့လှုပ်ရှားကို
သေချာစေ့ငုံကြည့်ကြစမ်းပါ - - -" တဲ့။

ကွန်သည်တယောက်ရယ်၊ လမ်းပြတယောက်ရယ်၊ အထမ်းသမားကူလီတယောက် ရယ်တို့ သဲကန္တာရကြီးတခုကို ဖြတ်လျှောက်လာခဲ့ကြပါတယ်။ သူတို့ဟာရွာလေးတရွာကို ဦးတည်သွားနေကြတာဖြစ်ပြီး ကုန်သည်ကြီးအနေနဲ့ ရေနံမြေလုပ်ငန်းတခုမှာ သူ့ရဲ့ပြိုင်ဘက်များထက်ဦး အနိုင်ခေတ်ရနိုင်လိမ့်မယ် လို့ တွက်ဆထားပါတယ်။

"ကျနော်တို့အတွက်တော့ ခံစားချက်ဆိုတာ စဉ်းစားတွေးခေါ်မှုကို အစွမ်းကုန်အသုံးပြုဖို့ကောင်းဆိုတာယ်။ အကြောင်းကတော့ စဉ်းစားတွေးခေါ်မှုကသာ ကျနော်တို့ရဲ့ခံစားချက်တွေကို အသပ်းရောင်လေးမှာမို့ကဲ"

" လူသတ်မှုတွေရဲ့အလယ်မှာ ဂါဝဲလျှရဲ့အက်ရာကို စည်းပေးခဲ့ခြင်းကျွက် ကိုယ့်အကျိုးကို သူတော်မြဲပေးမဲ့သူဟာယောက်ဟော့ အမြဲရှိနေတာကဲ... "

အဲဒီတော့ ဘာဖြစ်ကြသလဲ။ ဆစ်ဒီထဲက သီချင်းတပုဒ်မှာပါသလို " အစဉ်မပြတ် ဖြစ်ပွားနေ တဲ့ အတိုင်း "၊ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်းဘဲ ဖြစ်ပျက်တာပါဘဲ။

ဘရုတ်ဟာ ဒီလိုအချိန်ပတ်မှာ နိစ္စရုဝ - သမပြိုးကျွနိုင်ငံတွေ အဖြစ်အပျက်များကိုအသုံးပြုပြီး အဖြစ်အတွက်လုံးပမ်းပုံ၊ ဘွေးရှုတ်မှု၊ နယ်ချဲ့ဝါဒနဲ့ လူတန်းစားတွေးမျှတမှု စတာတွေကို ဖော်ထုတ်ခဲ့ပါတယ်။ သူဟာ တနာဂီဟောက်ကြားတဲ့ ဒီပြဇာတ်ရဲ့အခန်းရှုမ်ခန်းထဲမှာဘဲ အရင်းရှင်လူ့အဖွဲ့အစည်းရဲ့ အခြေခံသဘောတရားတို့ ပုံများကို ဖွင့်ချခဲ့ပါတယ်။ သာမန်အဖြစ်အပျက်များကနေ အရင်းရှင်စနစ်ရဲ့ " ဥပဒေသ " နဲ့ " ခြွင်းချက် " များကို ဖော်ကျူးရာမှာ သူ့ရဲ့သဘောထားကို ထင်ရှားစွာတွေ့ကြရပါတယ်။

" ဥပဒေသကတော့ ဒီပါဘဲ - ပါးလွှဲတစ်ချက် နှားကိုက် - - ၊
သူရူးများသာ ခြွင်းချက်ကို ဖော်ပေးနေကြမှာပဲဟယ်၊
စည်းစေးဥာဏ်ရှိသူ တပေါင်းအသရေနဲ့
ရန်သူ့ခြေထိက အရှုပ်ဆည်းထိခံလောက်ရုံ
မျှော်လင့်မှာ မပေါင်းစပ်ဘူး " ။

၁၉၃၃ ခုနှစ်မှာတော့ ပတ်စ်တလာ အဘဏ်အရှူးပါးပါတယ်။ ဖက်ဆစ်တွေအနိုင်ရတော့ ဝေါက်တလုံး မိုးတလုံး ဂျာမန်ကြီးစကားကျယ်များဆစား လက်တွေ့ပိုကျလာပါပြီ။ အရင်းရှင်လူတန်းစားချုပ်ကိုင်ထားတဲ့ဒီမိုရှုပျုံးပဲရှင် လက်နက်နဲ့ခြောက်လှန့်တဲ့ဖက်ဆစ်ဝါဒဟာ ကျွန်မြှင့်တင်တွေး တိုးတက်သူတွေနဲ့လူ ဘယ်လိုကြံ့ခိုင်ပြီး ပြိုင်းချိန်းခွာ အတူယှဉ်တွဲနေမလဲ ' နိုင်မှာလဲ။ ဒီလိုနဲ့ ဘားဝေးဂျူးလူမျိုးအပါအဝင် တိုးတက်တဲ့ ပညာရှင် အတော်များများဟာ နယ်နှင်ဒဏ် ခံရပြီး မိမိတိုင်းပြည်ကိုသာ အဝေးကပြန်ကြည့်ရပါတယ်။

ဘယ်လိုဘဲဖြစ်ပစေ ဘရက်ဒ်ဆိုတော့ ပြင်သစ်၊ စကင်ဒီနေးဗီးယား၊ အမေရိကန်တို့မှာ လှည့်လည်နေခဲ့တဲ့ ၁၅ နှစ်တာကာလဟာ အချည်းနှီးမဖြစ်ခဲ့ပါဘူး၊ အများကြီးဘဲ အကျိုးရှိခဲ့ပါတယ်။


ဒီကာလတွေအတွင်းသူဟာ ပြဇာတ်ကြီးပေါင်း ၁၀ ပုဒ်တက်မနဲ့ ရေးခဲ့ပြီး၊ ကဗျာအတော်များ ဆိုသလိုပြသနာများကို သူ့ဇာတ်ကောင်တွေကတဆင့် အဖြေပေးခဲ့ပါတယ်။ မယ်နီပြည်သူ့စစ်အကြောင်းကို " ဆီမွန်ကာရာ၏ သေနတ်များ "၊ လူမှုစံနစ်ရဲ့ စစ်တို့ရဲ့သက်ဆိုင်မှုအကြောင်းကို " သတ္တိမေခင် " တိုးတက်မှုနဲ့ လူငယ်တွေရဲ့တာဝန်ရှိမှုတို့ကိုဖော်ပြနိုင်တဲ့လူ့လုပ်ငန်းအားများကတဆင့်အကြောင်းအဖြစ်ပြလိုတဲ့ "ဂါလီလီယို" ဆိုတာတွေဟာ ဒီကာလအတွင်းက ပြောင်မြောက်လှတဲ့ ဘရက်ဒ်ရဲ့လက်ရာများပါဘဲ။

သူဟာ ဖက်ဆစ်ဆန့်ကျင်တဲ့ပညာတတ်များအကြားက အရှေ့ဆောင်ရွေးချယ်မှုတွေမှာလဲ ပါဝင်ခဲ့ပါတယ်။ သူက - ဖက်ဆစ်ဝါဒဆိုတဲ့ ဂယာ ရေနှင်းလိုစွန်းထားသလို အမြောက်ပြန်ခံနိုင်အဆင့်ကနေ ပေါ်ထွက်လာတာ ဖြစ်ကြောင်း၊ လူ့ဘဝရဲ့ဓိတ်ရှေ့ဂါကြောင့် ပေါ်လာတာမဟုတ်ကြောင်းများ ရှင်းပြခဲ့ပါတယ်။

သူဟာ စစ်ဖွန်တဲ့ကျွန်မြှုနစ်တယောက်ပီပီ ဆဲဒီးဆုံးက စစ်ရေးအရှုံးအထူ အယူအဆလှူ့အပ ယူ၊ အသိုက်ဆိုက်ခံနေရတဲ့ ဆိုဗီယက်ယူနီယံနဲ့ စတာလင်ဘက်က ကြုံကြုံခိုင်ခိုင်ရပ်တည်ကာကွယ်ခဲ့ပါတယ်။

သူဟာ အသူသညာသဘောတရားအရာတဦးပီပီ အခြားသောမှော်က်စ်ဝါဒီ စာရေးဆရာများနဲ့ ဆွေးနွေးငြင်းခုံပြီး သူ့ရဲ့ဇာတ်သဘင်ဆိုင်ရာ အယူအဆများနဲ့ အနုပညာသရုပ်မှန်ဝါဒဆိုင်ရာ သူ့အတွေးအခေါ်ကို တိုးတက်ဖွံ့ဖြိုးစေခဲ့ပါတယ်။

မဟာ့ကမ္ဘာစစ်ကြီးဒုတိယ အတည်ပြုပြီးနောက်၊ အမေရိကန်နိုင်ငံမှာ ကွန်မြူနစ်ဆန့်ကျင်ရေး အရူးအမူးရှုပ်ကြရင်း ဘရက်ဒ်ကိုပါဖမ်းဆီးမယ်လို့ ခြိမ်းခြောက်ခံရတဲ့အတွက် သူဟာ ၁၉၄၄ ခုနှစ်ဆောင်း ဦးမှာ ဥရောပကိုပြန်လာခဲ့ပါတယ်။ သူဟာ ဆွစ်ဇာလန်နိုင်ငံမှာ တနှစ်နေခဲ့ပြီး အရှေ့ဂျာမဏီမှာ အခြေချနေ



# ပရမ်ချုန်း၏ နောက်ပြောင်ခြင်း

ရဲဘော် မေဓီ

ထူးခြားတဲ့ တိုက်ဆိုင်မှုတခုကတော့ နိုင်ငံကြီး (၃) နိုင်ငံက စာရေးဆရာကြီး (၃) ယောက်ဟာ တနှစ်ထဲမှာ ကွယ်လွန်သွားခဲ့ကြခြင်းဘဲဖြစ်ပါတယ်။ အဲဒီနှစ်ကတော့ ၁၉၃၆ ခုနှစ်ပါ။ ကွယ်လွန်သွားကြတဲ့ စာရေးဆရာကြီးများကတော့ ရုရှားနိုင်ငံက မက္ကဇင်ဂေါ်ကီ၊ တရုတ်နိုင်ငံက လူရွှန်းနဲ့ အိန္ဒိယနိုင်ငံက ပရမ်ချုန်း တို့ပါဘဲ။

ရုရှားနိုင်ငံက မြောက်မြားလှတဲ့ပြည်သူလူထုကြီးဟာ စာရေးဆရာကြီးဂေါ်ကီ ကွယ်လွန်သွားခြင်းအတွက် ပူဆွေးဝမ်းနည်းနေကြတဲ့အချိန်မှာ အိန္ဒိယနိုင်ငံမှာရှ ၁၀၀ လောက်က ပရမ်ချုန်းကိုသင်္ဂြိုလ် ဖို့ သယ်ဆောင်လာကြပါတယ်။ ဒီလို အသုဘချလာတာကို ဈေးထဲကလူတယောက်က "ကျောင်းဆရာတယောက် ယောက် သေတာထင်တယ်" လို့ ထင်မြင်ချက်ပေးလိုက်ပါတယ်။

အမှန်ပါဘဲ။ ပရမ်ချုန်းဟာ နှစ်ပရိစ္ဆေဒကြာမြင့်စွာ ကျောင်းဆရာဖြစ်ခဲ့ပြီး၊ ကျောင်းမှာ

---

တယ်။ ဆဲဗီးယားသူက ဘာလင်အာဆဲမ်ဘယ်လ် ကိုတည်ထောင်ဒါရိုက်တာလုပ်ရင်း ၁၉၅၆ ခုနှစ်မှာ ကွယ် လွန် သွားခဲ့ပါတယ်။

အဲဒီအချိန်မှာ သူ့အသက်က ၅၈ နှစ်ရှိပါ။ ။

[ကနေဒါနိုင်ငံမှထုတ်ဝေသော "ရွှေသို့တက်လှမ်းခြင်း" (The Forge) ဂျာနယ် (၁၉၈၁၊ ဖေဖော်ဝါရီ ၂၇) ပါ "အားတော့ ဘရက်" ဆိုသောဆောင်းပါးကို မှီငြမ်းပါသည်။]

* မောင်ပါကြီး

စာပေသင်ကြားပေးခဲ့ရပါတယ်။ ဒါပေမဲ့ ပရမ်ချန်းဟာ သူ့ရဲ့တိုင်းပြည်ဖန်တီးမှုရှိတဲ့ စာပေကိုသာ မိုမိုအလေး ထားပြီး သင်ကြားပေးခဲ့ပါတယ်။ သူ့ရဲ့အရေးပါမှု ကို သူကွယ်လွန်ပြီး ကာလအတန်ကြာမှ သိရှိလက်ခံ လာ ခဲ့ကြပါတယ်။ ဒီကနေ့မှာ ပရမ်ချန်းကို အကြီးမြတ်ဆုံး ဟင်ဒီ စာရေးဆရာကြီးအဖြစ် အသိအမှတ် ပြု ထားကြပြီး သူကွယ်လွန်ခဲ့တာ အနှစ် ၅၀ နီးပါး ရှိပြီ ဖြစ်သည့်တိုင် အခုအချိန်ထိ သူ့ကို မမေ့ကျော် လွန်နိုင်ကြသေးပါဘူး။ ပရမ်ချန်းရဲ့ခေတ်က ကျေးလက် လူ့အဖွဲ့အစည်းဟာ သူ့ဝတ္ထုများနဲ့ ဝတ္ထုရှည်များထဲ မှာ အသက်ဝင်လှုပ်ရှား နေပါတယ်။ အိန္ဒိယကျေးရွာ တွေရဲ့ ပကတိရုပ်သဏ္ဌာန်ဟာ နှစ်ပေါင်း ၅၀ အတွင်းမှာ အပြောင်းအလဲသိပ်မရှိခဲ့ပါဘူး။ ဒါကြောင့် သူ့ရဲ့ဝတ္ထု ရှည်များနဲ့ ဝတ္ထုတိုများဟာ ဒီကနေ့ထက်တိုင် ခေတ်မှီ နေသေးပြီး အလွန်စိတ်ဝင်စားစရာ သရုပ်မှန် ဖြစ် နေတာ ဖြစ်ပါလိမ့်မယ်။

ပရမ်ချန်းရဲ့ဘဝဟာ ပန်းခင်းလမ်းမဟုတ်ခဲ့ ပါဘူး။ ပရမ်ချန်းကို ဗာရာဏသီ အနီးမှ "လမဟီ" ဆိုတဲ့ရွာကလေးမှာ ၁၈၈၀ ခုနှစ် ဇူလိုင်လ ၃၁ ရက် နေ့က မွေးဖွားခဲ့ပါတယ်။ ပညာဆက်လက် လေ့ လာ သင်ယူနိုင်ဖို့အတွက် သူဟာ မိုင်ပေါင်းများစွာ လမ်း လျှောက်ခဲ့ရပြီး လယ်မီးတိုင်များအောက်မှာ စာဖတ် ခဲ့ရပါတယ်။ စာပို့သမားတယောက်ဖြစ်တဲ့ သူ့ဖခင်ဟာ သူ့သားသမီးတွေကို ပညာသင်ကြားပေးဖို့ မတတ်နိုင် ခဲ့ပါဘူး။ ဒါပေမဲ့ ပရမ်ချန်းမှာ မြင့်မြတ်သောသန္နိဋ္ဌာန် စေတနာတွေ ရှိနေတဲ့အပြင် သူကိုယ်တိုင်ကြိုးပမ်းအား ထုတ်မှုကြောင့် သူ့ပညာရေးခရီးကို ရှေ့ဆက်နိုင် ခဲ့ပါ တယ်။ သူဟာ တလမှာ ငွေငါးကျပ်နဲ့ အလွတ်ပညာသင် ကြားပေးခဲ့ပါတယ်။ ဒီငွေငါးကျပ်ထဲက သုံးကျပ်ကို သူ့ မိသားစုထံ ပို့ပေးလေ့ရှိပြီး ကျန်တဲ့ငွေနှစ်ကျပ်နဲ့သူ့အသ ဝ ရပ်တည်နိုင်ဖို့ ကြိုးစားခဲ့ရပါတယ်။ သူဟာ အနည်းအ ကျဉ်း အကြွေးတင်နေတာလေးတွေကိုတောင် ဆယ် စု နှစ်ပေါင်းများစွာ ပြန်မဆပ်နိုင်ခဲ့ပါဘူး။ သို့တိုင်အောင် သူဟာ စာကလိပ်သာကို ခြေဦးမလှည့်နိုင်သေး ပါ ဘူး။ ပရမ်ချန်းဟာ သူ့ရဲ့အပတ်တကုတ် ကြိုးပမ်းအား ထုတ်မှုနဲ့မှ ကျောင်းဝင်ခွင့်ရခဲ့ပြီး ဥပစာတန်းစာမေး ပွဲ အောင်မြင်ပြီးတဲ့အခါမှာ ကျောင်းဆရာ တယောက် ဖြစ်လာခဲ့ပါတယ်။ ဒီအလုပ်ဟာ သူ့အတွက်ငွေရေးကြေး ရေး အာမခံချက်ပေးခဲ့ပါတယ်။ ပရမ်ချန်းဟာ စာကို အငမ်းမရဖတ်သူဖြစ်ပြီး သူ့လက်ထဲရောက်လာ တဲ့ ဘယ်စာအုပ်ကိုမဆို ဖတ်ခဲ့တာပါဘဲ။ သူ့ရဲ့အစ ဦး ဆုံး ဝတ္ထုရှည်များနဲ့ဝတ္ထုများကို ဥရုဒူ ဘာသာနဲ့ ပုံနှိပ် ထုတ်ဝေခဲ့ပါတယ်။ ဒါပေမဲ့ ဟင်ဒီဘာသာဖြင့် ကျွမ်းတဲ့ စာဖတ်ပရိသတ် အသိုင်းအဝိုင်းကျယ်ပြန့်များပြားတာကို တွေ့မြင်ပြီး သူဟာ ဟင်ဒီဘာသာနဲ့ ပြောင်းလဲပြီး ရေး သားခဲ့ပါတယ်။ သူ့ရဲ့ ပထမဆုံး ဟင်ဒီဘာသာနဲ့ရေးသား တဲ့ "ပန့်(ချ်)ပါရှိမ်" ဆိုတဲ့ဝတ္ထုကို ၁၉၁၆ ခုနှစ်မှာ ပုံနှိပ်ထုတ်ဝေခဲ့ပါတယ်။ ဒီဝတ္ထုဟာ ရှေ့ပြေး ၅၅ ဖြစ်သွားခဲ့ပြီး မကြာခင်မှာဘဲ သူ့ကို အောင်မြင် ကျော်ကြားလာခဲ့ ဝတ္ထု ( ဝတ္ထုနဲ့ဝတ္ထုတို ) ရေးဆ ရာ တဦးအဖြစ် အသိအမှတ်ပြုခဲ့ကြပါတယ်။

အဲဒီအချိန်က အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုများဟာ ပရမ်ချန်းအပေါ် အကြီးအကျယ် ကြီးမားသောသက်ရောက်ခဲ့ပြီး သူ့ဝတ္ထုများနဲ့ ဝတ္ထုရှည်များ ထဲမှာ ဒီလှုပ်ရှားမှုများရဲ့ရုပ်ပုံကို [illegible] ရေး သားဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ဝတ္ထုတိုပေါင်းချုပ် "ဆို ဇေဝတန်" ( အမျိုးသားအာကျိုး ) ကို ဗြိတိသျှကိုလိုနီ အုပ်စိုးသူများက ထောင်မြောက်ပိတ်ပင်ခဲ့ပါတယ်။ ပ ရမ်ချန်းဟာ ဂန္ဓီရဲ့ပြည်တွင်းလွှမ်းမိုးမှုကိုသိခဲ့ရပြီး သူ ရဲ့ [illegible] ကာလ [illegible] နောက်ပိုင်း [illegible] မိုး နေခဲ့ [illegible] သူဟာ [illegible] အ [illegible] ဆိုမှုကြောင့် [illegible] ခဲ့ပါတယ်။ သူဟာ [illegible] တဲ့ ဘော်ရှီဗစ် တော်လှန်ရေးကြီးကို လက်ခံကြိုဆိုပြီး [illegible] ခဲ့ ပါတယ်။ သူ့ရဲ့ [illegible] ရေးသားချက် များ နေရာမှာ သရုပ်မှန် [illegible] ခဲ့ပါတယ်။ ၁၉၃၆ ခုနှစ် သူမကွယ်လွန်မီ [illegible] ပုံ နှိပ်ထုတ်ဝေခဲ့တဲ့ "ဂိုဒန်" ဟာ အိန္ဒိယကျေးလက်ရဲ့ တ ကယ့်လူ့အရှုပ်ကို [illegible] ပေါ်အောင် ဖော်ပြနိုင်ခဲ့ပါတယ်။ ဒီဝတ္ထုကို အခုအခါမှာ ဂန္ထဝင် ဝတ္ထုအဖြစ် အသိအမှတ်ပြုခံရတဲ့အပြင် အိန္ဒိယနိုင် ငံ့ဘာသာစကားအများအပြားနဲ့ နိုင်ငံခြားဘာသာစကားများအ ပြားသို့ ဘာသာပြန်ဆိုခဲ့ကြပြီးပါပြီ။ သူ့ရဲ့ဝတ္ထု "က ဖန်း" ကို မရိုနာလ်ဆင်းက ရုပ်ရှင်ရိုက်ကူး ခဲ့ပါ တယ်။ "ဒိုလိဘိဒိုးဘိုးသော" ဆိုတဲ့ အမည်ပေးထားတဲ့ ဒီရုပ်ရှင်ကားကို တယ်လီဂူ ဘာသာနဲ့ ရိုက်ကူးပြသ ခဲ့ ပါတယ်။

၁၉၃၆ ခုနှစ်မှာ ပရမ်ချန်းဟာ တိုးတက် သော စာရေးဆရာများ အစည်းအရုံးရဲ့ ပထမဆုံး ကွန် ဖရင့်ကို လက်ကနောင်းမြို့မှာ ဦးစီးကျင်းပခဲ့ပါတယ်။ ဒီကွန်ဖရင့်မှာ သူဟာ စာရေးဆရာများကို လူ့သားဆန်

တဲ့ အတွေးအခေါ်ဘက်က ရေးသားကြရန် ဝိုင်းဝန်း နှိုး လှုံ့ဆော်ခဲ့ပါတယ်။

ပရမ်ချန်းဟာ ပါရမီဉာဏ်ထူးကဲတဲ့ ဝတ္ထု တို၊ ဝတ္ထုရှည်ရေး စာရေးဆရာတယောက် ဖြစ်ယုံသာမက ထက် မြက်ရှူးမှုတဲ့ သတင်းစာဆရာတယောက်လဲ ဖြစ်ပါ တယ်။ သူရေးတဲ့ ဝေဖန်မှုဆောင်းပါးများကို စာပုံနှိပ်စက်တ လုံး ဝယ်ဘို့ သုံးစွဲခဲ့ပြီး၊ စာစောင်ဂျာနယ် "ဟန်းစ်" ကိုပုံနှိပ် ထုတ်ဝေခဲ့ပါတယ်။ "ဟန်း စ်" ဂျာနယ်ဟာ ပြင်းပြထက် သန်တဲ့ မျိုးချစ်အမြင်များ တင်ပြဆွေးနွေးကြရာ စင်မြင့် တခု ဖြစ်လာခဲ့ပါတယ်။ ပရမ်ချန်းဟာ ဂုံယန်ရုံ၏ ဒီ ဂျာနယ်ထဲမှာ ကော်လံတခုနေရာ ရေးသားလေ့ရှိပါတယ်၊ သူဟာ ပါစ်တာလာနဲ့ မက်ဆာစ်ဂါဒီရဲ့ ခြိမ်းခြောက်မှုကိုသိ ရှိသားပြီး ဒါကိုဆန့်ကျင်ကြဘို့ စာဖတ်ပရိသတ်များ ကို သတိပေးလှုံ့ဆော်ခဲ့ပါတယ်။ ၁၉၃၆ ခုနှစ် စက် တင်ဘာလမှာ သူနောက်ဆုံးတချင်း ဖြစ်ထုတ်ဝေ ခဲ့ တဲ့ "ဟန်းစ်" ဂျာနယ်မှာ သူ့ရဲ့ "မဟာဂျာနီ ဆဘဒ် တာ" (ခရိုင်းရှင်ယဉ်ကျေးမှု) ဆောင်းပါးကို ထည့် သွင်းဖော်ပြခဲ့ပါတယ်။ ဒီဆောင်းပါးမှာ သူဟာ ဓနရှင် ယဉ်ကျေးမှုရဲ့ အကြင်နာကင်းမဲ့ခြင်းနဲ့ လူ့ရုပ် သိက္ခာ ကင်းမဲ့စေခြင်းကို ဖော်ထုတ်တင်ပြ ထားပါ တယ်။

ပရမ်ချန်းဟာ ဝတ္ထုတိုပေါင်း ၂၀၀ ကျော်၊ ပြဇာတ်တို့ ၃ ပုဒ်၊ ဝတ္ထုရှည် ၁၁ ပုဒ်နဲ့ ဝေဖန်ချက် အမြောက်အများ ရေးသားခဲ့ပါတယ်။ သူကွယ်လွန်တဲ့ အချိန်မှာ သူဟာ အပြီးမသတ်ရသေးတဲ့ "မန်ဂါ လ် ဆူ ထရ" ဝတ္ထုရှည်ကြီးကို ရေးသားနေဆဲဖြစ်ပါတယ်။ ဒီဝတ္ထုက သူ့ရဲ့အတွေးအခေါ် ပိုပြီး ရင့်သန်ဖွံ့ဖြိုးလာ တာကို ဖော်ပြနေပါတယ်။ သူဟာ သရုပ်မှန်ဝါဒီ တ ယောက် ဖြစ်ရာကနေ ဖြစ်လာပြီး သူ့ရဲ့လူ့မှုအား တဲ့ စိတ်ကူးယဉ်ဝါဒ အမြင်တွေကို စွန့်လွှတ်ခဲ့ပါတယ်။


ပရမ်ချန်းဟာ သူ့ဘဝရဲ့ ခက်ခဲကြမ်းတမ်းမှု ဒဏ် ကြောင့် ရောဂါဝေဒနာ ဖိစီးလာခဲ့ပြီး ၁၉၃၆ ခု နှစ် အောက်တိုဘာလ ၈ ရက်နေ့မှာ ဗာရာဏသီမှာ ကွယ်လွန်သွားခဲ့ပါတယ်။


သူ့ရဲ့ ပုဂ္ဂိုလ်ရေးဘဝမှာလဲ ပရမ်ချန်းဟာ သူပုန်တယောက်ပါဘဲ။ သူဟာ ဘယ်ဝန်းကျင်မှ လူ့ယ ဘဝ ကာမဂုဏ်ပျော်ပါးလိုက်စားခြင်း မပြုခဲ့ပါဘူး။ ပရမ်ချန်းဟာ မုဆိုးမတယောက်ကို လက်ထပ်ယူခဲ့ပြီး သူကွယ်လွန်တဲ့အခါမှာ "ဆရီပက်ရိုင်" နဲ့ "အမ်းမရစ် ရိုင်" ဆိုတဲ့ သားနှစ်ယောက် ကျန်ခဲ့ပါတယ်။ ဒီသား နှစ်ယောက်လုံးဟာ ကျော်ကြားတဲ့ ဟင်ဒီစာရေးဆရာ များဖြစ်ကြပါတယ်။ သူ့ရဲ့ဇနီး "ရှီဗရာနီ ပရမ်ချန်း" ဟာလဲဘဲ ကျော်ကြားတဲ့ ဟင်ဒီ စာရေးဆရာမတယောက် ဖြစ်ပါတယ်။

ပရမ်ချန်းဟာ သူ့ရဲ့ဝတ္ထုရှည်၊ ဝတ္ထုတိုများ ဖြင့် ဟင်ဒီစာပေကို တော်လှန်ပြောင်းလဲ ပစ်ခဲ့ပါတယ်။ သူဟာ အိန္ဒိယ လူငယ်စာရေးဆရာများအတွက် မီးရှူး တန်ဆောင်အဖြစ် နှစ်ပေါင်းများစွာ ဆက်လက်တ ည် တန့် နေပါလိမ့်ဦးမယ်။ ။

[အိန္ဒိယနိုင်ငံမှ ထုတ်ဝေတဲ့ ၁၉၈၃ ခုနှစ်ဝင်ဘာ ၁၉ ရက်နေ့ထုတ် "Frontier" အပတ်စဉ်ဂျာနယ် မှ ညွှာမန့်ပရာသဝင်ကာ ၏ ပရမ်ချန်းကိုအောက် မေ့ သတိရခြင်း ဆောင်းပါးကို ဘာသာပြန်ဆို ပါသည်]

✲ ရဲတော်ဝေမီ





ဝဉ်း ၊ အဂ္ဂါစိုး

ဒီနာမည်ဟာ ဒီအင်ခဲ့တဲ့ မြို့နေ ဖိုးတက်သူ အသိုင်းအဝိုင်း အကြား ၁၉၆၀ ခုနှစ် ပတ်ဝန်းကျင်များမှာ အကျွမ်းတဝင် ကြားသိလာရတဲ့ နာမည်ဖြစ်ပါတယ်။ အဲဒီခုနှစ်ပတ်ဝန်းကျင်မှာ သူ့ရဲ့ကျော်ကြားလှတဲ့ "တရုပ်ပြည်ပေါ်က ကြယ်နီ" ဆိုတဲ့ စာအုပ်ကို တင်ဆွေး ဘာသာပြန်ထုတ်ဝေခဲ့ပါတယ်။ ထပ်ပြီး "ဘဝချင်းမတူသည့် တရုပ်ပြည်" ဆိုတာကိုတော့ လှသုခင်ဖြူဟာ ဘာသာပြန်ခဲ့ပါတယ်။ နောက်ဆုံး မြသန်းတင့်က "တောင်များ၏ တောင်ဘက်မှ ပင်လယ်များ၏ မြောက်ဘက်သို့" ဆိုတာကို သိပ်ကြိုက်စရာကောင်းအောင် ဘာသာပြန်ခဲ့ပါတယ်။

အုပ်စိုးသူ ပေါက်ပြန်တဲ့ အဆိုးတွေများရဲ့ ဒီမိုကရေစီအသွင်ဆောင်ရေး ပိန်းမှိန်မှု အမျိုးမျိုးကြားက အညွန့်တလူလူနဲ့ မပြတ်ရှင်သန်နေတဲ့ ပြည်သူ မြည်ဘူးလူထုရဲ့ နိုင်ငံရေး နိုးကြားတက်ကြွမှု အခြေခံပေါ်မှာ လူထုက နိုင်ငံရေးစာပေများကို စိတ်ဝင်တစား ဖတ်လာတတ်ရှိနေတဲ့ကာလမှာ ထွက်လာတဲ့ စာအုပ်များဖြစ်တာက ကြောင်း၊ သမိုင်းအစဉ်အလာရှိတဲ့ ကမ္ဘာကျော်စာအုပ်များဖြစ်တာကကြောင်း၊ တော်လှန်ရေးသမားများကို ကိုယ်ခံအားကောင်းတဲ့အရွယ်၊ တော်လှန်ရေးအသင်းဖြစ်ချင်စော သန်နေကြတဲ့အရွယ်ဖြစ်တာကကြောင်း၊ အကြောင်းအမျိုးမျိုးတွေကြောင့် ဒီစာအုပ်များရဲ့ ဂယက်ဟာ အတော်ကြီးခဲ့ပါတယ်။ တချိန်တည်းမှာဘဲ ဒီစာအုပ်များကို ရေးသားသူ အဂ္ဂါစိုးကိုလည်း ရင်းနှီးခင်မင်လေးစား လာကြတော့တာပါဘဲ။

"တရုပ်ပြည်ပေါ်က ကြယ်နီ" ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၃၀ ကျော် ၄၀ နီးပါးက စာအုပ်ပါ။ စတွက်တာထဲက တရုပ်ပြည်သူလူထုကိုသာမက ကမ္ဘာ့ပြည်သူအများကြီးကို အမြင်ကျယ်စေခဲ့၊ ပြောင်းလဲစေခဲ့တာ ပါဘဲ။ တရုပ်ပြည်မှာ ၁၉၃၇ ခုနှစ်က ကူမင်တန်လက်အောက်မှာ "အနောက်အရပ်ဆိုင်ရာ မှတ်တမ်း" ဆိုပြီး လျှို့ဝှက်ထုတ်ခဲ့ရပါတယ်။ ချောင်ဖြူကြီးမီး ခြောက်မှုအောက်မှာ ဒီစာအုပ်ကို ခိုးကြောင်ခိုးဖွက် ဖတ်ခဲ့ကြရတာပါ။ ဒီစာအုပ်ဟာ မဲမှောင်လှတဲ့ကောင်းကင်ပြင်က တောက်ပတဲ့ကြယ်တပွင့်လိုဘဲ လူအတော်အသေးစားကို တော်လှန်ရေး လမ်းပေါ် ပို့ပေးခဲ့တယ်။ ယင်အခန်းက တော်လှန်ရေးအခြေခံစခန်းများသို့ ပို့ပေးခဲ့တယ်။ ဒီစာအုပ်က တော်လှန်ရေးထဲ ပို့ပေးခဲ့တဲ့လူတွေထဲမှာ အခုထိ တရုပ်မှာ တာဝန်ကြီးတွေ ထမ်းဆောင်နေသူတွေ ရှိနေပါတယ်။ ပီကင်း အာဂုပ်သမားထုတ်ဝေဖြန့်ချိရေးက ဦး ညွှန်ကြားရေးမှူး ကျောက်ချုံရှုန်က ခုလိုပြောပြပါတယ်။ ၁၉၃၇ ခုနှစ်တုံး

# ကျနော်တို့သိတဲ့အဂ္ဂါစိုး

ရဲဘော် သန်းဆွေး

က စန်းမအား သူတို့နဲ့တွေ့ပြီး ယင်းအခန်းမှာ သူ့ရိုက်လာတဲ့ဓါတ်ပုံများနဲ့ သူ့ရဲ့ "တရုပ်ပြည်ပေါ်က ကြယ်နီ" စာအုပ်ကို ပြသကာ "ကျနော် သူတို့အကြောင်း နဲနဲဘဲ သိခဲ့တာဖြစ်တယ်။ ခင်ဗျားတို့ ပိုပြီးသိချင်ယင် ကိုယ့်ဖါသာကိုယ် သွားကြပါလား" လို့တိုက်တွန်းကြောင်း၊ အဲဒီနောက်မှာ သူတို့အနေနဲ့ သူ့လို နိုင်ငံခြားသားစာရေးဆရာတယောက်ကတောင် အသက်စွန့်ပြီး ကွန်မြူနစ်တွေနေရာ သွားသေးတာ ငါတို့ဘာလို့မသွားနိုင်ရမှာလဲ၊ သွားဖြစ်အောင်သွားမယ်လို့ဆုံးဖြတ်ပြီး ယင်းအခန်းရောက်ခဲ့တာဘဲလို့ ဆိုပါတယ်။

၁၉၃၀ ခုနှစ်များအတွင်း တရုပ်ပြည် ယန်ချင်း တက္ကသိုလ်မှာ စန်း ပါမောက္ခ အဖြစ်တာဝန် ထမ်းဆောင်စဉ်က တပည့်ဖြစ်ခဲ့ပြီး ၁၉၃၆ ခုနှစ် ဥက္ကဋ္ဌ မော်နဲ့တွေ့စဉ်က ဘာသာပြန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ တရုပ်ပြည် ဒုဝန်ကြီးချုပ်နဲ့ နိုင်ငံခြားရေးဝန်ကြီး ဟောင်း ဟွမ်ဟွာကတော့ "၁၉၃၅ ခုနှစ် မျိုးချစ်ကျောင်းသား လှုပ်ရှားမှုအတွင်းက ပီကင်းရဲ့ အေးမြလှတဲ့ လေထုအောက် လမ်းများကြားမှာ ကင်မရာ တလုံးလွယ်ပြီး ဆန္ဒပြသူများအကြား ပြေးလွှားလှုပ်ရှားနေတဲ့ စနိုး၊ ပေါက် အန်းမြို့က ရှေးနေအိမ်များအတွင်း မကျေင်းတိုင်မီးတလက် လက်အောက်မှာ ဥက္ကဋ္ဌ မော်နဲ့ တခြားခေါင်းဆောင်များကို စိတ်ပါလက်ပါ တွေ့ဆုံမေးမြန်းနေတဲ့ စနိုး၊ ဖြန့်မီး အခြေခံဒေသမှာ ကြယ်နီတပ်ဆင်ထားတဲ့ တပ်ဦးထုပ်ကို ဆောင်းကာ တပ်နီတော်သားများ၊ အရပ်သားများနဲ့ ပျော်ရွှင်စွာ စကားလက်ဆုံကျနေတတ်တဲ့ စနိုးကို အမြဲမြင်ယောင်နေမိပါတယ်" လို့ သူ့ကိုအထိမ်းအမှတ်ပြုတဲ့ ပွဲတပွဲမှာ ပြောကြားခဲ့ပါတယ်။

"တရုပ်ပြည်ပေါ်က ကြယ်နီ" ဆိုတာကို စနိုးရေးစဉ်အခါက တရုပ်ပြည်သူ့အပါအဝင် လူအတော်များများဟာ ဒီတော်လှန်ရေးနဲ့ပါတ်သက်ပြီး ဘာမှ မသိကြပါဘူး။ သို့မဟုတ် အထင်အမြင်လွဲနေကြပါတယ်။ သူ့စာအုပ်က ကူမင်တန်တွေ လွှင့်ထားတဲ့ ကောလာဟလ အမျိုးမျိုး၊ လိမ်ညာမှုအဖုံဖုံကို ရှင်းလင်းလိုက်ပြီး တရုပ်ပြည်တော်လှန်ရေးရဲ့ အမှန်တရားကို ဖေါ်ထုတ်ပြသခဲ့ပါတယ်။ ဒီတော်လှန်ရေးဟာ တရားတယ်၊ ဒါကြောင့် မုချမလွဲမသွေ အောင်မြင်ရမယ်ဆိုတဲ့ စနိုးရဲ့နိဂုံးချုပ်ချက်ကို မရေမတွက်နိုင်တဲ့ လူအပေါင်းဟာ နှစ်ထောင်းအားရ ကြိုဆိုခဲ့ကြပါတယ်။ ဒါကြောင့်လဲ ဒီစာအုပ်ဟာ အကြိမ်ကြိမ်အခါခါပြန်ပြီး ပုံနှိပ်ခဲ့ရတာပါ။ တရုပ်ပြည်မကြီးပေါ်မှာ ကြယ်နီအလံ အနှစ် ၃၀ ကျော်ပျံလွှင့်နေ တဲ့ ဒီနေ့လို ကာလမျိုးမှာတောင် တရုပ်ပြည်ရဲ့ အတိတ်၊ ပစ္စုပ္ပန် နဲ့ အနာဂါတ်ကို နားလည်ချင်သူများအတွက် မဖတ်မနေ ဖတ်ရမဲ့စာအုပ် ဖြစ်မြဲဖြစ်နေပါသေးတယ်။

ဒါကြောင့်လဲ မဟာပြည် ဂျပန်တော်လှန်ရေး အတွင်းက ပါတီကဖွင့်ခဲ့တဲ့ နိုင်ငံရေးသင်တန်းကျောင်း များမှာ ဒီစာအုပ်ဟာ လေ့လာရေးစာပေါင်အဖြစ် အမြဲပါ ဝင်ခဲ့တာပါဘဲ။ မိမိတို့ဆင်နွှဲရမဲ့ တော်လှန်ရေးရဲ့ လူကွာ လား၊ ရေရှည်စစ်အပေါ်ထားရမဲ့သဘောထား၊ အခြေခံ စခန်း တည်ဆောက်တဲ့အတွေ့အကြုံ၊ စတာတွေကို ဖတ် ကြ၊ ဆွေးနွေးကြ၊ ငြင်းကြခုံကြနဲ့ပေါ့။ တော်လှန် ရေး တရုပ်ရဲ့ လက်တွေ့အခိုင်အမာအခြေအနေများကိုရေးသား တင်ပြထားတာ ဖြစ်လေတော့ ဆွေးနွေးစရာ၊ ငြင်းခုံစရာ ၊ သိတ်ကျူးယဉ်စရာတွေ တပုံကြီးရှိနေတာပါဘဲ။ အင်္ဂလိပ် စာတတ်တဲ့ ကိုးတက်တဲ့သူတိုင်း တော်လှန်ရေးသမားတိုင်း ဒီစာအုပ်ကို မဖတ်ဘူးသူမရှိသလောက် သဘောမကျသူ မရှိ ဖြစ်ခဲ့ရတာပါဘဲ။ ဒီအကြောင်းပါးကို ရေးမယ်ဆိုတဲ့အခါ မှာ ဒီစာအုပ်နဲ့ပါတ်သက်လို့ -

"ဒီတုန်းက ဒီစာအုပ်ဟာ ကျနော်တို့ မဟာ တော်လှန်ရေးသမိုင်းမှာ အရေးကြီးတဲ့ အလှည့်အပြောင်းကြီး တရုပ်ပြည်ဖြစ်ပေတဲ့ ယခင်ဆက် ဂျပန်တော်လှန်ရေးကြီးအတွက် ဒီခေတ် တော်လှန်ရေးသမားများအတွက် တွန်းအားကြီးတ ရုပ်ပြည် ဆိုတာဟာ တော်လှန်ရေးလုပ်ငန်း တရုပ်ရဲ့ လုပ်ဟန် နဲ့ နည်းနာတို့ကိုပါ ကိုးကားလေ့လာ သင်ယူမှုကိုရခဲ့တယ် ဒါဟာ ကျနော်တို့တိုင်းပြည်ဘက်မှာ ဖက်ဆစ်တော် လှန်တဲ့ တိုင်းပြည်သတော်များများလဲ ဒီအတိုင်းဘဲဖြစ်ကြို များပါတယ်၊ အရှေ့သဖြင့် အရှေ့တိုင်းမှာ ပါဖြစ်ဘိုများ ပါတယ်" လို့ ဖက်ဆစ်တော်လှန်ရေးသမား တပ်သား ဟောင်းကြီးဖြစ်တဲ့ ပါတီဝင် ရဲဘော်ကြီးတဦးက ပြော ပြပါတယ်။

ဒီစာအုပ်နဲ့ပတ်သက်ပြီး သူ့ကိုချီးကျူးသူတိုင်း ကို စန်းကပြန်ပြောလေ့ပြောထရှိတဲ့စကားကတော့ - "ကျနော့်ကို ထူးခြားတဲ့လူငယ်အမျိုးသား အမျိုးသမီး များ ပြောပြတာတွေကို မြန်ရေးချပြလိုက်တာပါဘဲ။ သူတို့ဆီက "<u>အများကြီး</u>" သိရှိနားလည်လာခဲ့ရတယ်" ဆိုတာပါဘဲ။ သူ့ရဲ့ "<u>အများကြီး</u>" ဆိုတာဟာ ဒီစာအုပ် ထဲက စာရွက်များမှနေ တရုပ်ပြည်သူများအပါအဝင် မ ရေမတွက်နိုင်တဲ့ ပြည်သူလူထုကြီးရဲ့အတွေးအခေါ် ကို ပြောင်းလဲစေခဲ့ပါတယ်။

တခါ "ဘဝချင်းမတူသည့် တရုပ်ပြည်" နဲ့ "တောင်များ၏တောင်ဘက်မှ ပင်လယ်များ၏ မြောက် ဘက်သို့" ဆိုတာတွေကတော့ ဆိုရှယ်လစ်တရုပ်ပြည် ရဲ့ အခြေအနေတွေကို ရေးသားထားတာပါ။ အဆုံးအကောင်း

တွေ့သမျှကိုရေးသားထားပါတယ်။ ဒီစာအုပ်တွေထွက်လာတဲ့အာလဟာ ခေတ်သစ်ပြန်လည်ပြုပြင်ဆင်ရေးဝါဒနဲ့ ဒိုရှယ်လစ်တရုပ်ပြည်အပါအဝင် အနိုင်နိုင်ငံ မာ့က်စ်ဝါဒီ တွေအကြား အယူဝါဒရေးရာ ငြင်းခုံမှုကြီး အကြီး အကျယ်ဖြစ်နေတဲ့အချိန်ဖြစ်တယ်။ ကမ္ဘာ့သတင်းစင်မြင့်မှာ တရုပ်ပြည်ဘက်က ရပ်တည်တဲ့၊ [illegible]ရှိတဲ့ ထက်မြက်တဲ့သတင်းစာဆရာ ဒါမှမဟုတ် စာရေးဆရာတွေ သိပ်လိုအပ်နေတဲ့အချိန်လဲ ဖြစ်တယ်။ ဒါ့ကြောင့်မို့လဲ စနိုးရဲ့ ဒီစာအုပ်တွေကို စာဖတ်ပရိသတ်က စုံစုံမက်မက် ဖတ်ခဲ့ကြတယ်၊ ဒီစာအုပ်များရဲ့ အရေးပါမှုအခန်းဟာလဲ ပိုကြီး ခဲ့တယ်။

အက်ဂါစနိုးဟာ အမေရိကန်ပြည်မှာ ၁၉၀၅ ခုနှစ်က မွေးဖွားပြီး ၁၉၃၆ ခုနှစ်မှာ ပြည်တွင်းစစ် အတားအဆီးများကိုချိုးဖောက်ကာ၊ တရုပ်ပြည် နီတော်ရဲ့ ခေါင်းဆောင်များဖြစ်တဲ့ မော်စီတုန်း၊ ချူတေ၊ [illegible] လိုင်းနဲ့ တခြားရဲဘော်များနဲ့ တွေ့ဆုံမေးမြန်း ဓာတ်ပုံများ ရိုက်ယူခဲ့တဲ့ ပထမဆုံးသော နိုင်ငံခြားသားစာရေး ဆရာ တယောက်ဖြစ်ပါတယ်။ သူ့ရဲ့တွေ့ဆုံမေးမြန်းမှုများ၊ မှတ်ချက်များ၊ [illegible] များ ဟာ ကမ္ဘာကျော် "တရုပ်ပြည်ပေါ်က ကြယ်နီ" စာအုပ် ရဲ့အခြေခံများ ဖြစ်လာပါတော့တယ်။ အမေရိကန်ပြည် တောင်မှာ ၁၉၅၀ ခုနှစ် [illegible] စစ်လို လားသူ မက်ကာသီခေတ်ထဝန်းမှာ စနိုးကို ဖိနှိပ်လာ တဲ့အတွက် သူဟာ အမေရိကန်မှာ မနေနိုင်တော့ဘဲ ဆွစ်ဇာလန်ကို ပြောင်းရွှေ့နေထိုင်ခဲ့ရပါတယ်။ အဲဒီက နေပြီး သူဟာ တရုပ်ပြည်ရဲ့ဖြစ်ပေါ်တိုးတက်မှုများ ကို မျက်ခြေမပြတ်ကြည့်ရှုပြီး ဆက်လက်ရေးသား ခဲ့ပါတယ်။ တရုပ်ပြည်ကို ၁၉၆၀ ခုနှစ်၊ ၆၄ ခုနှစ် နဲ့ ၇၀ ခုနှစ်များမှာ ထပ်မံသွားရောက်ပြီး တွေ့ခဲ့ရသမျှ ဘဝအစုံစုံ ကို ရေးသားတင်ပြခဲ့ပါတယ်။

သူဟာ ကွန်မြူနစ်တယောက် မဟုတ်ပါဘူး။ ဒါပေမဲ့သူဟာ အမှန်တရားကို မြတ်နိုးသူတယောက် ဖြစ်တယ်။ ဒါကြောင့်ဘဲ ၁၉၃၆ ခုနှစ် ယင်အန်းမှာ သူနဲ့တွေ့စဉ်က ရဲဘော်ချူအင်လိုင်းက "ခင်ဗျားဟာ ယုံကြည်စိတ်ချရတဲ့ သတင်းစာဆရာတယောက်ပဲ ဖြစ် တယ်။ တရုပ်ပြည်သူတွေအပေါ် ခင်မင်ရင်းနှီးတယ်။ အမှန်တွေကိုပြောပြလို့ဖြစ်တယ်လို့ ကျနော်တို့သတင်းရ ဖီးသားပါ။ ကျနော်တို့သိချင်တာကလဲ ဒါပါဘဲ။ ကျနော် တို့အတွက်တော့ ခင်ဗျား ကွန်မြူနစ်တယောက် မ ဟုတ်တာဟာ ပြဿနာမဟုတ်ပါဘူး။ ကျနော်တို့ရဲ့ ဆို ဗီယက်နယ်မြေကို လာရောက်ကြည့်ချင်တဲ့ သတင်းစာ ဆရာတွေ ဘယ်သူ့ကိုမဆို ကြိုဆိုပါတယ်။ ခင်ဗျား တွေ့ သမျှဘာမဆိုရေးနိုင်တယ်။ ခင်ဗျားစုံစမ်းလေ့လာချင်တာ တွေအားလုံးကို အထူးအညီပေးဖို့ စီစဉ်ထားပေးပါ တယ်" လို့ နွေးနွေးထွေးထွေး ပြောကြားခဲ့ဘူးပါတယ်။

တကယ်တော့ တရုပ်တော်လှန်ရေးခေါင်းဆောင်များ ဟာ မိမိတို့တော်လှန်ရေးထဲ သက်ရှိန်ကြီးမား လာ ရောက်ပြီး စုံစမ်းလေ့လာကာ တကမ္ဘာလုံး ပြန်လည် တင်ပြပေးမဲ့ အမှန်တရားလိုလားသူ တိုးတက်တဲ့စာရေး ဆရာကြီးကို အလွန်ကျေးဇူးတင်ခဲ့ကြပါတယ်။ ဒါကြောင့် ဘဲ ဥက္ကဋ္ဌမော်က "စနိုးဟာ ဘယ်သူမှလာမှာ မဟုတ် တဲ့အချိန်မှာ ရောက်လာခဲ့တယ်။ သူဟာ ကျနော်တို့ရဲ့ အခြေအနေ အလုပ်ရုပ်ကို လေ့လာပြီး ကျနော်တို့ အ ကြောင်း ကမ္ဘာကသိအောင် ကူညီခဲ့တယ်။ ကျနော် တို့ တိုင်းပြည်အတွက် သူ့ရဲ့ ဒီကြီးမြတ်လှတဲ့ ကောင်းမှုပြု ချက်ကြီးကို အမြဲသတိရနေတယ်။ သူဟာ ချစ်ကြည်ရေး တံခါးကြီးကို ဖွင့်ပေးလိုက်တဲ့ ပထမဦးဆုံးသော လူ ဖြစ်တယ်" လို့ ၁၉၇၀ ခုနှစ်က ပြောကြားခဲ့ဘူး ပါ တယ်။ တကယ်လဲသူဟာ တရုပ်ပြည်သူများနဲ့ တခြား [illegible] ပြည်သူများအကြား ဆက်သွယ် ပေးတဲ့ ပေါင်းကူးတံတားအခန်းက ပါဝင်ခဲ့တာပါဘဲ။

တရုပ်ပြည်အပေါ် [illegible] ရေးသား မှုကြောင့် သူ့ကို [illegible] ခဲ့ပါတယ်။ သူ့ [illegible]ခဲ့ပါတယ်။ သူဟာ "ကျနော်ဟာ [illegible] နိုင်ငံရေးအမြင်တွေကို [illegible] ပြောင်း လဲနိုင်တဲ့ [illegible]" ဆိုပြီး ဆွစ်ဇာလန် ကို ပြောင်းရွှေ့ခဲ့တယ်။ နှစ်ပေါင်း ၂၀ ကျော် နိုင်ငံရေး မှုန်ဝိုင်း [illegible] အဆိုင်းက စနိုး မှန် ကြောင်း [illegible]ခဲ့ပါပြီ။ တရုပ်ပြည်သစ် ပေါ်ထွက် လာမှုကို [illegible] ရှုပြီး ရှုသင့် ရ [illegible] လာရပါတော့တယ်။

ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ ခိုင်မြဲတဲ့ချစ်ကြည်ရေးကို လိုလား မြတ်နိုးတဲ့ စနိုးဟာ အမေရိကန်ပြည်နဲ့ တရုပ်ပြည် အ ကြားက ခြားနေခဲ့တဲ့တံတိုင်းကြီးကို ဖြိုအားလျှော့ခဲ့ ၊ သံ့ရှိုက်နဲ့ တခေါ် ဖြိုချပေးခဲ့ပါတယ်။ ၁၉၇၀ ခုနှစ်တ ရုပ်ပြည်ကို ထပ်မံလာရောက် လည်ပတ်တဲ့ စနိုး ကို ဥက္ကဋ္ဌမော်က နိုင်ငံတော်နေ့မှာ ထင်အန်မင် ဝင်ခြံ စင် ပေါ် မှာတွေ့ဆုံစကားပြောပြီး အဲဒီမှာဘဲ ဥက္ကဋ္ဌမော်က အဲ ဒီအချိန်က အမေရိကန်သမ္မတ နစ်ဆင်ကို တရုပ်ပြည် အလည်အပတ်လာပြီး ဆွေးနွေးဖို့ သူကတဆင့် ဖိတ် ကြားခဲ့တယ်။

၁၉၇၁ ခုနှစ်မှာ ဝန်ကြီးချုပ် ချူအင်လိုင်း

ရဲ့ဖိတ်ကြားချက်အရ ပထမဆုံးသော အမေရိကန် သမားတော်ကြီးများ အဖွဲ့ကို တရုတ်ပြည်လာရောက်လည်ပတ်စေခဲ့ပါတယ်။

သူဟာ အမေရိကန် - တရုတ်ချစ်ကြည်ရေးသင်္ဂဟအသင်းမှာ ဒါရိုက်တာ ဝင်ရောက်ပါဝင်ခဲ့လေရဲ့ တကယ့်အကောင်အထည်ဖော်လာဝါကိုတော့ သူမတွေ့လိုက်ရတော့ပါဘူး။ သူဟာ ၁၉၇၂ ခုနှစ်မှာ သရက်ရွက်ကင်ဆာရောဂါနဲ့ ဆွစ်ဇာလန်နေအိမ်မှာ ကွယ်လွန်သွားခဲ့ပါတယ်။ သူ့ရဲ့နောက်ဆုံးစာအုပ် " တောင်များ၏တောင်ဘက် မှ ပင်လယ်များ၏မြောက်ဘက်သို့ " စာအုပ်ဟာ ကင်ဆာရောဂါ အကြီးအကျယ် ခံစားနေရချိန်မှာ ရေးသားခဲ့တာဖြစ်ပြီး သေဆုံးချိန်မှာ မပြီးဆုံးသေးတဲ့အတွက် သူ့ရဲ့ဇနီးက ပြီးအောင် ဆက်ရေးပြီး ထုတ်ဝေခဲ့ရပါတယ်။

သူကွယ်လွန်တဲ့ ၁၀ နှစ်မြောက် အထိမ်းအမှတ်ကို ပီကင်းမှာပြုလုပ်စဉ် သူ့ဇနီးက " ကမ္ဘာ့ ငြိမ်းချမ်းရေးအတွက် တောင်းဆိုသံများ ပြည့်လျှံနေပေမဲ့ အနုဗြုံးအခြေအနေမှာတော့ ရှောင်လွှဲချက်မရှိသေးပါဘူး။ ဒီမိုကရေစီကို အော်ဟစ်တောင်းဆိုနေသံ ညံနေပေမဲ့ကမ္ဘာ့လူသားအများစုကြီး အတွက်တော့ လောလောဆယ် မှာ ဒီမိုကရေစီ မရှိနိုင်သေးပါဘူး။ ကျမတို့တိုင်းပြည်နှစ်ပြည်အကြားရှိ ပူးပေါင်းဆောင်ရွက်ရေးများဟာလဲ ဖွံ့ဖြိုးနေသေးတဲ့အတွက် ဆက်လက်ဖြစ်ပေါ်တိုးတက်ရဦးမှာပါ။ အက္ကါစနိုးကွယ်လွန်ပြီး ၁၀ နှစ်အကြာ ပီကင်းမှာ ခုလို ဆုံဆည်း ကြတာဟာ ကျမအတွက်တော့ ဒီ ရည်ရွယ်ချက်တွေအားလုံး တနေ့ အောင်မြင်မှုရရှိလိမ့်မယ်လို့တသက်ပတ်လုံး ယုံကြည်မျှော်လင့်သွားတဲ့လူတယောက်ရဲ့အမည်အောက်မှာစုရုံးကြပြီး ဒီရည်ရွယ်ချက်တွေအတွက် ဆက်လက်ကြိုးပမ်းသွားကြဖို့ မိမိတို့ရဲ့ဆန္ဒကိုထက်ထက်သန်သန် ဖော်ပြကြတာဖြစ်တယ် လို့မြင်ပါတယ်" လို့ ပြောဆိုသွားပါတယ်။

အက္ကါစနိုးရဲ့ ဘဝဟာ သက်တမ်းတလျှောက်လုံး မှာ ကမ္ဘာ့လူဦးရေရဲ့ လေးပုံတပုံရှိတဲ့ လူ့တနုပ်ကြီးရဲ့ ရှင်သန်လှုပ်ရှားမှုများကို မျက်ခြေမပြတ်လေ့လာပြီး ကမ္ဘာ့ပရိသတ် ဆိုလ်ပုံအလယ်မှာ အဆက်မပြတ်တင်ပြပေးခဲ့တယ်။ နောက်ပြီးဒီလူတွေ ကမ္ဘာ့အလယ် မှာ နေရာမှန်ရရေးအတွက် ကြိုးပမ်းသွားခဲ့ပါတယ်။ ဒီလိုကြိုးပမ်းယင်းနဲ့ဘဲ သူ့စာအုပ်များက တဆင့် လူအများကြီးကို ပြောင်းလဲပေးခဲ့ပါတယ်။ အဖိနှိပ် ခံပြည်သူများ ရှိနေသ၍၊ တော်လှန်ရေးတွေ ရှိနေသ၍ ၊ " တရုတ်ပြည်ပေါ်က ကြယ်နီ " ဆိုတဲ့စာအုပ်ဟာ အဖိနှိပ်ခံများအတွက်၊ တော်လှန်ရေးသမားများအတွက်


## မိုးကြိုဝေး

■ အသစ်ကို ကြိုလိုက်ပြီ
ဒုံးဖြိမ့်မြည်သံ ရှမ်းတဲ့ နှတ်စည် ။
■ တောင်ကျချောင်းများ
သောင်းသောင်းဟာန်ရှ၊ ပါးမြင်းထလို့
စီးမြဲတဲ့ လွှာရုံရှု
နီဝါရောင် အရေခြုံ လဲလိုက်ပြီ။
■ တောစသစ်အုပ်
ခြုံပုတ် မြက်ခင်း လယ်ကွင်းများ
နီပါရွေသား စွန့်ပစ်ထားလို့
မြသား စိမ်းမိမ်း ဆင်
ပျော်ရွှင်ဂုဏ်မောကြ တော့မည်။
■ ရွာလိုက်ပါ ၊ ရွာလိုက်ပါ
ရွှေမိုး ငွေမိုး ရွာလိုက်ပါ ၊
■ မြေငွေ့ ဓာတ်သိမ်း
တောင်ဦးပေစည် ယိမ်းကပေါ့ ၊
■ ပုရစ်ပျိုးသစ် ၊ ရုန်းကျစ် တိုးထွက်
အားမာန်တက်ပေါ့ ၊
■ စိမ်းနုလန်းတဲ့ ၊ တောင်တန်းထိပ်ဖျား
နေရလားကြီး ထွက်လာပေါ့ ။
■ ရွာလိုက်ပါ ၊ ရွာလိုက်ပါ
ရွှေမိုး ငွေမိုး ရွာလိုက်ပါ ။
■ နတ်မင်းပဦးစည် ၊ ဒုံးဖြိမ့်မြည်
အသစ်ကို ကြိုခဲ့ပြီ
အမြစ်ဖြိုး ဖြိုးခဲ့ပြီ
အချစ်ဟို ချိုနှဲ့ကြည် ၊
နွေမျက်နှာပြင် ပြောင်းသစ်တည်
ရွှေမိုး ငွေမိုး ရွာပါစီ ။ "

ကျော်မြတ်

ဖျော်ဖြေမှုတိုးကားကျ စာအုပ်တအုပ် ဖြစ်မြဲဖြစ်နေပါလိမ့်ဦးမယ်။ နောင်လာမဲ့ မျိုးဆက်များကလဲ ဒီစာအုပ်ကို ရှာလယ်းနှစ်သက်ကြပါလိမ့်ဦးမယ်။ ဒီစာအုပ်နဲ့အတူ ဒီစာအုပ်ရေးသားသူ စာရေးဆရာကြီး အက္ကါစနိုးဟာလဲ ဒီလူတွေရဲ့ ရင်ထဲမှာ အသက်ရှင်နေမှာပါဘဲ ။ "

* ရဲဇော် သန်းအေး




ရဲဘော် မော်စီတုန်း

# ကျင်ကန်းတောင်

တောင်အောက်မှာလဲ
ရဲတံခွန်တွေ
အောင်လံတွေ ---။
တောင်ထိပ်ပေါ်လဲ
ဝှိုက်စည်ဝှိုက်မောင်း
သောင်းသောင်းညံ ---။
တောင်သောင်းထပ်ထပ်
ရန်သူ့တပ်များ
ဝိုင်းရံထား လည်း
ဦးကား မတ်မတ်
ကြံ့ကြံ့ ရပ်ကာ မတုန်လှုပ် ။
ခိုင်ခံ့ကတုတ်
ဆောက်လုပ်ပြီးလေ
ခုခံနေပါမူ
သံထက်ပိုလာ
လူတူမှာလည်း
ညီညာဝန်းဝိုင်း တံတိုင်းသို့ ။
"ဟွမ်ယန်ကျဲ့" မှ
ယမ်းပေါက် အမြောက်
ပေါက်ကွဲသံ အရ ဖုံးကြွက်ဆူ ။
ရန်သူ့တပ်များ
ပြေးလွှား ညချိန်း
ပို့ဆောင်ကျဉ်းသည့် အောင်သတင်း ။ ။

✽ ဟန်မြင့်


ငါ့အမေက ဗိုလ်မှူးကြီးကွ။
အော် ငါ့အမေကတော့ ရဲဗိုလ်မှူးကြီးဘဲ - ဒါပေမဲ့ - တောက်လျှမ်း ရေးတာမှာက - နင့်အမေကို မမီဘူးလို့ ပြောသယ် - မှတ်တား -
ဒါဒါ နော်ကောင် - ရှောင်းက မြန်လာရင် - သူမှားတွေကို ထမ်းမြန်လာတာဘဲ မြင် ရစ်တယ်!
“အဘလူးငါးခယ်သား ဝယ်လို့တဲ့ကွ၊ နောက်ကနေ တောက်လျှမ်းရေးတို့၊ အမြဲဝင်ခွန် တို့၊ ကောင်စီတို့ ကျွံပလိုက်နေကြတာ - - -”


"ကျုနော်တို့ဟာ .. တကယ့်ကို ဆင်းရဲတဲ့ .. တတိယ ကမ္ဘာ့ နိုင်ငံလေးတခုပါဗျာ ..."
"ကျွန်မြို့နှစ်တွေနဲ့လဲ .. အဆက် မပြတ် .. မကြာခဏ ကြိုက်နေရပါ သေးတယ် ..."
1 2 3 4
"ကျုကြီးမင်းတို့ ပေးမှ - ကမ်းမှ နာလံထူ နိုင်တဲ့ စီးပွားရေးမျိုး ရှိနေတာပါခင်ဗျာ .."
"ဟာ .. အေးကို"
"ဟာ .. ညီနောင်ကြီး"

[၁]

၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ညနေ မှောင်ရီပျိုးစ အချိန်။

နေရာက ကြေးစားတပ်မ (၈) ရဲ့နည်းဗျူဟာတခု ဖွဲ့စိုက်ထားရာ မိုင်းယောင်းမြို့ရဲ့ အရှေ့မြောက်ဘက် ပခွန်းယွန်း။ မျဉ်းဖြောင့်တိုင်းယင် ရ မိုင်ခွဲလောက်သာ ဝေးတဲ့နေရာမှာ တည်ရှိတဲ့ ရှမ်းရွာလေးတရွာရဲ့ ရွာလယ်က အိမ်ငယ်တလုံးထဲမှာ။

"ကြေးစား တပ်ခွဲတခွဲ ပဒိုရှမ်းမှာ ရောက်နေတယ်"

"အဲသင်ကျောင်း ဝင်းထဲမှာ စခန်းချနေတယ်"

"ဈေးလွှန်တရက်မှာ ပဒိုရှမ်းမှာ သောင်းကျန်းသူ ဆန့်ကျင်ပွဲဆိုတာ လုပ်မယ်တဲ့။ မနက် ၈ နာရီခွဲမှာတဲ့"

တက်ကြွစွာ လာရောက် သတင်းပေးပို့နေတဲ့ အသခံလူထုကိုယ်စားလှယ်တွေရဲ့ စကားကို ရွှေတာန်း ဦးစီး ကော်မတီအတွင်းရေးမှူးဟာ ဂရုတစိုက်နဲ့ နားထောင်နေပါတယ်။

ပဒိုရှမ်း ဆိုတဲ့ရွာ။

လက်ဖြိုကျနေတဲ့ ရှိနေတဲ့ ရှမ်းရွာလေးရဲ့ အနေအထားဘက်အညီတည့်မှာ တည်ရှိပြီး ၃မိုင် ခွဲလောက်ဘဲ ဝေးပါတယ်။

"ဒီနေ့ ဈေးလွှန် ဘယ်နှစ်ရက်လဲဗျ"

လူထုကိုယ်စားလှယ်တွေရဲ့ စကားဆက်ခကာပြတ်သွားတဲ့အချိန်မှာ အတွင်းရေးမှူးက သောသော အသိတဲ့အချက်ကို မေးလိုက်ပါတယ်။

"ဒီနေ့က ဈေးလွှန် ၄ ရက်ဖြစ်တယ်။ မနက်ဖြန် ဆိုရင် ပဒိုရှမ်း ဈေးနေ့ဘဲ။ သူတို့ပွဲလုပ်မှာက ဈေးလွှန် တရက်ဆိုတော့ ၁၁ ဘက်ပါပေါ့"

"ရန်သူ အင်အားက တခွဲထဲဆိုတာ သေချာရဲ့လားဗျ"

"တပ်ခွဲတခွဲ ထဲလို့သိရတယ် အတွင်းရေးမှူး။ ကျနော်တို့ကိုယ်တိုင် မျက်မြင်အရလဲ လူ (၇၀) လောက်ဘဲလေ"

"အင်း . . ဒါဆိုယင်တော့ တခွဲလောက်ပါဘဲ"



[ နှစ် ]

“ - - - - ကဲ - - - အခြေအနေကတော့ ဇာတ်သိမ်း။ လူထု သံတောင်းအရ ရန်သူ့အင်အားဟာ တည်ငြိမ်ပြီဖြစ်တယ်။ ပြီးတော့ ပတ်ဝန်းကျင်မှာ ကျွန်တော်တို့ရှိနေတာ သိပုံမရဘူး။ နောက် ...း လွန်တဂုဏ်နေ့မှာ သောင်းကျန်းသူဆန့်ကျင်ပွဲဆိုတာကို လုပ်ဖို့ ပြင်ဆင်နေတယ်။ ... လူထုဆန္ဒက ဒီကောင်တွေ ကို တိုက်စေချင်နေတယ်။ ကျွန်တော်တို့ရဲ့ ဒီတပါတ်စစ်ဆင်ရေးဆုံး ဖြတ်ချက်ကလဲ ရန်သူစစ်ကြောင်းတကြောင်း ဒီမှာ မပတ်” အနှဲဆုံး တယ်မှုတခုကို ချေမှုန်းရေးလုပ် ဖို့ဘဲ ဗိုလ်တော့ - -

အတွင်းရေးမှူးက လူထုသဘောကို ရှိတဲ့သတင်းနဲ့ ကျွန်တော်တို့ရဲ့ စစ်ဆင်ရေးခရီးစဉ်အတွက် စစ်ဒေသပါတီကော်မတီရဲ့ ဆုံးဖြတ်ချက် တောင်းဆိုချက်တွေကို ရှင်းပြနေပါတယ်။

ရွာတန်း ဦးစီးကော်မတီဝင်တွေနဲ့ တပ်ရင်းအဆ ဆင့်ခေါင်းဆောင်တွေဟာ အတွင်းရေးမှူးရဲ့ ရှင်းပြချက်တွေကို ဂရုတစိုက် နားထောင်နေကြပါတယ်။

“ - - ကဲ - - ရဲဘော်တို့ရဲ့ အမြင်နဲ့ ဆန္ဒတွေကို ဆက်ဆွေးနွေးကြရအောင်။ ဆုံးစံဆောင်ဖိုင်းဘဲ ပွင့်ပွင့်လင်းလင်းပေါ့”

ဆွေးနွေးပွဲဟာ ခဏ ငြိမ်သက်သွားပါတယ်။

“ကျုပ်ကတော့ အမြင်တော့ တိုက်လို့ ဖြစ်မယ်ထင်တယ်” တိုက်လဲတိုက်ချင်တယ်။ တိုက်လဲတိုက်သင့်တယ်လို့မြင်တယ်

တပ်ရင်းအဆင့်ခေါင်းဆောင်ရဲဘော်တယောက်က ဘာ ငြိမ်သက်မှုကို ဆောင်ဖေါက်ခွဲလိုက်ပါတယ်။

အတွင်းရေးမှူးက တခြားရဲဘော်တွေကို ဝေ့ဝိုက် ကြည့်လိုက်တယ်။

“ဒေသလူထုရဲ့ ဆန္ဒရယ်လာခဲ့ရင် ကျွန်တော်တို့ရဲ့ အင် အား အရ ရှုံးဆိုရင် တိုက်လဲတိုက် နိုင်ပါတယ်”

နောက်တယ် ရင်းအဆင့် ခေါင်းဆောင်ရဲဘော် တ ယောက်က ယုံကြည်ချက် ထောက်ခံတင်ပြလာပါတယ်။

“ဟုတ်တယ်” တယောက်က ထပ်ပြီး ထောက်ခံလိုက် တယ်။

“မှတ်တယ်၊ တိုက်လို့ရတယ်။ ပြီးတော့ တိုက် လဲ တိုက်သင့်တယ်။ တိုက်ကိုလဲတိုက် နိုင်တယ်” နောက်တယောက် က ဆက်ထောက်ခံလိုက်တယ်။

ပြီးတော့တယောက်၊ နောက်တယောက်၊ နောက်ထပ် တယောက်။ အားလုံးကဘဲ “တိုက်” ဆိုတဲ့အမြင်ပေါ်မှာစုစည်း သွားပါကြပါတယ်။ အားလုံးဟာတက်ကြွဝမ်းသာနေကြပါတယ်။

“အတွင်းရေးမှူး၊ ကျွန်တော် နဲနဲ ဖြည့်စွက် ဆွေး နွေး ချင်တယ်”

ရွာတန်း ဦးစီး ကော်မတီဝင်ရဲဘော်တဦးက တောင်း ဆိုလိုက်တယ်။ အတွင်းရေးမှူးက ခေါင်းငြိမ့်ပြလိုက်တယ်။

“တိုက်ချင်တယ်၊ ဟုတ်တယ်။ ဒီမှာရှေ့လောင်စိုးအား လုံးရဲ့ ဆန္ဒလည်းဒီမှုဘဲ။ ဒီဟာကောင်းတဲ့အချက်ပါဘဲ။ ဒါပေမဲ့ ပေါ့ပေါ့ဆဆတွေးလို့ သတင်းရဲ့ မှန်ကန်မှုကိုလဲ မလျစ်လျူရှုသင့်ဘူး။ ဒီထက်ပိုပြီး ဦးစားပေး သတင်းတွေရရှိဖို့လိုတယ်။ ပြီးတော့ မ နက်ဖြန်ညဆိုရင် ပဲခူးမြို့ ရွေးရေး ဖြစ်တယ်။ ဒီတော့ ကျွန်တော် တို့သတင်း လုံခြုံမှုကို ဖို့လဲလိုတယ်။ လူထုကတော့ စိတ်ချ ရတယ်။ ဒါပေမယ့် မတော်တဆ ... ပျက်ပြားမဖြစ်အောင်လို့ ပြော ...ထားလို့ မဖြစ်ဘူး။ ဒီအတွက်လဲ အချိန်ရှိသေးတယ် ပြင် ဆင် ထား ဖို့လိုမယ် ထင်တယ်”

ကော်မတီဝင်ရဲဘော်ရဲ့ ဆွေးနွေးတင်ပြချက်ကို ရဲ ဘော်အားလုံးက သဘောတူ ထောက်ခံ ကြတယ်။

ဒီနောက် အချိန်အကန့်အသတ်ကို ဆွေးနွေး ဆက်လက်ဆွေးနွေး ကြပါတယ်။ ဆွေးနွေးနေစဉ်မှာလဲ ရန်သူ့အခြေအနေ အချိန် အခါ သိဖို့အတွက် တပ်ဖွဲ့ဝင်တစုကို ရန်သူ့အနီးကပ် ထုပ် ထောက်ပြီး အသေးစိတ်ထောက်လှမ်းဖို့ ညှိနှိုင်းပြီး စည်း ဝေးလွှတ်လိုက်ပါတယ်။

တဆက်ထဲမှာဘဲ မိမိတို့ဝင်းလုံခြုံရေးနဲ့ ရုတ်တ ရက် ရန်သူ့လှုပ်ရှားမှုအခြေအနေ အလျဉ်းသင့်အပြောင်းအလဲ ခဲ့ရင် လျှပ်တပြက် တန်ပြန်လှုပ်ရှားနိုင်ဖို့ ...တွေ ပါ အပါအဝင် တခြားအခိုင်အမာချက်တွေကို ဆက်လက် ညှိ နှိုင်း ကြပါတယ်။

× × × ×

[ သုံး ]

အရုဏ် မတက်မီ
ရန်သူ့ဘီလူးစခန်းကယ်
တပ်ရဲဖျောက် ထားမယ် ——။

“ - - - - ရဲဘော်တို့ သိကြတဲ့အတိုင်း ပဲခူးမြို့ဟာ အခု ကျွန်တော်တို့ ရှိနေတဲ့ ရွာရဲ့ အနောက်ဘက်တည့်တည့် တည့် လောက်မှာ ရှိတယ်။ ပဲခူးမြို့ရဲ့ အရှေ့ဘက်ဘက်ကပ်ရက်မှာ ဝမ်းပုံတောင်ကျေးရွာ ရှိတယ်။ အရှေ့ဘက်ခြမ်းမှာ ဆိုရင် အခုကျွန်တော် တို့ရှိနေတဲ့ နေရာအထိ ကွင်းပြင်ဘဲ။ မြေအနေအထား : အရ ဝမ်းပုံတောင်ကျေးရွာကို သူတို့တပ်ကျင်းထားရင် ဒီကွင်းပြင်ကို ပေါ့ပေါ့ သူတို့သိမ်းချုပ်ထိန်းထား နိုင် တယ်။ ဒါပေမဲ့ စစ်တိုက်ရာမှာ မြေအနေအထား တခုထဲ အဆုံးအဖြတ် မလုံလောက်ဘူး။ ဒေသလူထုအကြီးအကျယ် ဒေသခံလူထုထောက်ခံမှုကို ရရှိမှု၊ လျှို့ဝှက်စွာ လှုပ်ရှား နိုင်မှု၊ ရန်သူ့အခြေအနေ အထားနဲ့ မိမိကိုယ်မိမိဦးရဲ့ အ နေ အထားကိုပါ အခိုင်အမာ ချုပ်ကိုင်ပြီး ဆုံးဖြတ်ကာ ဆုံး ဖြတ်ချက် ပြင်ဆင်နိုင်မှုစတဲ့အချက်တွေပါ ဖြည့်စွက်ဖို့ လို အပ်တယ်”

အတွင်းရေးမှူးဟာ စကားကိုခဏဖြတ်လို့ ကိုင်တယ်။ ပြီးတော့ ရှေ့မယ်သွက်ထဲက နွေးထွေးထွေး လှုပ်ရှားကြမ်းကို တကြိုက်တည်းသောက်လိုက်တယ်။

"အခုဘဲ ကျွန်တော်တို့လွတ်သွားတဲ့ တောင်ကျွန်းရေ တပ်ကို ယခုအထိ ရေ လူရှုသိတဲ့ပါ ထပ်ရောက်လာတဲ့သတင်းအရ ရန်သူဟာ တပ်ပုံတောင်ကျောမှာ တက်ယူထားတာမရှိဘူး။ တပ်ရှိတာဘွဲ့ဘဲဆိုတာ သေချာတယ်။ ပြေးဆား ခလရ ၁၄ က တပ်ခွဲ ၂ ဖြစ်တယ်။ နောက် ၁ခု ညနေ ၅ နာရီလောက်ကျော်ပြီ။ ဒီနေ့ဟာ ဟိုညွှန်းရွေးနေ့ပဲ ဖြစ်တယ်။ ဒီပေမဲ့ အခုအချိန်အထိ ကျွန်တော်တို့သတင်း ပေါက်ကြားမှုလုံးဝမရှိဘူး။ ဒါဟာ လူထုက ကျွန်တော်တို့ကို အပြည့်အဝ ထောက်ခံနေတယ်ဆိုတာကို အထင်အရှား ဖော်ပြတာဖြစ်တယ်။ ယခုကျွန်ုပ်တို့ လူထုနဲ့ ပြီး နိုင်ငံရေးအရ ကျွန်တော်တို့ကို အပြည့်အဝ ထောက်ခံ ပြီ ကိုလုပ်လိမ့်မယ်။ ဒီပေမဲ့ လက်တွေ့မှာ လူထုက သူတို့ ခံနိုင်ရည်ကျော်လွန်အမြင့်ဆုံး လှုပ်ရှားမှုတွေကို ပေါ်ပြ နေတယ်။ လူထုက ကျွန်တော်တို့ကို အခိုင်အမာ ထောက်ခံ နေတယ်။ ဒါဟာ လက်တွေ့ရုပ်အခြေအနေဖြစ်တယ်။ ဒီလက်တွေ့ရုပ်အခြေအနေကို အခိုင်အမာ ပေါ်ကြွး ဖွင့် လှစ်ပြမှာကတော့ မနက်ဖန် မနက်ပေါ့ - - - -"

အတွင်းရေးမှူးဟာ စကားကိုခဏဖြတ်လိုက်ပြီး လွှက်ရည်ကြမ်းတခုံ ထပ်သောက်လိုက်တယ်။ နောက်အနိုင်အမာကိစ္စတွေကို ဆက်လက်ဆွေးနွေး ရှင်းပြတယ်။

"- - - -အဲဒီတော့ အခြေအနေပြောင်းလဲမှုမရှိယင် ဒီည ၁၂ နာရီနောက်ပိုင်းမှာ တပ်အားလုံး စပြီး လှုပ်ရှားမယ်။ မိုင်းယောင်းဘက်နဲ့ မိုင်းယူ ကော်ပို လွှယ်ဘက်ကလါနိုင်တဲ့ ရန်သူ့စစ်ကူလမ်းကြောင်းတွေကို ဖြတ်တောက်ထားဆီးဖို့တာဝန်ကျတဲ့ တပ်ဖွဲ့တွေရော၊ အဓိက မှန်တိုင်းထိုးမဲ့တပ်၊ ပိတ်ဆို့ရေးနဲ့ ရှင်းလင်းရေး တပ်ဖွဲ့တွေအားလုံး မနက်စောစောအရုဏ်မတက်ခင် မှာ သတ်မှတ်ပေးထားတဲ့ နေရာတွေကို ပိပိပြင်ပြင်နဲ့ဝင်ယူ ထားကြဖို့ဘဲ။ ကျွန်တော်တို့ရဲ့ မြင်ဆင်မှု လှုပ်ရှားမှုတွေ ကောင်းယင် ဒီတခွဲလုံးကို မုချ ချေမှုန်းပစ်နိုင်မှာဘဲ - -"

× × × ×

[ ဘေး ]

အရုဏ်ဦး
ရောင်နီဖြူး အကြွ
စ ပြီး တိုက်ကြမယ် ။

ခိုဝင်ဘာလ ၆ ရက်နေ့မနက် ။ ပြီးတော့ ဟိုညွှန်းရွေးလွှန်တရက်နေ့ မနက် ၅ နာရီ။

တပ်ဖွဲ့အသီးသီးဟာ ဖိမိတို့သတ်မှတ်ထားတဲ့နေရာအသီးသီးကို လျှို့ဝှက်သပ်ယပ်စွာနဲ့ ဝင်ရောက်နေရာယူထားပြီး ကြပါပြီ။ အချိန်မရွေးတိုက်ခိုက်ဖို့အသင့် အနေအထားမှာ ရှိနေကြပါပြီ။ ရဲဘော်အားလုံးဟာ စတင်တိုက်ခိုက်ဖို့အတွက် ရှေ့တန်းမှီးဖိ ငံ့လင့်နေပြီး တိုက်ခိုက်ရေးအချက်ပြမှုကို တက်ကြွစွာနဲ့ အာရုံစူးစိုက်စောင့်ဆိုင်းနေကြပါတယ်။

ဒီအချိန်မှာဘဲ တိုက်ခိုက်မှုစတင်ဖို့ အချိန်သတ်မှတ်ချက် ကျော်ဖို့စကားဟာ လက်ဆင့်ကမ်း ရောက်လာပါတယ်။

"နေရောင်စ ဖြိုးထွက်လာတာနဲ့ စတိုက်ကြမယ်"

အချိန်က မနက် ၅ နာရီခွဲကျော်ပါပြီ။ နောက်ထပ် ၁၀ မိနစ် လောက်ဆိုလျှင် နေရောင်စထွက်တော့မယ်။ မနက်အရုဏ်ဦးရဲ့ ရောင်နီ ဖြူးကြွလာတော့မယ်လေ။ အချိန်ကလဲ တဖြေးဖြေးနဲ့ ပုံမှန်ကုန်လာနေပါပြီ။ ပတ်ဝန်းကျင် တခုလုံးမှာ ဟာ တိတ်ဆိတ် ငြိမ်သက်မှုရဲ့လွှမ်းမိုးခြင်းကို ခံနေရပါတယ်။

ပတ်ဝန်းကျင် တခုလုံးဟာ တိတ်ဆိတ်နေတယ်။

ဒါပေမဲ့ တပ်ခွဲ့ယင်တခုထဲက အသံရှိုက်သံလေး တ ယောက်ရဲ့ မှာသံဝဲဝဲလေးနဲ့ သီဆိုနေတဲ့ ပြည်သူ့တပ်မတော် စစ်ချီတေးသွား လေးတပုဒ် ကတော့ မြင့်တိုးပြီး ညင်သာသလောက် တက်ကြွတဲ့ အသံလေးနဲ့ ပျံ့လွှင့်နေပါ တယ်။

"ကြယ်နီရောင် ထွန်းတောက်လို့ အလင်းရောက်တဲ့ ဒီအချိန်ခါမှာလေ တူညာ်ရင် အလံတော်အောက်မှာ ပြည်သူ့ငျင် သွေး တပ်မတော်ပေါ်လာလေ - - ရန်သူတို့ချေမှုန်း လို့ ပြည်သူ့ကိုဘဲ အကျိုးပြုမြဲ မြဲမယ်လေ - - - -"

× × × ×

[ ဦး ]

ပိတ်ဆို့ဖြတ်တောက်
တယောက်တလေမှ
ပေါက် မထွက်စေကြနဲ့ ။

မနက် ၅ နာရီ ၄၅ မိနစ်။

အရုဏ်ဦး ရောင်နီတွန်ဖြူးမှာဘဲ ကျွန်တော်တို့ရဲ့ မှန်တိုင်းတပ်ဖွဲ့ရဲ့ စတင်တိုက်ခိုက်မှုပြဿနာ ပေါ်ထွက် လာခဲ့ပါတယ်။

ဘရိုကာကျည်ဆံ ပေါက်ကွဲသံ၊ လက်နက်ငယ်အသံ ဆိုက်ပစ်ခတ်သံများ၊ မှန်တိုင်းတပ်ဖွဲ့ဝင်တွေရဲ့တက်ကြွတဲ့အော်ဟစ်သံများ၊ မပျော့ပျောင်းဘဲ ရှုတ်တရက် ဝင်ရောက်တိုက်ခိုက်တာ ခံလိုက်ရလို့ ကြောက်လန့်တကြား

ရှိအောင်ဟာစ်ပြေးလွှားလာပြီးကျနေကြတဲ့ ကျောင်းသားသားသား တို့ရဲ့အသံများ။

ဒါနဲ့ မရှေးမနှောင်းမှာဘဲ ကျောင်းအပေါ်တရောဂုဏ ပေါ်လာတဲ့ ခရာမှုတ်သံသဲ့ကို ကြားလိုက်ရပြန် တယ်။ ကျောင်းသားတစ်ဦးရဲ့ အုပ်ချုပ်သူ ပြန်လှုံ့ရာတဲ့သူ ဆောတော့၊ ဒါပေမဲ့ သူ့ရဲ့အခါ ရောက်တာ ဘာ ရွေးရှေး သွား တော့ပြီ ကလေးတစ်ယောက်တစ်ယောက် လှုပ်ရှားလှုပ်ရှာ ထွက် လှုပ် လိုက်တဲ့လှုပ်ရှုပ်ခဲ့ပြန်ပါတယ်။

သာကြေနာမဲ့ဆိုတော့ အခါခရာသံဟာ သူ့ထပ်ရှိခဲ့ ကျက် ပြောက်မင်းခွင့် ဖြစ်သွားခဲ့လို့ပါဘဲ။

ခရာသံကြောင့် ဆဲဒီဝေသင်ကျောင်းဝင်းမှာ ကျောင်း သားတော်များများဟာ စုမိသွားခဲ့တယ်။

ဒီအချိန်မှာဘဲ ဓာသင်ကျောင်းရဲ့ မြောက်ဘက် ကိုက် ၃၀၀ လောက်သာ ဝေးတဲ့နေရာမှာရှိတဲ့ ကျွန်းရွယ်လေးတခုမှာ အသင့်စောင့်ရှိနေရာယူထားပြီးဖြစ်တဲ့ ကျောင်းမပြိုရဲ့ဘက် နက်ပြီ တစ်ဦးက ပစ်လွှတ်လိုက်တဲ့ လက်နက်ကြီး ကျည် တွေဟာ သူတို့အပေါ်ကို တရုန်းရုန်းနဲ့ ကျသွားခဲ့တယ်။

လက်နက်ကြီးသံတွေနဲ့အတူ ကျောင်းတို့ရဲ့ဘက် တွေရဲ့ အောင်မြင်စွာ ဟာစ်ပြေးပြီး ကျောင်းသားတွေကို သ တိပေးလိုက်တဲ့ အသံတရာလဲ ဒေါ်ဒီ ပတ်ဝန်းကျင်ကို မှုံ လွှမ်းသွားခဲ့ပါတယ်။

"လက်နက်ချ ။ မသတ်ဘူး ဟော့"

× × × ×

[မြောက်]

ကျောင်းသားတို့အလောင်း
ကောင်းကောင်း ရေတွက်
စာရွက်စာတမ်း
ခဲယမ်း လက်နက်
တစောင် မကျန်
မြေလှန်သိမ်းပိုက် ဆာချိန်လဲကျိုက်ပစေ။

မနက် ၆ နာရီခွဲ။ မှုန်ဝိုးတဲ့ဝတ်ဖွဲ့ဝင်တွေရော ရှုင်းလင်းရေးတပ်ဖွဲ့ဝင်တွေပါ တကွာလုံးမှာမြင်ရှု့ပက် နေပါ ပြီ။

လက်နက်ငယ် ပစ်ခတ်သံတချို့တော့ ကြိုးကြားရှိ နေဆဲ။ ဒါပေမဲ့တခုလုံးအရကတော့ တိုက်ပွဲက ပြီးသရောက် သွားပါပြီ။ ကျောင်းသားအလောင်းတွေကလဲ လယ်ယာ မှာ အဝိုက်ကြို အိမ်ကြားမှာ ရွှေးတဲ့နဲ့ဓာသင်ကျောင်းဝင်းထဲ တွေ မှာ ဖွဲ့မှာသာလောင်း၊ ဒီမှာ ၂ လောင်း ၊ တချို့နေရာတွေ မှာ ၄ ၊ ၅ လောင်း အစုလိုက်အပြုံလိုက်။

သုံ့ပန်း ရှာဖမ်းသူ၊ လက်နက်ခဲယမ်း စာရွက် စာ တမ်းတွေနဲ့ ကျောင်းသားပစ္စည်းမှန်သမျှ လိုက်လံရှာဖွေ သိမ်း ဆည်းနေကြတဲ့ ရဲဘော်တွေ၊ သုံ့ပန်း စာရင်း၊ သိမ်းပိုက်ရ ရှိရန် သုံ့ပစ္စည်း စာရင်းနဲ့ သေဆုံးကြတဲ့ ကျောင်းသားတွေ ရဲ့ အလောင်းအရေအတွက် စာသောဆယ်မျက်မြင်အရ လိုက် လံရှာဖွေဆည်း စာရင်းကောက်နေတဲ့ ရဲဘော်တွေ၊ အားလုံး ဟာ သွက်သွက် တက်ကြွစွာနဲ့ လှုပ်ရှားနေကြပါတယ်။

ဒီအချိန်မှာဘဲ မိုင်းပေါင်းသာဘက်က ပေါ်တဲ့ ဆိတ်ဘက်က လက်နက်ကြီးသံတချို့နဲ့ လက်နက်ငယ်သံတချို့ကို ကြားနေရပါတယ်။

စစ်ကူလာတဲ့ကျောင်းသားတပ်စစ်ကြောင်းတခုဟိုကျ နော်တို့ရဲ့ ပြုတ်တောက်ရေးတပ်ဖွဲ့ငယ်တွေက တား ဆီး တိုက်ခိုက်နေကြတဲ့ အသံပေါ့။

ဟိုရွေးဟာ မိုင်းပေါင်းရဲ့ မြောက်ဘက် ပေါ်မှာ ရှိပြီး ၃ မိုင်ခွဲလောက်သာဝေးပါတယ်။ စစ်သားကြေလှမ်းနဲ့ဆို ယင် အကြာဆုံး ၄၅ မိနစ်ပါဘဲ။ ဒါပေမဲ့ ကျောင်းသားတို့ရဲ့ စစ်ကူအဝိုင်း မှုပြောပြောက်ချိတ်ရှည်တော့ ၃ နာရီလောက် အသန့်စုံးကြာတတ်ပါတယ်။ ဒီကြားထဲ အသေအပျောက်အတား ခံလိုက်ရပုံကတော့ ပြောစရာတောင်မလိုတော့ပါ။

× × × ×

[ညနေ]

အရှုံးကျွင်းလို့
အလောင်း မိမြင်ချိန်
စစ်ရှုံးလို့ အပြီးရှိုး
သုံ့ပန်း လေ့ရှုံးကောက်
တယ် အမြန် ပြန်ရောက်မယ်။

ညနေ ၅ နာရီ။ တိုက်ပွဲကွင်းတခုလုံးကို ရှင်းပြီး သွားပါပြီ။ လယ်ကလောမျက်မြင်အရ ကျောင်းသားအလောင်း (၃၆) လောင်းနဲ့ လက်နက်မျိုးစုံ (၄၃) လက်၊ ခဲယမ်း မီး ရွက်စာတမ်းနဲ့ အခြားစစ်သုံးပစ္စည်းတွေအများအပြား ကို သိမ်းပိုက် ရရှိခဲ့ပါတယ်။

ချိုအမြင့် သုံ့ပန်းက (၁၂) ယောက်။ ဒါ့အပြင်က မြေ ပေါက်မှာ ဒဏ်ရာနဲ့နဲ့ရှုရှားလို့ လမ်းမလျှောက်နိုင်တဲ့သုံ့ ပန်းတယောက်ကိုတော့ ပဒိုရုမ်းက မြန်အမြောက် ဝယ်တယ် ဆိုတဲ့ရွာ အကြောင်းကျော်ဆီမှာ ကောင်းမွန်စွာအပ်နှံ ပြီး ပြန်လွှတ် ပေးခဲ့ပါတယ်။

× × × ×

[ရှစ်]

ဘဝင်ညှံ
အောင်ထေးသံရှင့်ကျူး

ကြည်နူးကြစေ ပြည်သူတွေ ။

မနက် ၁၀ နာရီခွဲ ။ ကျနော်တို့တပ်ဖွဲ့အားလုံးဟာ မှူလ. နိုဝင်ဘာ ၄ ရက်နဲ့ ၅ ရက်နေ့များက ယာယီအခြေစိုက်ရာ ရှမ်းရွာလေးရဲ့ ဝန်းကျင်မှာ ပြန်လည် စုစည်းမိကြပါတယ်။ အဲဒီနေရာဟာဆိုရင် ပဒိုရမ်းရဲ့အရှေ့ဘက် -၂ မိုင်ခွဲလောက်ဘဲ ဝေးတာဖြစ်ပါတယ်။

အဲဒီလိုစုစည်းမိကြပြီးတဲ့နောက် တိုက်ပွဲက သိမ်းပိုက်ရရှိခဲ့တဲ့ လက်နက်ခဲယမ်းတွေ စာရွက်စာတမ်းနဲ့ အခြားစစ်သုံး ပစ္စည်းတွေကို စင်များထိုးပြီး လူထုကို ပြသခဲ့ကြတယ်။ တိုက်ပွဲနဲ့ပါတ်သက်လို့လဲ ရှင်းလင်းပြကြတယ်။

နောက် တိုက်ပွဲတွင်းအတွင်းမှာ သိမ်းပိုက်လာတဲ့ ရန်သူ့ပစ္စည်းတွေနဲ့ အတူ ရောပြီးပါလာတဲ့ လူထုပစ္စည်း တွေကို ပြန်လည်ရွေးထုတ်ပြီး လူထုကို ပြန်လည်အပ်နှံခဲ့ပါတယ်။

ဒါ့အပြင် အဲဒီပတ်ဝန်းကျင်မှာဘဲ ရက်အနည်းငယ် ထပ်နေပြီး လူထုစည်းရုံးသိမ်းသွင်းမှုကိစ္စ ဝင်ရောက်ရှုသို့ သိုက်သိမ်း သယ်ပိုးပေးခဲ့ကြပါသေးတယ်။


လယ်ကွင်းထဲမှာဘဲ ပြစ်မြင် ရှုတွေထဲမှာဘဲ ဖြစ်ဖြစ် မကောင်းကျင့်တွေနှင့်မြူနစ်ပါတီနဲ့ ပြည်သူ့တပ်မ တော်ကို ဂုဏ်ပြုဖွဲ့သီထားတဲ့ သီချင်းသံတွေဟာ လဲ အခါလို ရှမ်းလို မြန်မာလို စသဖြင့် ဘာသာစုံနဲ့ ရဲဘော် တွေနဲ့ ပြည်သူတွေရဲ့ ကပျော်တဲ့ နှုတ်ခမ်းသီတို့မှ ကြသံတွေဟာလဲ ပျော်ရွှင်ဖွယ်ကောင်းနေခဲ့ပါတယ်။

အဲဒီအခုန်းက သီဆိုခဲ့ကြတဲ့ သီချင်းတွေထဲက မှတ်မှတ်ရရ သီချင်းလေး နှစ်ပုဒ် ကိုတော့ဖြင့် ပြန်လည် သတိရမိဆဲပါ။

ပထမတပုဒ်က - "ပြည်သူ့ကို ယုံကြည် ရမယ်၊ ပါတီကိုယုံကြည်ရမယ်၊ ဒီနှစ်ခုဟာ အချိုး အရှုပ်ပါကွယ် - - -" တဲ့ ။

နောက်တပုဒ်က - " လူထုမှီခိုကာ တော် လှန်စစ်ဆင်ခဲ့တဲ့ ရန်သူ့စခန်းမှာ ဆုံးဖြတ်အောင် ကျွေ မြင်းမှာ - - - - -"

* ရဲယု




* မိုးသားညိုအုံ့
နေမင်း ဖုံးတုံ့ — ။

* သို့တစေ - ငါ့မြေးရေ - - -
သေထိမှတ်ထား - - - - ။
တို့အတွေ့ ပါတီသား - - ။
ခက်ခဲကောက်ကွေ့သွား - - - ။
ကြမ်းတမ်းတဲ့ လမ်းများ - - ။
လျှောက်လှမ်းပါလို့ သွားရာဒိမ့် — ။

* တနေ့မှာတော့ ပျော်ရလိမ့် - - - ။
အရေးတော်ပုံ အောင်မှာမြို့ - - ။
ထွန်းတောက်နေမင်း မိုးမြေသိမ့် — ။

စောလာဂါပေါ်
အဖိုးရဲ့စာမှာစကား



# မြို့မဟာရပ်ကွက်မှ ကိုချမ်းသာ

ချိုးသစ်

ဒေါင် .......။

ဂုပ်ကျွတ်ထိပ်ပြီမီးကင်းတဲမှ နာရီသံချောင်းခေါက်သံ တချက် ကြားလိုက်ရသည်။

ဒင်း ... တနာရီတောင် ထိုးပြီကိုး .....။

ကိုချမ်းသာတယောက် ဆွဲ့တနာရီထိုးသော်လည်း အိပ်မပျော်သေး၊ ညနေကဇနီးသည့်အ “ နက်ဖြန်ထမင်းချက်ရန်ဆန်မရှိတော့ဘူး ” ဟုသည့် စကားကဗိုကြားယောင်နေဆဲ၊ ဇနီးသည်နှင့်သားတော်မောင်ကတော့ အိပ်မောကျနေရှာပြီ။ ကိုချမ်းသာတယောက် ပုဆိုးသည်လျှိမ်နှင့် ခုတ္တးပေါ်လက်တင်၍ စဉ်းစားနေမိသည်။ သည့်တော့မှ ပြဿနာတခု အခေါင်းထဲဝင်လာပြန်သည်။ မိုးပေါ်မှလ ရောင်သည် ခေါင်မိုးပေါက်တစ်ပေါက်ကြားမှ ကိုချမ်းသာ၏ မိသားစု အိပ်စက်ရာနားယူရာ ဖြိုဝင်ထောင်တာမိုးပေါ်မှတဆင့် ကိုချမ်းသာ၏ မျက်ဝန်းပေါ်သို့ ကြောကျလာ၏။ “ ဟြော်-အိမ်မိုးရိုးမှာပါလား ”။ သည်ပြဿနာက အိမ်အရေးမကြီးသေး ဒါပေမဲ့အရေးတော့ကြီးသည် “ သကြံနီမိုးကရွာဦးမည်မဟုတ်ပါလား ”။ မတွေးတာက အကောင်းဆုံးဖြစ်မည် ထင်သည်။ ကိုချမ်းသာ တဖက်သို့ဖြည်းညှင်းစွာ စောင်းအိပ်လိုက်ပြန်သည်။ ဖြည်းညှင်းစွာစောင်း၍မဖြစ်၊ ကျောအောက်ရှိ ဝါးပတ္တလားကြမ်းခင်းများက ခေဝပေါ်စေတိဆိုသံထွက်ပေါ်လာလျှင် သားတော်မောင်နိုးသွားလိမ့်မည်။ ဒီကောင်နိုးလျှင်မလွယ် ...။ တဖက်သို့စောင်း၍ ကိုယ့်ဘဝကိုယ် ပြန်စဉ်းစားနေမိသည် .....။

ကိုချမ်းသာ - - -

အာမည်နှင့်မကိုက်အောင် ဆင်းရဲမွဲတေလှသော ကိုချမ်းသာ။ အဖေနဲ့အမေက ဘာကြောင့်များ ဒီ အမည်ကိုမှ ရွေးပြီး မှည့်လိုက်တာလဲမှ - - ၊ သူတို့လို မဆင်းရဲစေချင်တဲ့ မိဘရဲ့ဆန္ဒကိုဘဲတွေ့ ပါရဲ့လို့ ဖြေသိမ့်လိုက်ပါသည်။ ကိုချမ်းသာပြုံး လိုက်သည်။

အမည်က ချမ်းသာ၊ နေတာက အနိစ္စ ရပ်ကွက်၊ အနိစ္စရပ်ကွက်ဆိုတာ ကျူးကျော်ရပ်ကွက်တခု ပါ။ ကိုချမ်းသာတို့ရပ်ကွက်က တခြားကျူးကျော် ရပ်ကွက်နဲ့မတူဘူး။ ကိုချမ်းသာတို့ရပ်ကွက်ကို မြို့တော် စည်ပင်သာယာရေးအဖွဲ့က မကြာခဏလာဖျက်တယ်။ သူတို့က နေ့ဘက်ဖျက်၊ ကိုယ်က ညဘက် ပြန် ဆောက် လိုက်။ ဒီလိုဘဲ ဖျက်လိုက်၊ ဆောက်လိုက်၊ မကြာ ခဏ လုပ်နေကြရတော့ ရပ်ကွက်အမည်လည်း မဖြတ်သတော့ နဲ့ အနိစ္စရပ်ကွက်လို့ အမည်သညာ ဖြစ်လာခဲ့တော့တယ်။ ဒီအနိစ္စရပ်ကွက်ရဲ့ ကွမ်းတောင်ကိုင်အလှပဂေးလို့ ခေါ်ရ မလား၊ တခြားလူတွေမသိ၊ ဒါကကိုချမ်းသာအတွေး ။ ဘဲ - သူ့အမည်က မသန်းကြွယ်၊ အမည်ကတော့ သန်း ကြွယ်၊ ဒါပေမဲ့ ရပ်ကွက်ထဲမှာ ရေထမ်းရောင်းနေရရှာ ပါတယ်။ ကိုချမ်းသာနဲ့ မသန်းကြွယ်တို့နှစ်ယောက်ဟာ ဒီ အနိစ္စရပ်ကွက်လေးထဲမှာဘဲ နှုတ်ခမ်းပဲ့ချင်း ရှု မှုတ် ခဲ့ကြပါတယ်။ ကိုချမ်းသာကတော့ ရန်ကုန်မြို့လယ်မှာ ရှိတဲ့ ရုံးလေးတရုံးမှ အောက်တန်းစာရေးလေးတယောက် ပါ၊ အိမ်ထောင်သက် တနှစ်ကျော်လာတော့ သားဦး လေး တယောက်ကို အရပ်လက်သည်နဲ့ အနိစ္စရပ်ကွက်မှာ ဘဲ အောင်မြင်စွာ မွေးဖွားခဲ့ပါတယ်။

သားလေးမွေးတော့ ကိုချမ်းသာတယောက် အလွန် ပျော်မိသည်။ သားကို အမည်ပေးဘို့ကိစ္စ စဉ်း စားရတာက် အခက်၊ သားကသောကြာသား ဆိုတော့ - အစ - သ - - - သဟ၊ ဟုတ်ပြီ - - - ဟုတ်ပြီ - - -

“ မိန်းမရေ - ငါက ချမ်းသာ၊ မင်းက သန်း ကြွယ်၊ ဒီတော့ သားက သူဌေး ဆိုရင်မကောင်းဘူးလား ”

ဤသို့ဖြင့် သူဌေး ဆိုသော အမည်ပေးပွဲတွင် ကန့်ကွက်မဲ လုံးဝမရှိဘဲ အောင်မြင်စွာရွေး ချယ်လိုက် ပါတော့သည်။

ကိုချမ်းသာတယောက် တောင်စဉ်ရေမရ တွေး တော နေရာမှ ခါးအောက်ပိုင်းမှ ပူကနဲဖြစ်သွား၍ စဉ်း စား ခန်း ပြတ်သွားသည်။ သား တော်မောင် သူဌေး သေး ပန်းလိုက်တာကိုး၊ ကိုချမ်းသာပြုံးလိုက်သည်။

“ မိုက် ”

ကိုချမ်းသာနှုတ်မှ အာမေဋိတ် သံထွက်သွား သည်။ ခုမှဘဲ ချမှ သတိရတယ်။ မနေ့က ရုံးမှပြန် လာ ပြီး၊ အကျီလဲပြီး လုံချည်မလဲမီ။ သည်ကြားထဲဆန့်ကိုချ ဝင်လာတော့ လုံးဝမေ့သွားသည်။ ပြဿနာ - ကိုချမ်းသာ မှာ ချမ်းသာသလို ရုံးသွားရန်လုံချည်နှစ်ထည်၊ ရှပ် အကျီ နှစ်ထည်နှင့် အိမ်နေရင်းဝတ်ရန် ရှပ်ကျယ် သုံး ထည်၊ လုံချည်နှစ်ထည်သာရှိသည်။ ယခင်က လုံချည် ဟောင်းနှစ်ထည်ကလည်း သားလေး ကိုသူဌေး မွေးစဉ်က အနှီးလုပ်လိုက်ရသေးသည်။

ကိုချမ်းသာ အလုပ်သွားလျှင် လုံချည် နှင့် အကျီကို (၃) ရက်တကြိမ်လဲ စနစ် ပြုလုပ်ထားသည်။ သည် လုံချည်က မနက်ကမှ လဲသွားသည့်လုံချည် ဖြစ်သည်။ မနက်က လဲခဲ့တဲ့ လုံချည်ကလည်း ပြန်ဝတ်သွားရန် မဖြစ်၊ တခါက ကိုချမ်းသာ ရုံးတပါတ်ပြည့် အောင် ဝတ်ဖူးသည်။ သည်တော့ ရုံးမှအပေါင်းအသင်းများက အမည်တခု တိုး ပေးလိုက်သေးသည်။ “ ဒီဝတ်ဘိုင် ” တဲ့လေ။ ကိုချမ်းသာ မှတ်ပါ။ ကိုယ့်မှာကဒါဘဲရှိတာကိုး၊ အပေါင်းအသ င်း များကလည်း ခင်မင်လို့ခေါ်ကြတာပါ။ ကိုချမ်းသာအခါ မှာ ဝတ်နေသည့် လုံချည်နှစ်ထည် ဆိုတာ ဒီသူငယ်ချင်း ရွှေဘဲ ပေးထားကြတာ။ ကိုချမ်းသာ သေးစိုနေ သော လုံချည်ကို ထ လဲ၍ တန်းပေါ်တွင် လှန်းလိုက်သည်။

“ အင်း - ဘယ်အချိန် တောင်ရှိနေပြီလဲ ”

ရပ်ကွက် မီးကင်းမှလည်း နာရီသံ ချောင်း ခေါက်သံ မကြားရတော့၊ ကင်းသမားများလည်း နှပ် ပြည့်ရောက်ကုန်ကြပြီ ထင်သည်။ ခပ်လှမ်းလှမ်းမှကြက် တွန်သံ ခပ်သဲ့သဲ့ကြားလိုက်ရသည်။ မိုးလင်းတော့မည် ထင်သည်၊ တရေးလောက် တော့ မှေး လိုက်ဦးမှ ဖြစ် မည်။ ဒါပေမဲ့ နံနက်မိုးသောက် အလင်းရောက်လျှင် - - - - - - - - - - - -

နံနက်မိုးသောက်အလင်းရောက်လျှင် - - - - - -

× × × ×

ညက အိပ်ရေး ပျက်သဖြင့် ဇနီးသည်လာနှိုး မှ အိပ်ယာမှ လူးလဲထလိုက်သည်။ မျက်လုံးများ က ကျိန်းစပ်နေသည်။ မီးဖိုထဲမှ မီးသွေးခဲတခဲကောက် ယူ၍ ကိုချမ်းသာ ကိုယ်လက်သန့်စင်လိုက်သည်။ ရေ ချိုး၍မဖြစ်တော့ မနက် (၈) နာရီသံ တီးသံ ကြား နေရသည်။ ကိုချမ်းသာ အိမ်နှင့် ရေတွင်းမှာ အ တန် ဝေးလှမ်းသည်။ ရေချိုးသည်နှင့် ကားစောင့်သည်နှင့် ဆို လျှင် ရုံးချိန်မမှီတော့။ ကိုချမ်းသာတို့ရပ်ကွက်မှ ရုံး သို့ အနည်းဆုံး (၄၅) မိနစ် ခန့်သွားရသည်။ ဒီတော့ ကားဘဆင်ခြေမှ၊ ရုံးချိန်နောက်ကျလျှင် အထက်အ

ဤဗိုလ်မှူးမင်းဘုရားက ဟိန်းဟောက်တတ်သေးသည်။ ဗိုလ်မှူးဆိုပေမဲ့ ဒီတော့ ဗိုလ်မှူးမဟုတ်တော့ပါဘူး၊ ဒါပေမဲ့ သူတို့ထုံးစံအတိုင်း ဗိုလ်မှူးခေါ်မှကြိုက်တာကလား။ ဒီတော့လည်း သူ့ဖျားတွေ နည်းတူ ကိုယ်လည်း မှူးလိုက်ရုံသာ – – –

သူကတော့ ရုံးချိန်တက် နာရီဝက်၊ တနာရီခန့် အမြဲစောဖြဲရောက်ကြောင်း၊ ရုံးချိန်ကိုလေးစားရမည်ဖြစ်ကြောင်း၊ ထုတ်ဖော်ကြွားဝါတတ်သည်။ မှန်ပါ ပေသည်၊ မှတ်လျှပါသည်။ ကိုချမ်းသာတို့လို ရုံးအမှုသားတွေကိုလည်း ခုလိုကားနှင့်ကြိုပို့လျှင် သူ့လိုပင် ရုံးချိန်အမှီရောက်မည်ဟု ကိုချမ်းသာ တွေးနေမိသည်။ ကိုချမ်းသာ အာရုံပလွင့်နေရင်းမှ –

“ကဲ – ဟိန်းမရှေ့ မင်းတယောက်အတွက် ဘဲ အိမ်ရှေ့က ကိုရွှေရုကြီး အိမ်က သန်နီခဲဘူး နှစ် လုံးလောက် ခကာချေးပြီး ချက်စားလိုက်တော့ကွာ –၊ ဗိုက်ဆံကော ဘယ်လောက်ရှိသေးလဲ”

“မနေ့က နှစ်ကျပ်ဖိုတာ အဝတ်လျှော်ဘို့ဆပ်ပြာမရှိတာနဲ့ ဆပ်ပြာတကျပ်ဘိုးဝယ်လိုက်တယ်။ တကျပ်တော့ရှိသေးတယ်။ ဒီနဲ့ ရှင်ရုံးသွားဘို့လမ်းစရိတ်ရော ရှိသေးရဲ့လား”

“အေး – ငါ့ဆီလဲ တကျပ်တော့ရှိသေးတယ်။ တကျပ်ဆိုရင် ရပါတယ်ဟာ”

ကိုချမ်းသာသည် ညကလျှော်ထားသည့် ကလေးသေးနွံ့သင်းနေသော လုံချည်ကိုပြန်ဝတ်ပြီး အိမ်ပေါ်မှဆင်းမည်အပြုတွင် နောက်ဖေး မီးဖိုမှ အိုး ယော်တွင်အားလျှားမှောက်၍ သခင်နောက်သို့ မလိုက်ရ၍ငိုကြွေးနေရှာသော ဖွားဘက်တော် ထမင်းဘူးကိုကြည့်၍ စိတ်မကောင်းဖြစ်မိသေးသည်။ ဒီနေ့တော့ (ဗဲဂိုးဆောရီး) ဘဲဟုစိတ်ထဲမှ ရေရွတ်ယင်း ကားမှတ်တိုင်သွားရန် ခြံဝကနေ လှည့်ထွက်လိုက်ပါတော့သည်။

မှတ်တိုင်သို့ ရောက်သည်မှာ (၅) မိနစ်ခန့်ရှိပြီ။ ကားကအလိုမှ အယောင်မျှ မမြင်ရသေးချေ ။ ကိုချမ်းသာသည် အိတ်ထဲမှ တဂျက်ထဲသော ကျပ်တန်ကို ထုတ်၍ ဘေးနီးရှိ ကွမ်းယာဆိုင်တွင် ဆေးပေါ့လိပ်တလိပ်ဝယ်၍ မီးညှိနေစဉ် ကွမ်းယာဆိုင်မှ ဖွင့်ထားသော ရေဒီယိုမှ “ဝိုင်းကြီးပတ်ပတ် ကလိုနီခန်း စပါးတောင်လို့ပုံ” သီချင်းက အလိုက်ကန်းဆိုးမသိ ပေါက်ထွက်လာသည် – အော်ချင်တိုင်းအော်နေသည်။ ကိုချမ်းသာ ဒေါသထွက်သွားသည်။ အိမ်မှာတော့ ဆန်ခြောက်ရှိ၍ ထမင်းဘူးပင်ထည့်မလာနိုင်၊ သူက စပါးတောင်လို ပုံနေသည်တဲ့ – – –

“တောက်”

“ဘာ တောက်တာလဲ” ကွမ်းယာဆိုင်မှအဘွားကြီးက မေးလိုက်သည်။

“ဘာ – ဘာမှမဟုတ်ပါဘူး၊ ကားမလာသေးလို့ပါ ဟဲ ဟဲ”

ပြန်အမ်းသောအကြွေကိုယူ၍ အမြန် ဆုံးထွက်လာခဲ့သည်။ ထိုစဉ် တခြမ်းစောင်းလျှက် တရွေ့ရွေ့လာနေသော ဟီးနိုးဘတ်စ်ကားကို တွေ့လိုက် ရသည်။ သောက်လက်စ ဆေးလိပ်တိုကို ကမ္ဘာကယားမီးသတ်၍ အိတ်ထဲသို့ထဲ့လိုက်သည်။ လုံချည်ကိုအားယောင်းမကျိုက်ရုံ ခယ်တိုတိုနှင့် ဦးဦးဖြန်ဖြန်ဝတ်လိုက်သည်။ ကားကလည်း မှတ်တိုင်တွင်မရပ်၊ ကျော်၍ရပ် လိုက်သည်။ ဘယ်ရမလဲ ကိုချမ်းသာ ဒီအာထာ[illegible]လို့ ကြိုတင် ပြင်ဆင်ထားတာဘဲ။ ကား ဆီသို့ အပြေးအလွှား တက်လိုက်ရသည်။ ဘဲတွင်းသို့ဝင်၍မရ။ ခြေနင်း ခုံထွင် ခြေတချောင်းသာ တင်၍ရသည်။ ထ[illegible]တော့ [illegible] ရနေသည်။ [illegible] ကိုချမ်းသာ နေ့စဉ်[illegible] [illegible] ရုံး ချိန် မှီမည်မဟုတ်ချေ – – –။

× × × ×

ကိုချမ်းသာရုံး ရောက်တော့ [illegible] မိနစ် သာ[illegible]။ “ဗျူး” [illegible] ပြီး [illegible] အကြေးပျဉ်တွေက [illegible] ကိုချမ်းသာ [illegible] ကပ်၍ လိုက်ပါလာပြီး [illegible] ဖြိုလည်း [illegible]။ ရုံး[illegible] ရှိနေမည်။ [illegible] ရနိုင်။ မြတ်ဘုန်းလက်ဝဲရှိန်းနှင့်[illegible] ဟုတ်ပါလား။ သူတို့သည်လည်း [illegible] လိုက်နေတာကို ကိုချမ်းသာသိသည်။ [illegible] တိမြင် [illegible] [illegible] သည်။ ငွေ [illegible] အတိုးက [illegible] ဆယ်ယူရင် နှစ်ကျပ်တိုး ပေးရတယ်။ [illegible] ပြန်ပေးလည်း နှစ်ကျပ်တိုး။ ကိုချမ်းသာ [illegible] ခု ချလိုက်တယ်။ [illegible] ဒီမိန်းမကြီး ဆီကတော့ မယူ ဟူ၍။

ကိုချမ်းသာ စားပွဲပေါ်မှ [illegible] ကို အမိပ္ပါယ်မဲ့စွာ ပုံလှန်သည်လျှော လုပ်နေမိသည်။ ထိုစဉ် ကြီးဘာသန်းက “ကိုချမ်းသာရေ ဗိုလ်မှူးကခေါ်”

ဟူသော်သဖြင့် ကိုချမ်းသာ နေရာမှထလိုက်သည်။ မိုလ်မှူး အခန်းသို့ရောက်သောအခါ - - - -

"မောင်ချမ်းသာ ဘယ်သွားစရာရှိသေးလဲ"

"သွားစရာတော့ မရှိပါဘူး မိုလ်မှူး"

"ဒါဆိုရင် ရိုကို ဒူးအပါဝင်ရုံဘင်တဲ့ (ဒူပါမင်) ကြိုတင်လက်မှတ်ဝယ်လေးစမ်းပါကွာ၊ အိမ်က ကလေးတွေက ကြည့်ချင်လို့တဲ့ကွာ၊ သုံးရုံတင်တယ်နဲ့တူတယ်၊ သမတနဲ့ ပပဝင်း တရုံရုံမှာပဲကွာ၊ နက်ဖြန် ညပွဲလုပ်ခဲ့ကွာ၊ ရော့ ငွေ ၂၅ ကျပ်ယူသွား"

"ဟုတ်ကဲ့ ရပါတယ်မိုလ်မှူး"

"ဒီ မီ က (၄) ခေါင်ဝယ်ခဲ့၊ ပိုတာမင်း လမ်းစရိတ်လုပ်လိုက်ကွာ"

ကိုချမ်းသာတယောက် သိက္ခာရထဲမှာ ဒို အစစ်တခု တွေ့သလို ရင်ထဲတွင်ကြိတ်၍ဝမ်းသာနေသည်။ သည့်ငွေဖြင့်ကွန်ဒိုက်ကို အရင်သွားရမည်။ ကွန်ဒိုက်မှာ ပန္နည်းမပေးရင် ဆေးဆိုင်တဆိုင်ဝင်၍ စနည်းနည်းလိုက်ရင် ဘယ်ဆိုင်မှာ ဘာပေးမည် သိရမည်။ အိမ်ကခြံနှင့်ဆိုးထဲ ဆန်ဖြည့်ဘို့ ကြွက်သေတချုံအရင်း မြှုရတော့မှာဘဲ။

"အေး - သွားလော့လေ၊ ဘာစဉ်းစားနေသလဲ"

"ဟုတ် - ဟုတ်ကဲ့ဘာမှမစဉ်းစားပါဘူး၊ ဘယ်ရုံကို အရင်သွားရင် ကောင်းမလဲလို့ပါ"

ကိုရွှေမိုလ်မှူး အသပ်ခံလိုက်ရသည်။ သူ့ကျိုးပဲသူ အသတ်ခံလို့ ခံရမှန်းမသိလိုက်သော မိုလ်မှူးက ပေါ့ဖြစ်ဖြန် လုပ်လိုက်သေးသည်။

"ရပါတယ်ကွာ ဘယ်ရုံရရပေါ့ ဟဲ..ဟဲ"

"ဟုတ်ကဲ့ ဟဲ..ဟဲ..." ကိုချမ်းသာ ပါ ရော၍ ဟဲ လိုက်သည်။

ကိုချမ်းသာ ငွေ ၂၅ ကျပ်ကိုင်၍ ပန်းဆိုးတန်း ကွန်ဒိုက်သို့ အရင်သွားသည်။ အပေါ်တွင် ဘာလီရည် ပေးနေသည်။ တန်းစီ၍ တရွေ့ရွေ့တိုးသွားရာ ဘာလီရည် တပုလင်းရသည်။ အလျှင်အမြန်အောက်သို့ဆင်း၍ အမြတ် ၅ ကျပ်နှင့်ရောင်းပြီး နောက်တခေါက်ပြန်တိုးသည်။ ဆင်း၍ရောင်းလိုက်သည်။ အင်း - တဆယ်တော့ရပြီ။ နောက်တခေါက် - တတိယခေါက်ပြန် အတက်တွင် အပေါက်ဝမှ ပြန်ရောင်းစားသူဟု ဆို၍ မတက်ရတော့။ ကိစ္စမရှိ နှစ်ခေါက်တိုးလိုက်ရ၍ ငွေတဆယ်မြတ်ပြီ။ ကိုချမ်းသာ၏ဗိုက်ထဲမှ တပြုံးပြုံးပြုံးလာသည်။ ဪ - ငါမနက်စာ မစားရသေးပါလား။ ဂျန်ကွန်ဘူတာကြီးမှ နာရီစင်ကိုလှမ်းကြည့်လိုက်သည်။

၁၁ နာရီကျော်ပြီဘဲ။ နိဗ္ဗာဝင်းဈေးလို့မဖြစ်သေး။ ရှင် ခွင်လက်မှတ်က ဘယ်လောက်တိုးရဦးမည်မသိ။ ဗိုက်က လည်း ဆာသဖြင့် ကွန်ဒိုက်အောက်ရှိ စားသောက်ဆိုင် ထဲသို့ဝင်၍ မွှဲချက်မွှဲပါစေဟု စိတ်ထဲမှ ရေရွတ်ရင်း တ ကျပ်တန် သကြားပလာတာ တချပ်နှင့် ရေနွေးတအိုး မှာစားလိုက်သည်။ ဗိုက်ထဲမှ ဂွီဂွီ မြည်နေသည့်ပွဲများ ငြိမ်သွားကြပြန်တော့သည်။ အိတ်ထဲမှ ဆေးလိပ်တို ကို ထုတ်၍ မီးညှိပြီး ဆိုင်အတွင်းမှ ထွက်လိုက်သည်။

သမတ ရုံကို အရင်သွားသည်။ အခြေ အနေ ကသိပ်မကောင်း၊ ပုလိပ်များက အုံးပတ်များဖြင့် ကျွဲကျိုက် နွားကျိုက် ကျိုက်နေသည်။ အရိုက်မခံနိုင်၊ ပပဝင်းရုံသို့ဆင်း လာခဲ့သည်။ ပုလိပ်တယောက်သာရှိသည်၊ သူနှင့် ခပ်လှမ်း လှမ်းမှတိုးသည်။ နက်ဖြန် (၈) နာရီပွဲရသည်။ နေ့လည် တနာရီထိုးပြီ။ အချိန်စောနေသေးသဖြင့် ရုံးသို့ပြန်မဝင် သေး။ ၃၇ လမ်းထိပ်ရှိဆေးဆိုင်သို့ သွားကြည့်မည်။ လူတွေတော့ မှတ်ပုံတင်ထပ်နေသည်ကိုတွေ့သည်။ အိတ်ထဲမှ ရုံးကဒ် ကိုထုတ်၍ထပ်လိုက်သည်။ ဘာ ပ လက်ဆေးပြားတပုလင်းရသည်။ ကိုချမ်းသာ အလှည့် ရောက်၍ ပန္နည်းထုတ်ပြီးရောင်းလိုက်သည်။ တဆယ်မြတ် သည်။ ၃ နာရီထိုးတော့မည်။ ရုံးသို့အမြေးအလျှား ပြန် လာခဲ့သည်။ ရုံးရောက်တော့ မိုလ်မှူးအခန်းသို့ တန်းဝင် သွားသည်။ မိုလ်မှူးလည်းအတော်အလုပ်များနေပုံ ရ သည်။ ကုလားထိုင်မှီပြီးအိပ်ပျော်နေ၏။ ကိုချမ်း သာ ရောက်နေတာမသိ။

"အဟမ်း" ကိုချမ်းသာ ချောင်းသံပေးလိုက်မှ ကမ္ဘာကယာ ခေါင်းထောင်၍

"ဪ - မောင်ချမ်းသာ အဝင်မြေခဲ့ရဲ့လား၊ မိုလ်မှူးလည်း အလုပ်နည်းနည်းများသွားလို့ မှေးကနဲ ဖြစ်သွားတယ်"

ကိုချမ်းသာက "ဟုတ်ကဲ့ ရပါတယ် မိုလ်မှူး" အိတ်ထဲမှ ကြိုတင်လက်မှတ်ကို ထုတ်ပေးလိုက်သည်။

"အေး - ကျေးဇူးဘဲကွာ မင်းလည်း ပင်ပန်း လာမှာပေါ့ သွားအနားယူဦး"

× × × ×

ကိုချမ်းသာ ငွေနှစ်ဆယ်ကျော်လောက် နေ့ တွက်ကိုက်လာတော့ အိမ်အပြန်ခြေလှမ်းများက သွက် လက်ပေါ့ပါးနေသည်။ အိမ်ရောက်တော့မှ အိပ်ချင်စိတ် ဖြစ်လာသည်။ အိပ်၍မဖြစ်သေး၊ အဝတ်အစားလဲလိုက် သည်။ လုံချည်ကို တန်းပေါ်သို့လွှားလိုက်မှ သားတော်

ခေါင်၏ 'ဝိုယာ' နံ့က နှာခေါင်းထဲတိုးဝင်လာ၍ ကိုချမ်း : သာ မြိုးလိုက်မိသည်။ ပြီးမှ ကလေးကို ကောက်ချီလိုက်သည်။

"ကလေးက ကိုယ်ပူနွေး နေပါလား မသန်းကြွယ်"

"ဟုတ်တယ် ကိုချမ်းသာ နေ့လည်ထဲက နည်းနည်း နွေးနေတယ်။"

"နေ့လည်ထဲက နွေးနေရင်လည်း ဆေးလေးဘာ လေးဝယ်..." ဟု ဆက်၍ မပြောမိရန် အမှိန် သတိ လိုက်ရသည်။ ဆေးဝယ်ရန် ပိုက်ဆံ ဘယ်မှာနည်း။ မနက် က ငွေတစ်ကျပ်ရှိသည်။ ဟင်းဝယ်စားလျှင် တပြားမှ ကျန် တော့မည် မဟုတ်ပါလား။ ဆေးတပြားက ပြားငါးဆယ် ပြားခြောက်ဆယ်၊ ကိုချမ်းသာ ဘာမှမပြောသာတော့ ။ မပြောလိုတော့ပါ။

"မသန်းကြွယ် မနက်က ဆန်ချေးလို့ရလား"

"ရတယ် ကိုချမ်းသာ အဲဒီဆန်နှစ်လုံး မနက် က ချက်ထားတာ ကျန်သေးတယ်"

"အေးကွာ - အဲဒါဆို ဒို့နှစ်ယောက် မျှစားကြ တာပေါ့ လမ်းထိပ်မှာ ပဲဟင်းသွားဝယ်ကွာ ၊ အပူကျဆေး တပြားပါဝယ်ခဲ့၊ အိတ်ထဲမှာ ပိုက်ဆံယူသွား"

x x x x

ညက စားထားသော အကန်းမျှော်ရည်သာ သာ ပဲဟင်းက ဆန့်ပြပြီထင်သည်။ ကိုချမ်းသာ ဗိုက် နာ လာသည်။ အိပ်ယာခွဲထ၍ အိမ်သာဝမြေးရသည်။ အိမ် သာက အတန်ငယ်လှမ်းသည်။ ခန့်မှန်းခြေ ရပ်ကွက်မှ စုပေါင်း အိမ်သာဖြစ်သည်။ ကိုချမ်းသာ နာရီကြောက်တော့ မနက် (၄) နာရီထိုးပြီ၊ ပြန်အိပ်၍မဖြစ်တော့။ ကွင်းထဲ သွား ပြီး ကန်စွန်းရွက်သွား ခူးရမည်။ မျက်နှာသစ်ပြီး ကန် စွန်းရွက်ထည့်ရန် လှည်းပိုင်းလေးယူ၍ ထွက်လာခဲ့သည်။

x x x x

စနေနေ့၊

ရုံးပိတ်ရက် ဖြစ်သော်လည်း ကိုချမ်းသာ အမှီး အလုပ်သွားရဦးမည်။ မိန္နက ပိုက်ဆံလေး ရုံးပွင့်ရက် အထိ ခံအောင်လုပ်ရမည်။ ကုန်တိုက်သို့သွားရမည်။ ပစ္စည်းဝယ်ရဦးမည်။ ၅ ကျပ်ဖြတ်လည်း ဆံနဲ့ဆိုးရမည် မဟုတ်ပါလား၊ ကိုချမ်းသာ ကန်စွန်းရွက် ရောင်းခြင်းစား နေခြင်း ဖြစ်သည်။ ကွင်းထဲတွင်လည်း ကိုချမ်းသာလို လူ တွေ အများကြီးပါလား။

"မျို - ကိုချမ်းသာ အလုပ်နှင့်ညှိနှိုင်းကြား ချက်အ ရ နိုင်နေ့ကန်စွန်းရွက် စားရဦးမယ်နဲ့တူတယ်၊ ဘယ်နှစ် ရက်စားရမတုံလဲ" ကွင်းပေါ်မှလမ်းလျှောက်သွားရင်းလှမ်း နှောက်သွားသော ကိုရွှေကိုလှည့်ကြည့်ရင်း -

"အေးဗျာ - အကုဝန်ကလည်း မိစ်းနိုင်းလိုက် ကန်စွန်းရွက်စား ခိုင်းလိုက်နဲ့ အသား၊ ငါး ဘယ်တော့မှစား ရမလဲမသိဘူး" ဟုပြန်နောက်လိုက်ရာ အနီးရှိ အဖော် လူ များက တဝါးဝါးနှင့် ရယ်နေကြသည်။ အင်း - ငါးအ ... တဲ့ ပါအမျိုးအစားတွေသာ ချစ်ရေးလိုက်ရရင် ပဲ ကျွမ်း ကြောလောက်ပြီတူလည်း တွေးနေမိသည်။ ကိုချမ်းသာ ခူး ပြီးသော ကန်စွန်းရွက်များကို မှုံးဖိုးပိုင်းတွင်ထည့်၍ ထုပ် လိုက်ပြီး အိမ်သို့ပြန်ရန် ပေလာ့လိုက်သည်။ အင်း - သား ငါးဈေး ကလည်း ခေါင်ခိုက်နေ၊ အသားဈေးဆိုရင်လ ည်း ... ကျော်ခဲ့တော့ ကိုချမ်းသာတို့လို လခနဲ့ ဘယ်မှာစား နိုင်ပါ့မလဲ၊ ငါးဆိုရင်လဲ အနည်းဆုံး ၂၀ ကျော်၊ ငါးရံ့ ဆို ရင် တစ်ပိဿာ တယ်သာ ၁၀၀ ဈေးထောင် ဖြစ်လိုက် တယ်။ ငါးမြင်းဆိုရင်တော့ မှတ်တောင်မမှတ်မိ တော့ ဘူး၊ မစားရတာဆိုရင် ကိုချမ်းသာသိတတ်သည့် အရွယ် ကတည်းကပဲ ဆိုပါတော့။ ငါးမြင်းဆိုလို့ ပြောရဦးမယ်။ မြန်မာ ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်က ဦးနေဝင်းရဲ့ မိန့်ခွန်း ... ထဲမှာ ကြားသွားတာကို မှတ်မိနေသေးတယ်။

"ကျုပ်တို့ ဝန်ထမ်းတွေဟာ လစာနည်းလို့ စား လို့မလောက်ဘူးလို့ ညည်းနေကြတာတွေကို ကြားရတယ်၊ ဘယ်လောက်ပါမလဲ ပိုက်ဆံလေး နည်းနည်း ရတာရင် ငါး မြင်း ဟင်းစား ... ဒီပိုက်ဆံနဲ့ ဘယ်လိုလုပ်စားလို့ လောက်ပါ့မလဲလို့" သည့်ပြောသွားတယ်၊

... ... ... လခနည်းတဲ့ဝန်ထမ်း တွေ ဆိုတာ ကျွန်တော်တို့ကို ပြောတာမဟုတ် နဲ့တူတယ်။ သူပြော တာ လစာ ၉၀၄ ၊ ၁၀၀၀ လုံးတဲ့ဝန်ထမ်းတွေကို ပြောတာ ထင်တယ်လို့ ကိုချမ်းသာ တွေးရင်းပြုံးလိုက်မိသည်။

"ဟာ - ကိုချမ်းသာ ခင်များမယ် ကန်စွန်းရွက် ခူးလာတာ မှိုရလာတာကျနေတာပဲ ပြုံးနေလိုက်တာ"

"အင်း - ဟုတ်သားပဲ - ဟာ မဟုတ်ပါဘူး ကို မွေးသိန်းရ" ဟုပြန်ပြောရင်း အိမ်ပေါ်သို့ လှမ်းတက် လိုက်သည်။ ကိုမွေးသိန်းက ကိုချမ်းသာ ခြေရင်းအိမ် မှ ဖြစ်သည်။ ကန်စွန်းရွက်ထုပ်ကိုချပြီး မသန်းကြွယ်လက် ထဲမှ ကလေးကိုယူလိုက်သည်။ ပြီး အနီးရှိ မြေ ကရား ထဲမှ ရေနွေးတခွက်ကို ငှဲ့၍သောက်လိုက်သည်။ ရေနွေး က ညကတည်းက ရေနွေးဖြစ်၍ အေးစက်နေသည်။ နွေ

"မသန်းကြွယ်ရာ ငါးရေချိုးကလည်း ညက ရေခဲသေတ္တာထဲမှာများ မှားထည့်ထားမိသလားကွာ" ဟု ဇနီးသည်အား လှမ်းနောက်လိုက်သည်။ ဇနီးသည် ကတော့ ကန်စွန်းရွက်များအား ရေဆေး ယင်း နှုန်းကိ

ညတာ မည်သို့ကျောက်ရမည်ကို စီမံကိန်းချနေပုံရသည်။ ကိုချမ်းသာက ပေါင်ပေါ်မှ ကလေးငါကြည့်ယင်း - ၁၃၃ ၊ ၁၃၃၊ ၁၃၃ ဆိုတာ ချမ်းသာခြင်း။ ချမ်းသာခြင်း ဆိုတာ ၁၃၃ - - - - - စိတ်ထဲမှရေရွတ်နေမိပါတော့သည်။

× × × ×

ကိုချမ်းသာသည် ကန့်ရှုန်းရွက်ကြော်များကို ဗီတာမင် အေမှ ဧက်အထိ ပါဝင်သည်ဟုမျှားထင်နေသလား မသိ အားရပါးရစားနေသည်။ နံနက်စာ စားပြီး၍ ကုန်ပတိုက်သို့ ထွက်လာခဲ့သည်။ သည်နေ့ ကုန်တိုက်က သွားတိုက်ဆေးပေးသည်။ သွားတိုက်ဆေးက လေးကျပ်ဈေးပေါက်ဖြတ်သည်။ အောက်ဆင်းရောင်း၍ မ...ဖြစ်သေး။ နောက်တခေါက်ပြန်တက်လျှင် တိုးရောင်း သည်ဟုဆိုကာ မနေ့ကလို ကုန်တိုက်ပေါ် မတက်ရဖြစ်မှာလည်း စိုးရသေးသည်။ သွားတိုက်ဆေးဘူး လေး ကို ကိုင်၍ အပေါ်ထပ်တက်လိုက် အောက်ဆင်းလိုက်၊ ဟိုကြည့် ဒီကြည့်လုပ်နေရသည်။ လူတွေရုတ်ရုတ်သဲသဲနှင့်တန်းစီကြပြန်သည်။ ရောယောင်၍ တန်းစီလိုက်သည်။ ဪ - အရက်ပေးမှာကိုး ကိုချမ်းသာတန်းစီရင်းက ကောင်တာနောက်တွင်ရေးထားသော စာကို မတ်ကြည့်နေမိသည်။

"အရက်သည် အချို့ကမကောင်းဟု ပြောကြသည်။ အချို့က ကောင်းသည်ဟု ပြောကြသည်" ကိုချမ်းသာ ဆုံးဖြတ်မဖြတ်မိချေ။ ဘာကြောင့်ကောင်းသည် မကောင်းသည် ဆက်မတွေးနိုင်။ ကိုချမ်းသာတွေးနေသည်က အရက်တလုံးထုတ်ဈေးက ကျပ် ၃၀။ သူ့မှာရှိသည့်ငွေက နှစ်ဆယ်ပင်မပြည့်တော့။ သွားတိုက်ဆေးကလည်းမရောင်းရသေး။ အင်း - ငါ့နောက်က လူဆီ အကူအညီတောင်းမှဘဲဟုတွေးရင်း -

"အကိုက သောက်မှာလား၊ ပြန်ရောင်း မှာလား စိတ်မရှိနဲ့နော်"

"ပြန်ရောင်းမှာပါ၊ မသောက်နိုင်ပါဘူးဗျာ"

"ဒါဆိုအကူအညီတခုတောင်းပါရစေ ကျနော်လည်းပြန်ရောင်းမှာပါ၊ ဒါပေမဲ့ ထုတ်ဘို့ပိုက်ဆံမပြည့်လို့ အကို့မှာပါရင် ၁၅ ကျပ်လောက် စိုက်ထုတ်ပေးပါလား"

"မြစ်ပါတယ်ညီလေးရာ ဝို့အတူတူ .. သွားရောင်းကြတာပေါ့"

ဘို့နှင့်နှစ်ယောက်သား ကုန်တိုက်အောက်သို့ ဆင်းလာခဲ့ကြသည်။ အောက်တွင် ၃၅ ကျပ် လေးသည်။

"ညီလေး ဒီမှာမရောင်းနဲ့ စားသောက်ဆိုင် မှာသွားသွင်းရင် ၃၇ ကျပ်ရတယ်။" ဆူးလေဘုရားလမ်းရှိ စားသောက်ဆိုင် တဆိုင်သို့ လျှောက်လာခဲ့ကြသည်။ ကျနော်တို့ရှေ့တွင် ကုံနီအိတ်ဖြင့် အရက်ပုလင်းများထမ်း၍ ဆိုင်ထဲသို့ဝင်သွားသော လူတယောက်ကို တွေ့လိုက်သည်။ ထိုသူနှင့်ရှေ့ဆင့်နောက်ဆင့်ပင် ကျနော်တို့လိုက်ဝင်သွားကြသည်။ ဆိုင်ရှင်ဟုထင်ရသောသူက ပုလင်းများကို အိတ်ထဲမှ ထုတ်၍ရေနေသည်။ ပြီးတော့ ငွေချေရန်သည်ကို တွေ့ရသည်။ ငွေလက်ခံယူနေသောထိုသူအား ကိုချမ်းသာမြင်ဘူး သလိုလိုရှိ၍ အသေအချာကြည့်နေမိသည်။ ဪ - သိပြီ - သိပြီ မနေ့က ငါ့ကို နှစ်ခါသုံးခါ တိုးရောင်းတယ်ဆိုပြီး ကုန်တိုက်ပေါ်တက်ခွင့်မပြုတဲ့ ပုဂ္ဂိုလ်ကိုး - တဆက်တည်း မင်တွေးလိုက်မိသည်၊ ငါက သူတို့လို အိတ်လိုက်ထုတ်တာမှ မဟုတ်ဘဲ ဟုရှုံသာ - - -

× × × ×

အချိန်စောနေသေးသဖြင့် ကိုချမ်းသာ ဆူးလေဘုရား ဘက်သို့ လျှောက်လာခဲ့သည်။ ဆူးလေဘုရားအဝိုင်းကိုပတ်၍ မဟာဗန္ဓုလ ပန်းခြံဘက်သို့ ကူးလိုက်သည်။ ပန်းခြံရှေ့ကွမ်းယာဆိုင်မှ ဆေးလိပ် တလိပ်ဝယ်၍ မီးညှိနေစဉ် သံတမန် ကုန်တိုက်ဘက်မှ လမ်းဖြတ်ကူးလာသော နိုင်ငံခြားသား တယောက်၊ ကုလားအမျိုးသား တယောက်နှင့် မြန်မာအမျိုးသမီး တယောက် တို့ကို မြင်နေရသည်။ ထိုအထဲမှ ကုလား လေးကို ကိုချမ်းသာရင်းရင်းနှီးနှီး သိကျွမ်းဘူးသည်။ စဉ်းစားနေစဉ် ၎င်းတို့ (၃) ယောက် ကိုချမ်းသာအနားသို့ရောက်လာတော့ ကိုချမ်းသာက - - -

"ဟော့ ခင်း ရွှတ်ပယား မဟုတ်လား" ဟုမေးလိုက်သည်။

"ဟာ - ကိုချမ်းသာမဟုတ်လား ဘယ်လဲမတွေ့တာ ကြာပြီနော်"

"ခင်း အခု ဘာလုပ်နေလဲ"

"ကိုချမ်းသာ အချိန်ရှိယင် ပန်းခြံထဲမှာ ခဏစောင့်နေနော်"

"မင်းပြန်လာမလား"

"အခုပြန်လာမယ်၊ စောင့်နေနော်"

ပန်းခြံထဲမှ မော်းမော်းကြီးရပ်တည်နေသော ၊ လွတ်လပ်ရေးကျောက်တိုင်ကြီး ကို ကြည့်၍ စဉ်းစား မိသေးသည်။ ဘာလိုလိုနဲ့ ဗမာပြည်လွတ်လပ်ရေးရခဲ့တာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီ။ ကိုချမ်းသာအဖို့တော့ ၊ လွတ်လပ်ရေး အရသာကိုတွေးကြည့်နေမိသည်။ လွတ်

လယ်ရေးအရသာဆိုတာ အာလဲ။ ၆၂ ခုနှစ်ဒီဘက်ကိုကြည့်ရင် နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ။ လွတ်လယ်ရေးအရသာကိုဘယ်သူတွေ ခံစားနေရသလဲ။ လွတ်လယ်ရေးအရသာဆိုတာ လွတ်လယ်ရေးနေ့ရောက်တိုင်း အာလုံလှမ်း သမ္မတအိမ်တော်ဝင်းအတွင်းမှာကျင်းပတဲ့ ညစာစားပွဲမှာ အာကောင်တွေ (နေဝင်းစန်းယု) အရက်ပန်ခွက်ချင်း တွေ့မြီးမူးကြ၊ စားကြတာဟာ လွတ်လပ်ရေးအရသာနဲ့ တူတယ်ဟု တွေးမိသည်။

"ကိုချမ်းသာစောင့်နေတာ အားနာစရာကြီး"

"ကိစ္စမရှိပါဘူး၊ လာထိုင်ကွာ၊ ဒီရဲ့မင်းအလှည့်ပြောပါဦး"

"ကဲ - နားထောင်ပေတော့။ စောစောကကျနော်နဲ့ပါလာတဲ့ (တိုးရစ်) နိုင်ငံခြားသားက အကြံအာ ဖန်လိုချင်တယ်ဆိုလို့ ရှာပေးတာလေ၊ အဲဒါကိုယ့်ဝွက် နေ့တွက်ကိုက်တယ်လေ။ ဒူဆိုရင် ကျနော့်အတွက် ကျပ် ၅၀ ကျာယ်လေ။ ဒီကောင်တွေကို ၁၅၀ နဲ့ပိုင်အမ်မိအော ကို ပို့ပေးလိုက်တယ်လေ၊ ဟိုရှေ့မှာ ထိုင်နေတဲ့ ကောင်မလေး ၃ ယောက် တွေ့လား။ အဲဒါတွေက ဒီနားက စားသောက်ဆိုင်က ကောင်မလေးတွေ။ သူတို့ဆိုင်မှာ မိန်းကလေး တွေ အလုပ် မလုပ်ရတော့လို့ အလုပ်မရှိတဲ့လမ်းပေါ်ရောက်လာတဲ့ ကောင်မလေး တွေ ပေါ့။ သူတို့လဲ အကြံ အဖန်လေးတွေဘဲ။ လာမျှော် လာဘက်ရည်ဆိုင် သွားရအောင်"

ကိုချမ်းသာ သည် စွတ်ပယာ၏ရှည်လျားလှသော စကားများကိုရင်လေးစွာ နားထောင်ရင်း -

"တော်ပါပြီ ကိုစွတ်ပယား၊ ဟယ် မင်းတို့ ကိုတဲ့ လာဘက်ရည်လဲ မသောက်ပါရစေနဲ့ ငါလဲ ပြန် တော့မယ်ကွာ"

စွတ်ပယားက သူ့အကြံအဖန်ကိစ္စ အောင်မြင်သဖြင့် ပျော်နေပုံရသည်။ ကိုချမ်းသာကတော့ ဗမာပြည်မှာ နာင်တာနေရှင်နယ် ပိုးမွှားရောက်လာပုံ၊ မြန်မာအမျိုးသမီးများ ပျက်စီးနေပုံ၊ စသည့် ပျက်စီးမှု ပေါင်းစုံ မြင်တွေ့ကြားသိ နေရသဖြင့် ငါ့အပို့ နိုင်ငံခြားငွေရှာယင်ပြီး ရောဆိုပြီး ကျင့်သုံးနေတဲ့ နေဝင်းစန်းယုစနစ်အုပ်စုကို နာကျည်းနေမိသည်။ ကိုချမ်းသာ အိမ်အပြန်လမ်းတလျှောက် လုံးစဉ်းစားလာမိသည်ကား "ဩော် - ဗမာပြည်ကြီးလည်း တဖြည်းဖြည်းနဲ့ ဝဥ်းတက်ပျက်စီးနေတာ၊ ဗမာပြည်ရဲ့ မြို့တော် မဟာရန်ကုန်ကြီး ဝဥ်းတက်ပျက်စီးနေပုံ" တို့ ကိုစဉ်းစားရင်း ရင်လေးစွာဖြင့် အိမ်သို့ ပြန်လာ ခဲ့ရပါတော့သည်။ ။

☆ မျိုးသစ်

* "အမေ...
ပါဝါဟာ၊ ငါ့အာနေနဲ့
လေးသယ့်ငါးနှစ်တောင်မှ
ရလာခဲ့ပြီလေ...
လူတွေလိုသာဆို
ဟိုကြာက ဒီ၊ ဒီကြာကပြီ
ဘယ်လိုဖြစ်မှာလဲ ဟင်..."

* "သမီး...
ဟိုရှေ့ဆီမယ်
လှုယ်စန့်တောင်ကြီး၊ ထီးထီးမားမား
မြင်ရဲ့မဟုတ်လား
မြင့်လား - မြင့်ရဲ့၊ ရှင့်လား - ရှင့်ရဲ့
ငါ့အာနေနဲ့ဖြင့်
အနှစ်သန်းပေါင်း များကရောပေါ့။
ဒို့ပေမဲ့
တောင်ဆိုတာဟာ
သက်တမ်းရှင့်တာနဲ့အမျှ
အထက် မြင့်တာနဲ့အမျှ
ခိုင်မာလေ၊ ကြီးမြတ်လေ
ဂုဏ်သရေ ဝင်းလေလေပါ၊
ငါ့ဘို့ပါဝါ ၊ ငါကြီးလာတာဟာ
ထမ်းနည်းစရာ ၊ ဖြစ်နိုင်ပါမလားကွယ်.."

* တောင်ခြေဘက်က ၊ ရွှန်းကန်ဘဲ
ပုစဉ်းရင်ကွဲနဲ့၊ မျှောက်တွေရဲ့အောင်သံ
ညံကနဲ ပေါ်လာတယ်
တောင်ဘွဲ့ကို သီကျူးနေကြခြင်းလေလား။

ချိုစာ
ကြိုးရင့်မှ နှင့် ကြီးမြတ်မှ



# ကျမဝိဇ်က ချစ်တယ်

အောင်ဘွေး

ကုတ်ခုံနောက်ပိုင်းတွင် 'ယုံ' သည် တယောက်ထဲ အာလုပ်ရှုပ်နေသည်။ ကုတ်ခုံပေါ်မှာတော့ အမေ အရီးနဲ့ ဗို ဃယ့်နှမ်း ဗိုတတွေက နေရာယူကျောက်နှင့်ကြပြီ။ အမေသည် တယောက်ကတော့ အဝတ်အစားလဲတိုင်း အမြဲနောက်ဆုံးကျ နေကျမို့ ယခုလဲ အကျီ ချိုးတောင်းစကို အောက်သို့ဆွဲချ ရင်း မျက်နှာကို မှန်ထဲမှာတချက် ကပျာကယာ ကြည့်ပြီး အပြေးထွက်သွားတာကို 'ယုံ' မြင်လိုက်ရသည်။ ကန့်လန့် ကာဖွင့်ပြီ၊ အောင်မင်္ဂလာ သီချင်း စဆိုနေပြီ။ အမေ အရီးနဲ့ ဟိုတတွေ ညီညီညာညာနဲ့ စကနေကြပြီ၊ အကျီအောက်မြင့် ကြီး၏ စွန့်ချီသံက ထ က ချင်စိတ်ပေါက်လောက်အောင် ပင် မြိုးကြွလှပေသည်။

သည့် အောင်မင်္ဂလာယိမ်း ပြီးလျှင် ယမုံ နာ ယိမ်း၊ ပြီးတော့ ဆီမီးခွက်ယိမ်း ။ ဆီမီးခွက်ယိမ်း ပြီး လျှင်တော့ 'ယုံ' တို့တတွေ ပါဝင်သည့် ဒူနှစ်တွေအက အာ လှည့်ကျော်ပြီ။ ဒူနှစ်တွေ ပြီးလျှင် လက်ပံမှုင့်ကောက်ယိမ်း ဖြစ်သည်။ အောင်မင်္ဂလာ၊ ယမုံနာ၊ ဆီမီးခွက်ယိမ်းတို့တွင် ယိမ်းအဝတ်အစားကဝတ်ရသည်။ လက်ပံမှုင့်ကောက် ယိမ်းမှာ တော့ အဝတ်လဲရမည်။ သည်လူတွေအဲဖြန်ကရသည့်အပြင်၊ အဝတ်လဲချိန်ရဖို့အတွက် ဆီမီးခွက်ယိမ်းအပြီးမှာ 'ယုံ' တို့လိုသက်ငယ်တန်းတွေ ပါသည့် ဒူနှစ်တွေအက ကို ကြားထဲမှာ ထည့်ကရခြင်းဖြစ်သည်။ 'ယုံ' မှာအခုထက် ထိ အဝတ် မလဲရသေး။ 'ယုံ'၏ ကြိုးမဲ့ခြင်းလေးထဲမှာတော့ သူငယ်တော် အဝတ်တွေက ရှုပ်ထွေးနေသည်။ 'ယုံ' ဘယ် ကစ ဆွဲရမည်မသိ။ နခမ်းနားတွေမှာ ပိတ်စတစ ဘာမို ကပ်ချုပ်ထားတဲ့ အကျီလက်တိုကို အရင် ဝတ်ရမလား၊ မတိုမရှည်နဲ့ လပ်ပွပွချုပ်ထားတဲ့ ဘောင်းဘီကို စ ဝတ် ရမလား၊ လုံချည်ကွင်းလိုဆက် မချုပ်ဘဲထားတဲ့ ပိတ် စရှည်ရှည်ကြီးကိုဘဲ စ ဝတ်ရမလား၊ ဘယ်က စ ဝတ်ရ မည်မသိ။ မနေ့ကဘဲ ဆရာက သင်ထားပေးခဲ့ပေမဲ့ ယခု 'ယုံ' ဇဝေနေပြီ။ 'ယုံ' စိတ်ရှုပ်နေသည်။ ဆီမီးခွက်ယိမ်း ပြီးလျှင် ဒူနှစ်တွေကရတော့မည်။ ဒါပေမဲ့ 'ယုံ'တို့ရှေ့မှာ အမေ အရီးနဲ့ ဗိုရဲ့အပျိုတော်ယိမ်း၊ အကြိုလိုင်း တို့ အကြိုလူး တို့ရဲ့ မြင်းက၊ မျောက်က၊ ဘီလူးကတွေက ကြားထဲမှာ ရှိသေးလို့ အချိန်တော့ရသေးသည်။ အရေးထဲမှာ သူ ငယ်တော်ယိမ်း အတွဲဖွဲ့ကသည့် ခါးစည်းလေး ဘယ် ရောက်နေသည်မသိ၊ သူ့ကိုအကျအညီတောင်းရမည်။

'ယုံ' ဟိုကြည့်သည်ကြည့် လိုက်ရှာသည်။ မ တွေ့။ ကုတ်ခုံနောက်ပိုင်းမှာက လူရှင်းနေပြီ။ ကျောင်း သူ ကျောင်းသား အသီးသီးမှာ သက်ဆိုင်ရာအဝတ် အ စားများ ဝတ်ပြီး ကုတ်ခုံဘေးက ဝိုင်ဖုံးတွေနောက်မှာ ရောက်နေကြပြီ။ 'ယုံ' ကကုတ်ခုံဘက်ကို ခေါင်းပြုပြီး ကြည့်တော့မှ ဝိုင်ဖုံးနောက်ကွယ်မှာ ဒီအမ်းလေးကိုတွေ့ ရသည်။ ဒီအမ်းလေးကတော့ ဝတ်လို့ပြီးပြီ၊ စိတ်အေး လက် အေးနဲ့ အောင်မင်္ဂလာယိမ်းကအကကိုကြည့်နေသည်။ 'ယုံ' ကဒီအမ်းလေးကိုလှမ်းခေါ်ရသည်။ ပြီးတော့ ဘယ် ကစဝတ်ရမလဲ မေးရသည်။ ဒီအမ်းက သူ့ဘက်လှည့်လ မှ မှတ်ဉာဏ်ကောင်းသည်။ လေ့လာရေးလဲကောင်းသည်၊ ပြီးတော့ အကလဲကောင်းသည်။ ထို့ပြင် သေးသေး သွယ် သွယ်ရှိသည်မို့ ဒီအမ်းကလျှင် ဒီး ပါသည်၊ ကြည့် လို့ လှသည်။ ပြိုးလဲကြိုးစားသည်၊ ဒါကြောင့်မို့ ညာနေ က ထဲက ကုတ်ခုံသို့ ဒီအမ်းစောစောရောက်သည်၊ မှောင်စ ပျိုးတာနဲ့ အဝတ်လဲပြီးပြီ။ ပြီးမှ အမေအရီးနဲ့တို့ အဝတ်လဲ ပြီးလျှင်း ပြင်ဆင်တာကို လေ့လာသည်။ 'ယုံ' ကဒီအမ်း လိုမသွက်၊ ကျောင်းမှာလည်းအတွေ့အထောက်မှ သူ များနောက်မှကြိုးသည်။ ရှေ့ပြီး တာကဲကြသည်။ ဆံပင် ထိုးတာလဲကြသည်။ 'ယုံ' ကိုယ်လုံးကလဲ ဝဝလုံးလုံး ရှိ သည်မို့ 'ယုံ' လှုပ်ရှားမှုနှုန်းက လေးသည်။ ပြီးတော့ 'ယုံ' ကလျှင် ဒီးလှုပ်နေသည်မို့ ဒီး မပါး ကြည့်ပျော်ဘူး။

'ယုံ'နှင့် ဒီအမ်း တွဲသွားတာ တခုတော့ရှိသည်။ နှစ်ယောက်စလုံး ဆိုချင်ကချင်သည်။ သူတို့နှစ်ယောက် ချစ်လဲ ချစ်ကြသည်။ အခုလဲ 'ယုံ' ကို ဒီအမ်းက စိတ် ရှည်လက်ရှည် ကူညီပေးရှာပါသည်။ ဒါပေမဲ့ အကျီ ချိတ်တဲ့ တွယ်ချိတ်တွေ ရှာမတွေ့လို့ 'ယုံ' ထပ်ပြီး စိတ် ညစ်ရပြန်သည်။ ဒီအမ်းက သူ့မှာပါသည့် တွယ်ချိတ် တွေ ပေးလိုက်တော့မှ အဝတ်လဲခြင်းလုပ်ငန်း ပြီးဆုံးသွား သည်။ ဆံပင်နဲ့ မျက်နှာကတော့ ပြင်ရောမလိုတော့၊ ညာ နေ ရောက်ပြီး ကထဲက ကြက်တောင်စည်း ခွေမီးကွက်နဲ့ ပီး ကွက်ဝိုင်းကို ပြင်ခဲ့ပြီးဖြစ်သည်။ ခြင်းထဲမှာ နောက် ဆုံး ကျန်သော ပစ္စည်းမှာ ငွေလက်ကောက်နှင့် ငွေခြေကျင်း များဖြစ်သည်။ 'ယုံ' ကအဲဒါတွေကိုဝတ်ဆင်သည်။ ငွေ ရောင်တောက်နေသော ငွေလက်ကောက်နှင့်ငွေခြေကျင်း များသည် 'ယုံ' ကိုယ်ပေါ်တွင် အတောက်ပဆုံး ပစ္စည်းများ ဖြစ်ကြသည်။ မီးကရက်ဘူးခွံထဲမှ ခဲစက္ကူများ ပတ် ထား သော လက်ကောက်နှင့် ခြေကျင်းတို့သည် မီးရောင်အောက် တွင် ပြိုးပြိုးပြက်ပြက် ရှိလှသည်။ ကိုယ်ပေါ်က အကျီ နှင့် ဘောင်းရှည် ပုဆိုးတို့မှာတော့ 'ယုံ' အမျှင်းထူ မှု ကြောင့် အရောင်မပင်မပေါ်တော့။

'ယုံ' က ငွေခြေကျင်းကို ငုံ့ကြည့်ရင်းမှ လည် ပင်းမှာဆွဲထားရသော ငွေစက္ကူပြားဝိုင်း ကျန်နေ ခဲ့ ကြောင်း သတိရမိသည်။ ကြိမ်ခြင်းထဲမှာရှာသည် မတွေ့၊ 'ယုံ' စိတ်ညစ်သွားပြန်သည်။ အနီး အနား လိုက်ကြည့် မှ အဝတ်တွေ ဆွဲရင်း အောက်သို့ကျသွားသော ငွေစက္ကူပြား

ဗိုင်းကို တွေ့ရသည်။ 'ယဲ့' ကဆွဲခြားကိုဖုတ်ဖက်ခါပြီး ဈည်ပင်းမှာ ခွဲသည်။ ပြီးတော့နံရံမှာချိတ်ထားသည့် မှန်ဗိုင်းကြီးကို ခြေဖျား ထောက်၍ကြည့်သည်။ အစ်မ အိန္ဒို့ ဝို ချယ်သပေးထားသော နှုတ်ခမ်းနီက မပျက်သေး။ 'ယဲ့' က နှုတ်ခမ်းနားကို လက်မချိုးဖြင့် တချက်သုတ်ပြီး အိမ်အမ်းနှင့် နှစ်ယောက်သား ဆာတ်စင်ဘေးသို့ ထွက်လာ ကြ ကား၊ ဗိုင်ဖုံး နောက်ကွယ်မှာရပ်သည်။ အိမ်အမ်း က ဆောင်မင်္ဂလာ ယိမ်းအဆုံးသတ် ရှေ့ပုံကိုကြည့်ပြီး အမ အိန္ဒိုဝို့၏ 'အထိုင်က' ကိုဂရုတစိုက်လေ့လာနေသည်။ ပြီးတော့ အမ အုတ်၏ သူ့ချားနောက်မှ မမှိုတမှို နှင့် ကျောက်ကုနေသူက ကောက်ထိုင် လိုက်ရသည်ကိုသဘော ကျစွာဖြင့် တခစ်ခစ်ရယ်နေသည်။ 'ယဲ့' ကတော့ မရယ် နိုင်မပြုံးနိုင်သေး။ သူ့ယော်တော် အဂအလှည့်ကို ရောက် ချင်လှပြီ။ 'ယဲ့' သိပ်ပြီးတော့ က ချင်နေပြီ။

× × × ×

သည့်အချိုအကာ ပထမသင်ကျောင်းသို့ 'ယဲ့' ရောက်သည့်မှာ တခွစ်ကျော်သည်ရှိသွားသည်။ ကျောင်းက နှစ် နှစ်သင်တန်းဖို့ သည်တွေ့ ဖြိုးသို့ တနှစ်ကိုး ပါး ခန့်သာ လိုတော့သည်။ ကျောင်း ပြီးလျှင် စစ်တော့ အဆိုအက အဖွဲ့အနေဖြင့် မြို့နယ်များကို ကပြ ရချိတ်ခြင်း ရှိတော့မည်။ 'ယဲ့' ဝါသနာပါသော သည့်စာ ဆိုအက လုပ်ငန်း ထာဝရကို မကြာမီအလုပ်တော်ရတော့မည်။ ဒါပေမဲ့ 'ယဲ့' အသက်က ငယ်သေးသည်။ အ ခုမှ (၁၃) နှစ်ကျော်သာ ရှိသေးသည်။ အသက်ငယ်ပြီးအချို ခံအောက် ကောက်ကိုသာ လက်ခံနိုင်သေးသူ့ကို သင်တန်းဆ ရာများက 'ယဲ့' ကို အမအိန္ဒိုဝို့ အမအုတ်တို့လိုယိမ်း အကမှာ မထဲ့သေး။ ဒါပေမဲ့ 'ယဲ့' ကသည်လိုတန်းစီပြီး အကွက်ပေါ် ကရသည့် အကများကို သဘောကျသည်။ ယိမ်းအက ကို ကချင်သည်။ သည်လိုကချင်တာ က လဲ အမအိန္ဒိုဝို့လို အဝတ်အစား လှလှပပ တွေဝတ်ချင် လို့မဟုတ်၊ အစ်မ အုတ်တို့လိုလဲ မိတ်ကပ်လိမ်းချင်လို့ မဟုတ်၊ မိတ်ကပ်လိမ်းတာရဲ့ အကျိုးသက်ရောက်မှုကို 'ယဲ့' နားမလည်သေး၊ မိတ်ကပ်လိမ်းရင် လှတယ် လို့ အမအိန္ဒိုဝို့ပြောတာကိုလဲ မခံစားတတ်သေး။ 'ယဲ့' သိသည်က က ဘို့သာဖြစ်သည်။ ဘယ်လိုဝတ်ရဝတ် ရ ဘယ်လို လိမ်းရလိမ်းရ က ရဖို့ပျော်ပြီ။

အမ အုတ် တို့ကတော့ သည်လိုမဟုတ်။ မိတ်ကပ်မလိမ်းရတဲ့ ဆာတ်ဝိုက်တာမျိုး ဆိုရင် သိပ်မတက် ကြချင်။ မတက်ကြတော့ သိပ်မညီချင်။ မညီတော့ သင်တန်းဆရာက ခဏခဏ ပြန်ကခိုင်းသည်။ အမ အုတ် မ

ညီတာနဲ့ ကျန်တဲ့အမတွေပါ မောနေရပြီ။ အမအုတ် လှ ချင်တာကတော့ လွန်သည်။ ကျောင်းမှာ ဆာတ်ဝိုက်ပြီဆို ရင်တောင်မှ အနဲဆုံးတော့ ကျောင်းအထက်မှာရှိတဲ့ စ ပယ်တော ခန်းက နှင်းဆီပန်းတွေကို သွားခူးပြီး ပန်ရ မှ ကျေနပ်သည်။ ဒါကြောင့်လဲ တခါက ဆာတ်ဝိုက်တဲ့ နေ့တိုင်း သွားသွားခူးနေလို့ ပန်းတွေခူးလှချည့်ဆိုပြီး စပယ်ဥယျာ ခန်းက အကိုတွေက 'တကယ်ဆာတ်ကမှ ပေးမယ်၊ ဆာတ်ဝိုက်ဖို့နဲ့ မပေးဘူး' လို့ ပြောလွှတ်တာ ခံရသည် မဟုတ်ပါလား။ မနှစ်က အဆိုအကအဖွဲ့အနေ ဖြင့် ကျေးရွာများ အရောက် ပြည်သူတွေကို ဖျော်ဖြေ ကပြခဲ့သည်။ သည်တုန်းကလဲ အမအုတ်တယောက် မျက် နှာက မိတ်ကပ်ကို မှုံ့ပျက်တော့၊ မျက်နှာသစ်လို့ နဲနဲ ပျက်သွားရင်တောင်မှ ပြန်လိမ်းသည်။ အမ အုတ် သည် သူ့တို့အဖွဲ့ထဲတွင် အသားအညိုဆုံး ။ ဒါကြောင့်မို့လို့ လဲ ပိုဖြူလှချင်တာ ဖြစ်မည်။ 'ယဲ့' ကတော့ သည်လို မဟုတ်၊ အဝတ်အစားတို့ မိတ်ကပ်တို့ကြောင့်မဟုတ်၊ 'ယဲ့' သိသည် က၊ က ရဖို့ပျော်ပြီ။

မနှစ်က 'ယဲ့' တို့ အဆိုအက အဖွဲ့သည် ပန်းသန်း မြို့နယ်အတွင်းရှိ ခိုင်နယ်များ ကျေးရွာများသို့ လှည့်လည် ကပြခဲ့ကြသည်။ သည်ခရီးသွားရမည်ကို သိရကတည်းက 'ယဲ့' တို့အားလုံး ပျော်လို့မဆုံးတော့။ အဝတ်အစားများထဲ့ထား သည့် ကျောပိုးအိတ်များကိုယ်စီလွယ်ကာ တောင် ကြော လမ်းတလျှောက် သီချင်းက ကြော်ကြော်နှင့် ပျော်ရွှင်တက် ကြွစွာ ချီတက်လာသော အဆိုအကအဖွဲ့ကို ကျေးရွာများ ခိုင်နယ်တွေက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုခဲ့ကြသည်။ 'ယဲ့' တို့ ရွေးပုပ်ခြေသို့ ရောက်သည့်အခါမှာတော့ ဝမ်းသာလွန်း လို့ မျက်ရည်များပင်ကျခဲ့ရသည်။ 'ယဲ့' ၏မွေးစားမိ ဘ များကို 'ယဲ့' ပြန်လည်တွေ့ခဲ့ရသည်။ တရွာလုံးက 'ယဲ့' ၏ မွေးစားမိဘများဖြစ်ကြသဖြင့် တအိမ်တက်ဆင်း 'ယဲ့' လိုက်လံနှုတ်ဆက်ခဲ့သည်။ မျက်ရည်တွေ တလည်လည်နှင့် ငိုမဲ့မဲ့လေး ဖြစ်နေသော မိဘမဲ့ 'ယဲ့' ကို တရွာလုံးကအံ့ ဩခြင်း၊ ဝမ်းမြောက်ခြင်း၊ ဂုဏ်ယူခြင်းတို့ဖြင့် နွေးထွေး စွာ ပွေ့ဖက် ဆီးကြိုခဲ့ကြပါသည်။ ဖိုဘများရှိရာ သည် ရွာမှာ ကရသည့်ညကတော့ 'ယဲ့' ဘဝမှာ အပျော်ရွှင် ဆုံး ည ဖြစ်ခဲ့ရပါသည်။

သည်တုန်းက ခိုင်နယ် (၃)ခု၊ ကျေးရွာ(၈) ရွာတွင် 'ယဲ့' တို့အဖွဲ့က (၈) ညီက ပြခဲ့ကြပါသည်။ 'ယဲ့' တို့အဖွဲ့ ပျော်ရွှင်ဝမ်းမြောက်မှုတက်၊ ကျေးရွာပြည် သူ များ၏ ဝမ်းမြောက်မှုက ပိုပါသည်။ 'ယဲ့စရာ' ကျေးရွာ အရောက်မှာတော့ ယဲ့တို့တဖွဲ့လုံး ကျေးရွာပြည်သူ့များ၏ မေတ္တာထုကို လွှမ်းခြုံ ရှိခဲ့ကြပါသည်။ သည်ရွာသို့ အ

သွား လမ်းမှာ တနေကုန် မိုးရွာသဖြင့် 'ယဲ့' တို့တဖွဲ့လုံး မိုးရေများဖြင့် ရွှဲစိုခဲ့ကြသည်။ "ယုံစရား" သို့ရောက်သည်နှင့် ရွာလူထုက ဝိုင်းအုံလာကြပြီး 'ယဲ့' တို့အားလုံး၏ မိုးစိုအဝတ်များကို လျှော်ဖွပ်ပေး ကြသည်။ ခြောက်သွေ့အောင်မီးကင်ပေးကြသည်။ သည်လို လျှော်ဖွပ် မီးကင်ရင်းနှင့်အတူ ရှိကြသော 'ယဲ့' တို့၏ စုတ်ပြဲနေသည့် အဝတ်များကို ဖါထေးချုပ်ပေးကြသည်။ ကျောင်းသူကျောင်းသားအားလုံးကော အမွဲ့ဖူးမှု ဟူပါ ဒီကဗျာကို ဖြင်းဆိုခဲ့ကြပါသည်။ ယာရပါ။ ပိမိတို့၏ သားသမီးရင်းများနှင့် မခြား ရွေးတွေးချစ်ခင်သော ရွာလူထုကို ကျောင်းသူကျောင်းသား များက အားရဝမ်း အားနာနှင့် ကျေးဇူးတင်စကား ဆိုခဲ့ကြပါသည်။ 'ယဲ့' တယောက်ကတော့ အဝေးနဲ့ ခပ်လေးတို့ ဘကျွန်ုပ်ယင် ဒီလိုအဖြစ်မှာ မျက်ရည်ကျ_ _ _ _ _

× × × ×

'ယဲ့' ၏ ဖွေးဖူးပုဂ် ဖြစ်သည်။ ဝတောင်ခရိုင်၊ ဟန်ဆန်းမြို့နယ်၊ ယပျာင် ရွိုင်နယ်ကဖြစ်သည်။ 'ယဲ့' (၅) နှစ်သမီး ကတည်းက ဖခင်ဆုံးသွားခဲ့သည်။ အမေနှင့်အတူ 'ယဲ့' ကြီးပြင်းခဲ့ရသည်။ နောက် (၃) နှစ်ကြာ 'ယဲ့' (၈) နှစ်သမီးအရွယ်ရောက်တော့ အဆိုးတော့ 'ယဲ့' ၏ အားလူမိကဂ ထဲနှံ တယောက်ပေါ်သောခဲ့ရာ ခဝဖသည်သည်။ ဂူလေကယ်ဖူ တွက်ချုပ်ဆဲခဲ့ပြီးသည်။ ပိုးမဲ့ 'ယဲ့' အား ရွာမှအိမ်နီးအားချင်းများက ရှေးဖွေးဖေါ်ရောက်ခဲ့ကြသည်။

သည်အချိန်တွင်းက 'ယဲ့' တို့ဆွေလေးတသိုက်မှာ လှန်းပေါ်ကနေပြီး လောတဲ့ဥာတွေမှာ ဘဝိုင်းကွေ ဆိုခဲ့ကြသတို့ 'ယဲ့' မှတ်မိနေသည်။ 'ယဲ့' တို့ရွာက ပယ်ကင်တောင်ကြောပေါ်မှာရှိသည်။ အရှေ့ဘက်က တောင်ကြောများသည် ယုံကင်တောင်ကြော ထက်မြင့်မည်သည်။ ဒါကြောင့်လ ထွက်လာပြီဆိုလျှင် 'ယဲ့' တို့ရွာတောင်နှင့်ခြားသော တောင်ကြော ပေါ်မှ ထွက်လာလေ့ရှိသည်။ 'ယဲ့' တို့ ဂေဒ့ကစား နေကြသည့် အုန်းကြီး ကျောင်းဝင်းထဲမှ မျက်နှာချင်းဆိုင် တတန်းတည်း ဖြစ်နေသော လမြည့်ဝန်းကို ကြည့်ပြီး 'ယဲ့' တို့ ခလေးတသိုက် အေးသီချင်းတွေ ဆူညံ့ညံ့ ဆိုခဲ့ ကြသည်။ မိဘမဲ့ 'ယဲ့' အဘို့ လမြည့်ဝန်း၏ တည်ငြိမ်အေးမြသော အလိုပင်ဒ္ဓသာ ကြည်နူးနှစ်သိမ့်ခဲ့ရသည်။ အသည်တွင်က အရှေ့ဘက်တောင်ကြောတွေပေါ်က လမြည့်ဝန်းကြီး ထွက်လာပြီဆိုလျှင် အမေနဲ့ တွေ့ရပြီ ဟု ခံစားခဲ့ရသည်။ သည်လမြည့်ဝန်းကြီးထဲမှာ အမေရှိနေသည်ဟု 'ယဲ့' ထင်ခဲ့မိသည်။ ခင်အားညီနဲ့ ပျော့တော့ နေသော လူမယ်လေး 'ယဲ့' အဘို့ ကြင်နာမှု နွေးထွေးမှုများ သည် လမြည့်ဝန်းကြီးထဲမှာရှိသည်ဟု ခံစားခဲ့ရသည်။

အသက် (၁၁) နှစ်ကျော်လာတော့ 'ယဲ့' ခန္ဓာ တတ်လာခဲ့ပြီ။ ရွာက ကြေးမွေးထားခဲ့ပို့ အသက်ရှင်နေခဲ့ ရသည်ကို သိလာခဲ့ပြီ။ ရွာကအမိအဖတွေကို တပူ ပြန်ပြည့် ပေးဆပ်ရမည် ဟု 'ယဲ့' သိနှလုံးသွင်းခဲ့သည်။ ဘာ ကို ဘယ်လိုပြန်ပြည့် ပေးဆပ်ရမည် ဆိုတာကိုတော့ 'ယဲ့' မသိခဲ့သေး။ အဲဒီအချိန်မှာ 'ယဲ့' သိသည်က ကိုယ့်ထမင်း ကိုယ်ရှာစား ရမည်ဆိုတဲ့ အသိပဲ ဖြစ်သည်။ ရွာမှာတော့ 'ယဲ့' အာလုပ်လုပ်တတ်သည်တော့ ယန်ဆန်း သို့ဆင်းလာခဲ့သည်။ ယန်ဆန်းမြို့ထဲက ရေနံဆုံဆိုင်အိမ်တအိမ်မှာ 'ယဲ့' အလုပ်လုပ်သည်။ အဝတ်လျှော်၊ ရေခပ်၊ ခလေးထိန်း အသည်။ 'ယဲ့' ထမင်းကတော့ မငတ်တော့။ ကျောင်းစာတော့ 'ယဲ့' အဝမှာ မြင်ကွင်းသစ်အသစ်တွေမို့ ပျော်သလိုလို ရှိသေးသည်။ ကြာလာတော့ 'ယဲ့' မပျော်တော့။ လသာတဲ့ ညတွေမှာလဲ ငယ်ငယ်ကလို သီချင်း မဆိုဖြစ်တော့။ မဆိုချင်လို့ မဟုတ်။ 'ယဲ့' သီချင်း သိပ်ဆိုချင်သည်။ ဒါပေမဲ့ သီချင်းသံပြိုင်သီဆိုဖို့ 'ယဲ့' မှာ အပေါင်းအဖော် မရှိ။ အလုပ်ရှင်တို့ အိမ်က ထမင်းချက်ပေး အလုပ်သမားမိန်းမကြီးနှင့် ကောင်မလေး တို့ကို အနှီတို့ ကြိုက်၍ ထမင်းဝင်ချက်ပေး နေကြသည်။ ရွာမှာကျန်ရစ်ခဲ့ပြီး 'ယဲ့' မလန်မောလေး မအိန် မိခင်ကြီးကို ကြိုက်၍ အမြင့်နည်းပြီး ထမင်းမကြာခဏ ကျန်တက်သည်။ အဲဒီ 'ယဲ့' နှင့် သီချင်းအတူ ဆိုဖို့ အဖော်မရှိ။ လသာသော ညတွေမှာ ခလေးထိန်းရင်း လမြည့်ဝန်းကိုကြည့်ပြီး ငယ်ကကြည့်ရှုနှစ်သိမ့်ရသော လမြည့်ဝန်းကို 'ယဲ့' ရှာကြည့်သည်။ မတွေ့။ ငယ်ငယ်တုန်းက သာသာယာယာတွေ့ခဲ့ရသော လသည် ဘယ်လိုပျောက်သွားသနည်း။ 'ယဲ့' စိတ်မှာ အေးမြသော ခံစားမှု နွေးထွေးသော ခံစားမှုများ မရှိ။ သည်လိုနှင့် 'ယဲ့' အသက် (၁၅) နှစ်ကျော်ခဲ့ပြီ။ ပိန်ချုံး ခြောက်သွေ့သော 'ယဲ့' အတွက် ရှုမဝင်သော ဘဝသည် အရွယ်သို့ ရောက်ရှိလာခဲ့ပြီ။

တရက်မှာတော့ ဆယ်ကျော်သက်ချင်းတောင် ကြီး ထဲမှာ ကပြသော တပ်မတော်ကို 'ယဲ့' ကြည့်ခဲ့ရသည်။ တပ်မှာ ကပြကြသူများသည် တပ်သားက 'ယဲ့' ကဲ့သို့ အရွယ်တွေဖြစ်သည်။ တချို့က 'ယဲ့' ထက်ငယ်သည့် အရွယ်များ ဖြစ်သည်။ သူတို့၏ မျက်နှာများမှာ 'ယဲ့' ဘဝတလျှောက်လုံး မခံစားခဲ့ရသော အပြုံးပန်းများဖြင့် ဝေဆာနေကြသည်။ သူတို့ကို ကြည့်ရသည်မှာ 'ယဲ့' စိတ်တွင် သာယာကျေနပ်မိလှသည်။ 'ယဲ့' ရင်မှာ ပူနွေး လာသည်။ သူတို့တွေက ပျော်ရွှင်သော မြည့်အသံများနဲ့ တွက်ကျော်ရေ နွေးပါဝင်သက်ပြီး အရုပ်ပေါ်တပြ နေကြသည်။ အချိုးအစားမှိုးရာဝေဇ် ရှေ့ရေကြင်း ဖွဲ့နှံ့ သီဆိုနေကြသည်။ ပြောက်ကျားစစ်ဆင်နွဲ့ နေကြပုံကို သရုပ်ဖေါ်ကပြနေကြ သည်။ ရှေ့တန်း

ကို ကူညီပုံ၊ လွှတ်မြောက်ဒေသကို ကာကွယ်ပုံ စသည့် အကများ ကပြနေကြသည်။ စစ်ဝတ်စုံအစိမ်း ရောင်များ ဝတ်ထားသော ပြည်သူ့တပ်မတော်သားများ၊ ဈေးအနီးအနား မှ ပြည်သူများ က လက်ခုပ်သံများ ဖြင့် တုန့်ပြန်နေကြသည်။ 'ယဲ့' ရင်မှာ ခုန်လာသည်။ လက်ခုပ်သံများအစဲမှာတော့ သီချင်းတပုဒ်ကို 'ယဲ့' ကြားလိုက် ရသည်။ သီဆိုနေသူမှာ လူလတ်ပိုင်းအရွယ်ရှိပြီး အမျိုးသမီးဖြစ်ပုံရသည်။ သူ သီဆိုနေသည့် အကြောင်းအရာမှာ ပြည်သူ့တပ်မတော် အကြောင်းဖြစ်သည်။ ပြည်သူ့တပ်မတော်က ပြည်သူကို အလုပ်အကျွေးပြုပုံ ပြည်သူကိုချစ်ခင်ပုံများကို ဖွဲ့နွဲ့သီဆိုနေသည်။ သီချင်းနောက်ဆုံးမှာတော့ ပြည်သူတွေ၏ သားသမီးများသည်လဲ ပြည်သူ့တပ် မတော်ထဲသို့ဝင်ကြပါ၊ ပြီးတော့ ပြည်သူတွေကိုပြန် လည် အလုပ်အကျွေးပြုကြပါ ဆိုသည့်စာသားကို 'ယဲ့' ကြားလိုက်ရသည်။ 'ယဲ့' တခုခုကို စဉ်းစားလိုက်မိသည်။ သည်လို စဉ်းစားလိုက်ရာတွင် 'ယဲ့' ရင်ထဲမှာ ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ ကပွဲ အပြီးမှာတော့ အဆိုအကအဖွဲ့က အမတွေရှိရာ ဇာတ်ခုံနောက်သို့ 'ယဲ့' ရောက် သွားသည်။ အဆိုအကအဖွဲ့ထဲသို့ ဝင်လို ကြောင်း ပြောပြသည်။ မိတ်ကပ်ဖျက်နေကြနှင့် အမတွေက ဝမ်းပမ်းတသာကြိုဆို ခဲ့ကြသည်။ ပြီးတော့ အဆိုအကအဖွဲ့မှူးထံသို့ 'ယဲ့'ကို ခေါ်သွားကြသည်။ အဖွဲ့မှူးက ဖိန်လှိုမြော့တော့သော မိဘသို့ 'ယဲ့' ကိုလက်ခံခဲ့သည်။ သည်နေ့ညမှစ၍ 'ယဲ့' အိမ် မပြန်တော့ - - - - -

× × × ×

'ယဲ့' အတွေးအမျှင်များသည် အကို ခေါင်မြင့်ကြီး၏ စည်းတိုက်ခေါက်သံကြောင့် ပြတ်တောက်သွားခဲ့ သည်။ အကိုအိုက်မလဲ ဘီလူးက ကနေပြီ။ စည်းတိုက်ချက်နှင့်အတူ အကိုအိုက်မလဲ၏ ဖနောင့်အကျ က မာန် ပါလှသည်။ သည်ဘီလူးကပြီးလျှင် 'ယဲ့'တို့ သူငယ်တော် အက က ရတော့မည်။ အကနည်းပြ ဆရာမက 'ယဲ့' တို့ နှစ်ယောက်ကို ဇာတ်ခုံအလယ်သို့ ရောက်အောင် သွားပြီး ကရန် ပြောပြနေသည်။ မနေ့က ဇာတ်တိုက်တုန်း 'ယဲ့' တို့နှစ်ယောက် ဇာတ်ခုံအလယ်သို့ မရောက်ဘဲ တိုင်ဖုံး နားမှာကပ်ပြီး ကနေကြတာကို ဆရာမက သဘော မ ကျ၍ဖြစ်သည်။

သူတို့နှစ်ယောက်အနက် 'ယဲ့' က အသက် နဲနဲ ကြီးသူမို့ သူနေရာယူ ပြီးနောက်မှ ဘီအမ်းကနေရာယူ ရသည်။ ဇာတ်ခုံအလယ်သို့ ရောက်သည်မရောက်သ ည် ကို 'ယဲ့' သတိမထားမိ၊ ကန့်လန့်ကာဖွင့်လျှင် စ က ရ မည် ဆိုတာကိုဘဲ 'ယဲ့' သိသည်။ သည့်တော့ 'ယဲ့' ဇာတ်ခုံ အ လယ်သို့ မရောက်လျှင် သူ့ညာဘက်ဘေးမှာ ပုံမှန် က နေရတဲ့ ဘီအမ်းလေးက တိုင်ဖုံးနား ရောက်သွားရှာသည်။ ကြည့်မကောင်း။ ဆရာမ က သည်လို မဖြစ်စေချင်။ ဒါ ကြောင့်လဲ နှစ်ခါထပ်ပြောနေသည်။ ဘီလူးက ကပြီး တဲ့ အခါကို အိုက်မလဲ ဇာတ်ခုံနောက် သို့ ဝင်သွား ချိန် ကန့် လန့်ကာ ချနေတုန်း 'ယဲ့' တို့ နှစ်ယောက် နေရာယူ မ လို့ ပြင်ကာရှိသေး၊ အနားက စစ်ဒေသမှူးနဲ့ချုပ်က အ ကို ရဲဘော်ကြီးတယောက်က 'ယဲ့'ကိုမကရတော့ဘူး လို့လှမ်း နောက်သည်။ 'ယဲ့' ခမျာငိုမဲ့မဲ့လေး ဖြစ်သွားရသည် ။ အလကား ပြောတာပါလို့ ချော့မော့ပြီး တွန်းလွှတ်မှ 'ယဲ့' စိတ်ပျော်သွားရသည်။ ကန့်လန့်ကာဖွင့်တာနဲ့ 'ယဲ့' တို့ စ ကရပြီ။ မြူးထူးသွက်လက်ပျော်ရွှင်သော သူငယ်တော်အ က တေးသွားသည့် နှဲ့ဆရာ အဘ ၏ နှဲ့သံကြောင့် ပိုမိုမြိုင် ဆိုင်ပြသည်။ 'ယဲ့' စိတ်မှာကြည်နူးရွှင်လန်းနေသည်။ သေး သွယ်သောဒီးပိုင်ရှင် ဘီအမ်းလေးသည် သူငယ်တော်အကကို ကွေးနေအောင်ကနေသည်။ 'ယဲ့' တို့နှစ်ယောက်၏ကြက်တောင် စည်းများသည် ထိန်လင်းသော လျှပ်စစ်မီးရောင်အောက်တွင် ဆိုင်းချက်နှင့်အညီ လှုပ်ယမ်း ယိမ်းနွဲ့နေကြပေသည်။

× × × ×

ကပွဲအပြီးမှာတော့ 'ယဲ့' တို့တတွေ ရှုရှုံးရုံးနှင့် ကျောင်းသို့ပြန်လာခဲ့ကြသည်။ ကပွဲတုန်းကအကြောင်း တွေ ကို ပြောတဲ့သူကပြော၊ က သော ကရပြီး သီချင်းမဆိုရတဲ့သူ ကလဲ အားမရသေးလို့ သီချင်းတကြော်ကြော်နှင့် - -။ ကျောင်း သူကျောင်းသားထဲက အငယ်ဆုံးအဖွဲ့တွေ ဖြစ်တဲ့ အိုက်ချော တို့ ဆမမလုံးတို့ ဘီအမ်းလေးတို့ကတော့ မျက်ခွံချိ ဆန် မြုတ်ချက်ထား ရာ ကျောင်းဝိုက်ရွာ ရုံသို့ ရှေ့မှ ပြေးနှင့် ကြ ပြီ။ 'ယဲ့' ကတော့ နောက်ဆုံး မှ အေး အေး ဆေး ဆေး လိုက်လာခဲ့သည်။ မျက် နှာ ချင်း ဆိုင် လမ်းအတက်က ကောင်း ကင်ယံ မှာတော့ လပြည့်ဝန်း က ထိန်ထိန် သာ လျက်ရှိသည်။ 'ယဲ့' က ကောင်း ကင်ကို မော့ ကြည့် မိ သည်။

ငယ်စဉ်က ကြည်နူးစွာ မြင်တွေ့ခဲ့ရ သော လပြည့်ဝန်းကို 'ယဲ့' ပြန်လည် တွေ့ရှိခဲ့ရပြီ ဖြစ်ပါ သည်။ သည်လပြည့်ဝန်း အရိပ်အောက်မှ အေးမြ သော လန်းဆန်းသော ခံစားရမှုများကို 'ယဲ့' တ ယောက် ပြန်လည်ခံစားနေရပြီ ဖြစ်ပါသည်။ ။

❋ အောင်သွေး



# ပြောက်ကျားမြေ

ရည်ညွှန်း

* သဘိုင်း ဝါခေတ် - - - - ၊
ရေရှည် စစ်နှင့်၊ မြည်းသမ်းတည်သွား
ပြောက်ကျားအကျော်၊ ဥက္ကနှ မော်လှိုင်
ငြိုရှင်ထဲတွင်၊ မှုံ့ရိုပ်ဝင်လာ
ဘယ်ခါတွင်မှ မပျောက်ဆုံး ။

* ဗားကဲစ် လီနင် - - - - ၊
တောလင်ဝန္ဓိ၊ ငြိုရှင်ထဲမှာ
မျိုကာစီမ်ဝင်၊ မှုံ့ရိုပ်ထင်လာ
ဘယ်ခါတွင်မှ မပျောက်ဆုံး ။

* ဥက္ကနှ သခင်သန်းထွန်း - - - - ၊
ဥက္ကနှ သခင်ဇင်၊ ငြိုရှင်ထဲမှာ
ရွှေကာနစ်ဝင်၊ ကမ္ဘာ့ဦးတင်လာ
ဘယ်ခါတွင်မှ မပျောက်ဆုံး ။

* ကျိုယ်ကျိုးမင့် - - - ၊
မစ္စည်းမဲ့တွေ၊ ကမ္ဘာ့ မြေထက်
တွေးစက်ကျရာ၊ ရေမြာခန်း ခြောက်
မီး ဝ တောက်အုံ့၊ ပြောက်ကျားစစ်သည်
ဘာမထီမှို၊ ငါသည် သစ္စာ
ဆိုသောခါတွင်၊ ကြည်လင်မှန်သား
မှိုးသား တိမ်စင်၊ အို - - - ကောင်းကင် !
ရှစ်ဆွင်မှောင်မိုက်၊ မှုန်ဝိုင်းတိုက်ကာ
မဟာပထဝီ၊ ဘုန်ကာပ်ဗြီ - - - - ၊
ကျိမ်မြေသက်သေ တည်ရှိမြဲစေ - - ။ ။

× × × ×

* မြည်သူတွေကြား - - - - ၊
ငါးနဲ့ရေမြှင်၊ ရွက်ကျ ပျင်လို
နှင်းသန်ခြင်းဟာ "အလှ" ပါ - - ။

* ရိုးဘောစ်ချုင်းချင်း - - - - ၊
မြည်သူတွင်းမှာ၊ မာနိုလာနကင်း
နိုမ့်ချခြင်းဟာ "အာလင်း" ပါ - - ။

* မြည်သူအကျိုး - - - - ၊
သယ်ပိုးရှင်းနဲ့၊ ကိုယ်ကျိုးရှောင်ခင်း
ဆင်းရဲခြင်းဟာ "အချစ်" ပါ - - ။

* လှုံ့လအားထုတ် - - - - ၊
ကျားကုတ်ကျွေးခဲ၊ မှန်ကိုင်းထဲမှာ
ရှပ်ရှဲတာဟာ "ရှဲ" ပါသဲ - - - ။

* ပါတီပေါ်မှာ - - - - - - ၊
သစ္စာတရား၊ မြားတစင်း လို
ဖြောင့်စင်းခြင်းဟာ "ချွန်အား" ပါ - - ။

* လှိုအပ်သည့်ခါ ---၊
ပါတီအတွက်၊ အသက်အာပ်နှင်း
စွန့်လွှတ်ခြင်းပဲဟာ " သတ္တိ " ပါ ----။

* ကျွန်မြို့နယ်တယောက်ရဲ့ --၊
တကယ့်အလှ၊ ပြည့်ဝလိုက် ရလိုက် ---။ ။

x x x x

* မသုတ်မတွန့် ----၊
နောက်ဆုံးစွန့်ပြစ်၊ ပျိုမြစ်တန်ဘိုး
ကျိုက်ကျိုးမပျက်၊ ကိုယ့်အသက်ကို
ပေးဆက်အပ်နှံ၊ ပါတီ့ထံ
မပေါက်ပြန်သော နိဂုံးဘော် ----!

* ရှောင်ကျင်းနိုင်ခက် --၊
ဆို့ယှဉ်းချက်များ၊ အလေးထားကာ
သင်ကားပြင်ဆင်၊ နောက်ဆုံးတွင်မူ
သင်သည် အသက် ပေးခဲ့ပြီ ။
သင် သည် တာဝန် ကျေခဲ့ပြီ ။
သင်သည် သူရဲကောင်း ဖြစ်ခဲ့ပြီ ။ ။

* ကျားကို ခလုတ် --၊
သစ်ငုတ်သင်ဖြိုး၊ ဆူးကိုမွေ့ယာ
တကယ်ပါဘဲ၊ ဆင်းရဲမှုပြာ
ဘာကိုမမှု၊ အဲဒ့လိုနေ
လေ မြေမညှင်း၊ ပန်းခင်းမဝေ
ပြောက်ကျား မြေလမ်း ကြမ်းတယ်လေ - ။

* တောတွေနက်သလောက် --၊
တောင်တွေမတ်စောက်၊ လမ်းတွေကွေ့ကောက်
လျှောက်သွားခြေလှမ်း ညွှမ်းနယ်ချေ - ။

* အော် - - ပြောက်ကျား မြေကြမ်း ---၊
မှုန်ဝိုင်းလမ်းမှာ၊ ပန်းခင်းမဝေ
ရှိပါစေလေ၊ ဒါပေမဲ့လဲ
ရဲဘော်ဝီရိယ၊ စမ်းရေအပေါက်
ငှက်ကသောက်လျှင်၊ အား အင်ပြည့်လျှမ်း
ဆက်လျှောက်လှမ်းသော် ----
ပန်းတိုင်တနေ့ ရောက်မှာပေါ့ - - ။

* အော် - - ပြောက်ကျား မြေကြမ်း ---၊
စွန့်စားခန်းတွေ၊ မျက်ရည်သွယ်သွယ်
လွမ်းဘွယ်ဖြစ်အောင်၊ ရှိချင် ရှိ မယ်
ရယ်မောပျော်ရွှင်၊ ရှိချင် ရှိ မယ်
တော်ဟယ်ဖြတ်ဟယ်၊ ရှိမယ် ရှိ ချင်
ဝလင်အောင်စား၊ ရွှေနေ့ များလျှင်
ရှိချင်ရှိမယ် ကြုံရမယ်ပေါ့ - ။

* ရန်သူနဲ့တိုး --၊
အချိန် မျိုးမှာ၊ မလွဲ သာ ဘဲ
တိုက်ပွဲဖြစ်ကြ၊ ကျ သူ ကျ လို့
ဆုတ် ရ တဲ့ ခါ၊ ရှိမှာဘဲလေ
ထမင်းတွေ့တော၊ လမ်းမမှတ်မိ
ဒါနာမိတယ် ရဲဘော်ရယ့် --။ ။

* ပါတီပေါ်မှာ --၊-
တာဝန်ယူကာ၊ ပြည်သူပေါ်မှာ
သစ္စာမပေါက်၊ ရဲရဲတောက်သည့်
ပြောက်ကျားစစ်သည် အာဇာနည်!။

* ကျဆုံးခဲ့လေ --၊
သင်တို့တွေ့တွက်၊ ထူးတွေခမ်းနား
ဆန်းပြားဝင့်ထယ်၊ ကြီးကျယ်လှစွာ
သိုက်မြိုက်စွာလျှင်၊ သင်ဒ - ရှာ ပနှ
မကျင်းပနိုင်၊ တို့ အ ဝ ရှေ့
မွဲတေ စုတ်သျှာ သင်သိပါတယ် - ။

* ကျည်ဆံကရှား --၊
ရှိသူကြားမှ၊ နေ့ည မ အား
လှုပ်ရှားနေရ၊ ဦး ဘ ဝ မှာ
ကျ ဆုံး ရှိသွား၊ ရဲဘော်များနှင့်
သင်္ချိုင်းကူဏ်မြေ၊ မင်းနည်းမှူတွက်
သေ ခတ် အ ချက် လောက် ၊
ယ်ပေါက်ညှင်ခဲ့ မပေါက်ခဲ့နိုင် --။

* လှုပ်ရှောင်ပြီးပြက် --၊
မိုးသက်လေမှုန်၊ သစ်ပင်သစ်ခက်
ဆူးခက်သွယ်းချုံ၊ မျက်ရည်သုတ်ရင်း
တောတွင်းတနေရာ၊ တိတ်ဆိတ် စွာ
စွန့်ခွာခဲ့တာ ညှင့်လွှတ်ပါ - - ။

* ယမ်းငွေ့ကန် – – ၊
သေနတ်သံတွေ ၊ ဗုံးညံနေပြီး
တိုက်ပွဲကြားမှာ ၊ ပြေးလွှားဆုတ်တက်
သွေးစက်အလောင်း ၊ မြင်မကောင်းစွာ
အာဏာနည်းရှေ့ ၊ ကျန်ရစ်မနေတော့
ဆမ် မြေပြင်မှာ ၊ မလှဲသာ၍
ဆုတ်ခွာခဲ့တာ ညှိုးလွှတ်ပါ – ။ ။

x x x x

* အော် – ဂျိုမ်းကျိုးမင့် – – ၊
ပစ္စည်းမဲ့တွေ ၊ ကမ္ဘာမြေထက်
သွေးစက်ချူရာ ၊ ရေပြာခန်းခြောက်
မိုး သစ်တောက်လော့ ၊ မြောက် ကျွားစစ်သည်
သားမသိတို့ ၊ မှန်အသည်သစ္စာ
ဆိုသောဆီတွင် ၊ ကြည်လင်မှန်သား
မိုးသားတိမ်ခင်၊ ဖို…ကောင်းကင် !
ခုပင်မှောင်မိုက်၊ မှုန်တိုင်းတိုက်ကာ
မဟာပထဝီ ၊ တုန်ကာပဲ
ကျွံမြေသက်သေ တည်ရစ်စေ – ။ ။

* မောင်ရည်ညွှန်း



ချစ်သူအတွက်
အသက်ပေးတယ်
အားမငယ် "ရဲသေ"
အမြဲနှလုံးသွင်း


ချစ်သူအတွက်
အသက်ချုပ်ငြိမ်း
ပင်ပန်းသည့်အကျော်
ငါခံမည်ပေါ့
ငါ့မရှုံးတော့

သေရဲတိုက်ရဲ
အောင်ပွဲယူရဲတယ်ဆိုတာ
ငါ့ချစ်သူ့အတွက်ပါ

ငါ့ချစ်သူ မည်သူတုန်းဟဲ့
ငါ့ချစ်သူ ပြည်သူ့ဘဲပေါ့ ။ ။

ချစ်သူ

ချစ်



# အမှတ်တရ

သူရစ်လှ

မြဝင်း

ပေယန္တ ခေါင်းရာသီ ဖြ ရာသီတော် ပြောင်းခဲ့ပါပကောလား။ လရောင်ရဲ့အား မြကြည်လင်လှပတဲ့အာလင်းကျောင်ဟာ မြူလွှလွှနှင်းမြူတွေရဲ့ ကာသီးပိတ်ဆို့မှုအောက်မှာ အချုပ်အနှောင်ခံနေရ မှာတယ်။

ဘော်ငွေရောင်နဲ့မှ ပွင့်ဝယ်ဆိုတဲ့ ကုမုဒြာကြာသော အဲဒီညက အဲဒီနှင်းတောင် တန်းမှာရှိခဲ့ယင် ဘယ်မှာလာပြီးပွင့်နိုင်ရှာတော့မှာလဲ။ ဒါပေမဲ့ ဒီနှင်းဆုတောင်က မြည့်သူတွေကတော့ နေမင်းကြီးနဲ့ တူတဲ့ တူတံရင်အလံတော်အောက်မှာရှိလို့ထင်ပါရဲ့၊ သူတို့ဘဝကလှပတောင့်ခံနိုင်း ဝေဆာပွင့်လန်းလျက် ထွန်းလင်း တောက်ပလို့နေပါတယ်။

ဆောင်းချမ်းမြမြ ညတာညာ နှင်းတွေဝေရောဲ့ မှုံပါးပါးလရောင်အောက်မှာပါ။ ကျွန်တော်အဲဒီနေရာကို ရောက်လာရလိမ့်မယ်လို့ မမျှော်လင့်ခဲ့၊ မိတ်ကျွမ်းလိမ့်မယ်မထင်ခဲ့၊ အိပ်မက်တောင်မမက် ခဲ့ ဘူးပါ။ အခုတော့ ကိုယ်တိုင်မျက်လုံးတောင်ကြည့်မယ့်။

ဝမ်းနည်းကြေကွဲနာ မြောရှာလို့ထင်ပါရဲ့ တစ်တောလုံး တစ်တောင်လုံး တိတ်ဆိတ် ငြိမ်သက်လျက်၊ ကျေးငှက်သာရကာ အပေါင်းလဲ တောဝါ်အလယ်၌ အိပ်မောကျ နေကြပြီ။

ကျွန်တော်သည် အတိတ်ဆက် ကြောင်းရေးမြစ်လောင်းကို ပြန်ပြောင်းသတိ ရ လျက် အတွေးရေယဉ်ကြောမှာ မျောပါသွားပါတယ်။

အတိတ်ကာလ ၆ နှစ်က သူ့ရဲ့အာလိုပ်၊ တကိုယ်ရိုပ်နဲ့ အကိုပ်ပယာ ဂိုရင်မှာ... ။ အမိုင်းရှမ်ပျံအလုံးနှင့်ဘဲ ချုပ်ရှားနေသော အရုပ်ကားချပ်များ ။

ကျွန်တော်က ရန်သူ့နေဝင်းရဲ့ခွေးစုံထောက်တွေကချိုက်လို့ ထွက်ပြေးတိမ်းရှောင် နေရတဲ့အချိန်။ ၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်။ အဝအာသစ်တစ်ခုသို့ ပို့လေးမှုစာ ရောက်လာတယ် ။ စာကို ဖတ်ပါ၊ မှတ်ပါ၊ မီးရှို့ပစ်ပါတဲ့ ။ ပေဖူးလွှာပါး သုံးခွန်းစကား ။ စာထဲမှာပါတဲ့အတိုင်း ကျွန်တော်က ခ ရီးဆက်ခဲ့ပါပြီ။

၁၉၇၆ ခုနှစ်၊ အောက်တိုဘာလ ၂၂ ရက်။

တဝါးဝါးနဲ့ ရယ်တားလေး၊ ခရီးသည်ကို သယ်ပို့ရေး ။ နိမ့်ယွန်းလိုက်၊ မောက်လာ ရို

လိုက်၊ ဝိုက်ကိုပ် တာရိုပ်၊ တောရိုပ်တောင်ရိုပ်၊ မြစ်မိ်းကျောင်စပါး၊ ကျေးလက်တောင်တန်း၊ စိမ်းစမ်းအင်းအိုင်၊ စသည့် စသည်များကို ပြတ်ကျော်ရင်း မြို့ရွှေဂုန်မှ မိုးရွာဝေးသောနေရာ လောကနိဗ္ဗာန် ရွှေမြည်သစ်သို့ ခရီးနှင်လျှက် စီးနင်းလိုက်ပါခဲ့ပါတယ်။

ရထားပေါ်မှာ သူနဲ့ ချိန်းထားတယ်။ သူ့ကိုလဲ မတွေ့ရသေး။ ငါးမိနစ်၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်၊ စိတ်လေးလိုက်တာ၊ စိုးရိမ်စိတ်တွေနဲ့ ရင်မှာမောပိုက်လာမိတယ်။ သူ့ကိုဘဲ ကျိုးကန်း တောင်းမျှော်ကာ ရှာဖွေတမ်းတ မျှော်မိတယ်။

မျှော်လင့်တုံး၊ သူပြုံးလာပါပြီ။ သုံးစွန်းစကား၊ သူမေးလာပါပြီ။

– ခင်ဗျား ခုံနံပါတ် ဘယ်လောက်လဲ။

– အသဲရောင် ရောဂါပျောက်ပလား။

– အခြေအနေ ကောင်းရဲ့လားတဲ့။

သုံးစွန်းသောစကား လာမေးသူသည် ကျနော့အား ဆွေးမြေ့ပူတသိုးနေတဲ့လူ့အဖွဲ့အစည်း ထောင်းမှ သာယာလှပသစ်လွင်တဲ့ လူ့အဖွဲ့အစည်းသစ်သို့ ခေါ်ဆောင်ခဲ့ပါပြီ။

သင်္ကာ ခုနစ်တန်၊ တောင်စဉ်ခုနှစ်ထပ်၊ ကန္တာရထယ်တာရ၊ ဘယ်လိုပင်ခြားပါစေ တရှောင် တနေထွက်၊ မဆောမပနီး မနားတမ်းတွေ့အောင်ရှာမပင်လို့ မျှော်မှန်းထားခဲ့တဲ့ အနာဂါတ်ရွှေမြည်သစ်(ဝါ)လွှတ် မြောက်သည့် နိုင်ငံမြေကို ကျနော်ရောက်ခဲ့ရပါပြီ။

မြစ်ရွှေလီက ကျနော့ဘဝနဲ့ သူ့ဘဝကို ခြားနားလိုက်တဲ့ နိုင်ငံပြတ်သားလှသော စည်း ကြောင်းကြီးပါကလား။ သူက မဲမှောင်နေတဲ့ မြစ်ရွှေလီရဲ့ဟိုဘက်ကမ်း ငရဲခန်းထဲမှာ လျှောက်ရင်းလျှောက်ရင်း သမင်လည်ပြန် ပြန်ကြည့်ရင်းနဲ့ လူလုံးမသဲကွဲမမြင်ရတော့ဘဲ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်။

မြစ်ရွှေလီရဲ့ဒီမှာဘက်ကမ်းမှာတော့ ပွန်းမြမြ တောက်ပနေတဲ့ ရွှေလှရွှေလီ။ ကျနော့ဘဝက လ၊ သူ့ဘဝက ည ပါကလား။

ဒီကမ်းနဲ့သူနဲ့ကျနော့်ကျောချင်းကပ်ရှိ တရွေ့ရွေ့သာ နှစ်ပေါင်းများစွာကြာညောင်းခဲ့ပါပြီ။ ကျနော်က အရှေ့နေမင်းကြီးရှိရာအလင်းဘက်ဆီသို့၊ သူက အနောက်ဂေါယာအမှောင်ဘက်ဆီသို့ ခရီးဆက်ခဲ့ကြ တယ်။

အဲဒီကတည်းက သူ့ရဲ့ရုပ်ဆင်း ပြုံးသလား ငိုသလား ကျနော်မသိ၊ ဘယ်ခရီးဘယ်ရောက်ဘယ် ပေါက်နေမှန်းလဲမသိရဲ့ရှာ။ စစ်အာဏာရှင်လက်အောက် ကျွန်သဘောက်ဘဝနဲ့ ဘယ်လောက်ဆင်းရဲဒုက္ခရောက်ပြီး မင်း တလွှာအတွက် ဘယ်သို့ဘယ်ပုံရုန်းကန်လှုပ်ရှားပြီး ဝိုက်ပွဲဝင်နေရသည်ကိုကျနော်မသိရတော့ပါ။ ကျနော် သိ တာတခုတော့ရှိတယ်။ အဲဒါကတော့ သူဟာ ပြည်သူတွေ လွတ်မြောက်ရေး၊ ပြည်သူတွေအာဏာရရေး အလုပ်လုပ် နေခြင်းပါဘဲ။ ဒါပေမဲ့သူ့ကိုလူအများက ဂုဏ်သူ သူဌေးလိုလို သွားပုပ်လေလွင့် ပြောဆိုနေကြပါတယ်။ ဒီပြောဆို ချက်အားလုံးကို သူ့ရဲ့ဘဝနိဂုံးချုပ်ချက်က ပြောင်းပြန်ဖြစ်သွားအောင် အဖြေပေးလိုက်ပါ ပြီ။

အခုတော့ သူ့ကိုတွေ့ရပါပြီ အလျှံငြီးငြီး တောက်လောင်နေတဲ့ မီးပုံကြီးတပုံ၊ နောက်ထပ် ကပ်လျှက် နီရဲတောက်လောင်နေတဲ့ မီးပုံကလေးတပုံ၊ သူ့ဘဝက မတွန့်မလျှော့မြေပုံအတွက်။

ကျနော်က ငြိမ်သက်စွာ စိုက်ကြည့်ရင်း နှင်းဆောင်းရာသီရဲ့ အအေးဒါဏ်ကိုပင်မေ့မျောက် မိခဲ့တယ်။ ကျနော့ရဲ့ ဆိုနင့်ကြေကွဲဝမ်းနည်းသော စကားလုံးများသည် တောတောင်အထပ်ထပ်ကို ပဲ့တင်ထိုက်ဆတ် သွားစေတော့တယ်။ ကျနော့ရဲ့သွေးကြောများထဲမှ စီးစိမ့်ယိုထွက်ပြီး ရင်တွင်းမှ ပေါက်ကွဲသံကား "သူ့ရဲ့ သွေးစီးကြောင်းသည် အာဏာနည်း အတောင်အသောင်းတို့ရဲ့ သွေးစီး ကြောင်းများနဲ့အတူ မိခင်မြေ့ဥဒါ ထဲသို့ စီးဆင်းပေါင်းဆုံမိပါပြီ။ သူ့ရဲ့မကြည့်မလင်မှုံဝါးနေတဲ့ သင်္ချိုင်းကို သူ့ကိုယ်တိုင် မှင်နီနဲ့ကမ္ဗည်းထိုးခဲ့ပြီး၊ သူ့ရဲ့ကြိုးကားချက်များကို လူသမိုင်းရာတ်ခုံပေါ်မှာ လှပစွာကမြွသွားနိုင်တယ်။ သူသည်ဖဆပလလွှဲမြန်မာပါတီက တာဝန်ပေးချက်အရ လွှတ်မြောက်ဒေသကို ဆုတ်ခွာလာရင်း လမ်းခုလပ်တွင်ကျဆုံးသွားခြင်းဖြစ်တယ်" လို့ပါ စ် ကြေးမုံတူပြုရင်း နောက်ဆုံးအနေနဲ့ ကျွန်မြေမှ တိုင်းရဲ့အလေးပြုခြင်း ဖြင့် အလေးပြုပြီး၊ သူ့အသုဘမှ တလှမ်းချင်း လှမ်းလျှက် ခိုမ်ပြန်ခဲ့ရပါပြီ။


ကြယ်ပွင့်ကလေးများရဲ့ အလင်းရောင်သည် မှောင်းနှင်းကိုခွဲတိုးလျှက် မလင်းတချက်လင်းတချက်နဲ့..။ ။

[၁၀၁ စစ်ဒေသ၊ မန်ဖြူး၊ မုံရွာနဲ့ ကေ–အိုင်–အို ဒေသများသို့ရောက်ခဲ့စဉ်က ဂုဏ်ဖော်ရဲဘော် အားသတ်ရှိ၏ အမှတ် တရရေးသားချက်။]

※ မြဝင်း

# ဒို့ညွန့်–၆

ကိုရင်စိုး



" ရုံဘော် "

ရုံဘော်ဟူသော စကားလုံးသည် လက်ရှိမှားယွင်းသော အခင်္ခါအခေါ်များ အကြားတွင် အာကာဂါသီ၏ရှင်းလင်းအားတက်ဖွယ် ဓိလျှိုးကဲ့သို့ရှင်း ၊ လူတိုင်းကင်းလင့်နေသော ဘဝသစ်၏ ရှင်းလင်းအားတက်ဖွယ် ဓိလျှိုးကဲ့သို့ရှင်း . . . . မြည်ဟိန်းလာလေသည်။

ထိုဘဝသစ်သည် ဝေးကွာသလော သို့မဟုတ် နီးကပ်သလော။ ဝေးသည် နီးသည်ကို သူတို့သာ ဆုံးဖြတ်သွားကြလိမ့်မည် . . . ။

လွတ်လပ်မှုသို့ ချဉ်းကပ်ခြင်းသည် သူတို့အပေါ်တည်သည်၊ လွတ်လပ်မှုကို ရွေးဆိုင်းခြင်းသည်လည်း သူတို့အပေါ်တွင်သာ တည်လေသည်။ ။

' ဂေါ်ကီ '

□ ၁

အားလုံး သူတို့နှင့်သာဆိုင်သည်။

ဟုတ်သည်။ အားလုံး သူတို့သာလျှင် မြှုပ်ကြရမည်။

□ ၂

" အလုပ်သမား ရုံဘော် အပေါင်းတို့

မိဘပြည်သူ အပေါင်းတို့

ကျနော်တို့အလုပ်သမားတွေရဲ့ သပိတ်မှောက်တောင်းဆိုမှု စပါပြီ။ ဒီလိုမှမလုပ်ရင် ကျနော်တို့ရဲ့ စားဝတ်နေရေးတွေ ဆိုးသထက် ဆိုးလာမယ် ကျနော်တို့ဘဝရပ်တည်ရေး ခက်သထက် ခက်လာမယ် . . . "

စက်ရုံဝင်းတိုင်းပေါ်ရှိ ကိုရေချမ်း၏ အသံသည် တံတိုင်းအပြင်ဘက်ရှိ ဆူညံစွာတိုးဝှေ့နေကြသောလူအုပ်ကြီးကို ငြိမ်သက်သွားစေလေသည်။ လူအုပ်ကြီး၏အာရုံသည် ဝတ်စုံပြာကိုဝတ်ထားသော အသားညိုညို ကိုရေချမ်းထံသို့ စူးစိုက်သွားသည်။

မြင့်ဦး သည် တံတိုင်းထက်တွင် အကျီလက်မောင်းများပင့်တင်ကာ အားပါးတရ ပြောနေသော ကိုရေချမ်းကို ဝမ်းသာအားရ လျှမ်းကြည့်လိုက်၊ လက်ထဲမှ စာရွက်များ လိုက်လံဝေငှလိုက် လုပ်နေသည်။

" ကုန်ဈေးနှုန်းကြီးမြင့်မှု ၊ ဆန်မလုံလောက်မှု ၊ လစာနည်းပါးမှု ကိစ္စတွေဟာ လူတယောက်ချင်း စက်ရုံတရုံချင်းကိစ္စ မဟုတ်ပါဘူး ။ အလုပ်သမားထုတရပ်လုံးကိစ္စ၊ ပြည်သူလူထုကြီးကိစ္စဖြစ်ပါတယ်။ - - - ဒါတွေကို အစိုးရက တဦးချင်း နားလည်မှုနဲ့ ဖြေရှင်းနိုင်းနေပါတယ် . . . . ရနိုင်ပါ့မလား - - - လက်တွေ့မှာ - - "

မြင့်ဦးဘေးတွင် " မောင်လေး အမလဲ ပေးပါအုံး ၊ ကျနော့်လဲ တရွက်လောက် " ဟု ဆိုင်းအုံ့တောင်းနေသံများဆူညံနေသည်။ သူသည် လက်ထဲမှနောက်ဆုံးစာရွက်အား သူ့ရှေ့ရှိ အဖော်ကြီးတယောက်သို့ ကမ်း၍ ပေးလိုက်ရင်း လူအုပ်ကြားမှ တိုးထွက်သည်။

" မြင့်ဦး ဒီလာပါအုံး ၊ ဒီမှာမနိုင်တော့ဘူး - - - "

ကိုသိန်းအောင်က လက်ထဲမှ တောင်းကြီးကိုပြရင်း သူ့ကိုခေါ်သည်။ ထို့နောက် " စာဖတ်ပေါက်သာ တခါထဲသွားပို့မှပို့၊ ကျုပ်လဲမနိုင်တော့ဘူး - ဟဲ . ဟဲ - - - "

လူအုပ်ထဲမှ ထပ်ထွက်လာသော ငှက်ပျောဖီးများ၊ ဆေးလိပ်စည်းများ ကိုလက်ခံရင်း အသံပြာပြာ တဟဲဟဲနှင့် ပြောနေလေသည်။ သူထိုသို့ပြောမှသာ ပြောနေခြင်းဖြစ်သည်။ စက်ရုံ ဗဟိုတံခါးမကြီးတွင်လည်း တောင်ကြီးတောင်းငယ်ဖြင့် ရိုင်းအုံ့ပို့နေကြလေသည်။

သူတို့ စက်ရုံပေါက်ပြန်ရောက်သောအခါ ကြွေးကြော်သံများ မြည်ဟိန်းထွက်လာလေသည်။ စက်ရုံတွင်းမှ အလုပ်သမားများ ၊ စက်ရုံပြင်ပမှ လူထုများ၏အပြန်အလှန် ကြွေးကြော်သံများကြောင့် ဗဟိုတံခါးမဘေးရှိ သယ်ယူပို့ဆောင်ရေး ဌာနကြီး၏ သုံးထပ်ရုံးတွင် ပဲ့တင်နေသည်။ ဝင်းမြင့်တို့အသင်း၏လက်ကျများဖြစ်သော ဗိုလ်တော်များသည် သုံးထပ်ရုံးနံရံတွင် မြူးမြူးမွေ့နေသည်။

ကုန်ဈေးနှုန်းကျဆင်းရေး ဦးအရေး
သန့်အလှအလောက်ရှိရေး ဦးအရေး
လစာတိုးမြှင့်ရေး ဦးအရေး ဆိုသည့်
စာလုံးများသည် ထင်ရှားပေါ်လွင်နေလေသည်။

သုံးထပ်ကျိုးရှေ့မှ မှင်နီယိုနှင့်စပါးနှံပါ သော မဆလ အလံကို သူတို့ဖြုတ်ချထားလိုက်ကြပြီ။

"ဒီစက်ရုံကြီးမှာရှိတဲ့ ကားတွေ၊ စက်တွေက အစ ဝက်အူနဲ့ နပ်တွေအဆုံး အားလုံးကို ကျနော်တို့ အလုပ်သမားတွေ ထိမ်းသိမ်း လိုက်ပါပြီ" ဆိုသောကြေငြာချက်စကားအဆုံး၌ပင် .. စက်ရုံထဲတွင် အလုပ်သမားများက အားလုံးကညီသံပြိုင်ဟူးထောင်းလိုက်ကြပြီ။ စက်ရုံဝင်းထဲတွင် အလုပ်သမားပေါင်း တထောင်ကျော်သည့် လှုပ်လှုပ်ရွရွဖြင့် ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်နေကြသည်။ ဝန်ကြီးများ၊ စက်ရုံမှူးများ၊ ညွှန်မှူးများ မပါကြတော့။

□ ၃

အော်ပရေတာခန်း ဆီမှ တယ်လီဖုန်းသံ အဆက်မပြတ်ကြားနေရသည်။ ပူးဆိုကျင် သပိတ်ကော်မတီပေါ်ကြားပြီးလောက်ပြီ၊ သူတို့၏အနီရောင် ဆုံးဖြတ်ချက်များကို အရေးပါအရေး ဆိုင်ဦးကိုပွဲတော်ကြမည်။ သပိတ်ကော်မတီသည် သူတို့ရှေ့တွင်များစွာ မဝင်မထွက်ရှုပ်တည်လျက်ရှိနေလေပြီ။ လှည့်စားမှုများ၊ ခြိမ်းခြောက်မှုများ အကြားမှ မတွန့်မလျှော့ ရှေ့သို့ချီတက်နေလေပြီ။

တံခါးပေါက်ကြီးအနီးရှိ ကင်းတဲ တွင်တက်ကြွပြောနေသော ကိုသာန်ညွှန့်၏အသံကို ခပ်သဲ့သဲ့ကြားနေရသည်။ လှသောင်းသည် စာတိုက်များသို့ အသွားတွင် စက်ရုံပေါက်ဝ၌ ဦးစံဘော်နှင့်အလုပ်သမားတစုကို တွေ့ရသည်။

"ဘာဖြစ်တာလဲ"

"ဘာမှမဖြစ်ပါဘူးကွာ ဦးချင်းစကားပြော နေတာ"

ဦးစံဘော်၏မျက်နှာသည် ဒေါသကိုဖုံးဖိထားသဖြင့် မဲနေသည်။

"ဒီမှာကိုလှသောင်း တော့ဒီကောင်စီကြီးက ကျနော်တို့ကိုပြန်ဆိုင်းနေတာ _ ဒီအပေါက်ကနေပြန်ပြန် ထွက်ကြတဲ့"

မိန့်သောင်း၏ဆုပ်ထားသော လက်သီးများ သည် ဒေါသဖြင့်ဝခုန်နေသည်။

" ဟုတ်သားဘဲ ဦးစံဘော်ကလဲ၊ ခင်ဗျား ပြန် ချင်ပြန်ပေါ့။ ဘာလို့သူများတွေကို လိုက်နှိုးနေတာလဲ "

"ဒါ့ကြောင့်ကွ၊ ဖင်းစတိုကိုဦးကွမပြစ်အောင် စောနာနဲ့ပြောနေတာ - - "

"ခင်ဗျားစေတနာရှိကြယ်ရှိရင် ခင်ဗျားတို့ အ စိုးရကို ဆန်ပေးအောင်လုပ်လေ၊ ကုန်ဈေးနှုန်း မကြီးအောင် လုပ်လေ၊ လခတိုးပေးလေ _ _ _ ဘယ်လောက်ကြာပြီလဲကျ နော်တို့ခုက္ခရောက်နေတာ "

မိန့်သောင်း၏အသံသည် တုန်ရီနေသည်။ မျက် လုံးများသည် ဒေါသဖြင့် ဝင်းဝင်းတောက်နေသည်။

" အလကားညာနေတာ "

"မင်းတို့လုပ်နေတာ အစိုးရကို ပုန်ကန် နေ တာနော၊ သပိတ်ကော်မတီတွေ ဘာတွေနဲ့ လုပ်နေတာ၊ သက်ဆိုင်ရာက အဆင့်ဆင့်တောင်းဆိုရင် ရရဲ့သားနဲ့ ၊ မြို့မှာ အခိုးမဆိုနဲ့ငါကို "

"ခင်ဗျားကြီး ပြောလေ ကဲလေပါလား . . . ကျုပ် တို့ အခွင့်အရေးတွေ ခဏခဏတောင်းနေသားဘဲ၊ ဘယ်တုံး ကများရဘူးလို့လဲ၊ တခါတုန်းကသာ အလုပ်ဖြုတ် တက်လာ့ ပိတ်ပစ်ကြတာဘဲ . . . တော်ပြီ . . ကျုပ်တို့ဖြင့် အလုပ်တဲ မှာကားသာမောင်းနေရတာပဲ အလုပ်တက်တော့ ဘတ်စ်ကားနဲ့၊ လခကအတော်ပြောင်နေပြီ၊ ဒီမှာကအလုပ် သမားတွေ များတောင်မရှိဘူး - ဘာစက်ရုံလဲ၊ အခပေးက သာတက်တော့လဲ ဘတ်စ်ကားခအက်တက်အောင် မယ်ရှိ တောင် စိတ်မပေးနိုင်တဲ့စက်ရုံ - - "

"ဘယ့်နှယ်လဲ ကောင်စီကြီး ဒီကျောက်နေပြန် ပြီလား"

ကိုညိမ်းအောင်၏အသံပြာပြာကြောင့် ဦးစံ ဘော်သည် လျှပ်လျှပ်ရှားရှားဖြစ်သွားသည်။

"ခင်ဗျားတို့ ကျောင်းအုပ် ဦးထွန်းရင်တော့ ပဲခူးမှာ အာလူးကြီးထွက်သွား လို့ စပြောခဲ့နေရပါလား၊ ဒီတပွဲတော့ အလုပ်သမား အကျိုး ဆောင်လိုပါဆိုတဲ့ ခင်ဗျားတို့လက်သုံးစကားတွေ အလကား ဖြစ်သွားပြီ . . ဟား . . ဟား . . . ၊ သာဓကလှသောင်း ဦးအလုပ် ရှိ သေးတယ် "

ကိုညိမ်းအောင်က လှသောင်း၏လက်ကို ဆွဲ ကိုင်ရင်း ဆက်ပြောသည်။

"ဟဲ ဦးစံဘော် - - ခင်ဗျားကို သောက်တလမ်းဒါ ပြီးလိုက်လုပ်တာ မတွေ့ပါရစေနဲ့ ၊ မိန့်သောင်းရေ သွား ဦးမယ် "

"ဒီလူကြီး တော်တော်ဆိုးတယ်ဗျာ - - ဟို - - ကိုလှ ကိစ္စကထဲက တော်တော်ချုပ်သွားတယ်၊ ဘိုဘိုးက ခြေနဲ့ကန်တာကျ ဘာမှမပြောဘူး - ကိုလှ - က

လက်နဲ့ပြန်တွန်းတာကျတော့ နှစ်ဝဦး ခိုင်းငုံ့သင့်တယ်ဆိုပြီး ပြောတယ်လေ၊ ကျွန်တော်ခုဒီကာလကြ ကြည့်မရဘူး-”

“ခုတော့ ပိုမှင့်ကျတာပေါ့ကွာ”

ကိုသိန်းအောင်သည် ပြုံးရွှင်စွာရယ်မောနေလေသည်။

“ဟော့ လှသောင်း -- မင်းကိုတာဝန်တခု ပေးမယ်ကွာ-- ရန်မျိုးအောင်သဘော်နဲ့ ကမ်းနားဘက် ကို မင်းတာဝန်ယူပြီး စောင့်ကြည့်လေး၊ ရန်မျိုးအောင် က မိုလ်မှူး ဗိုးလှုင်နဲ့တော့ ဒီစကားပြောပြီးပြီ။ မနော က်ယှက်ပါဘူးလို့ သူက အာမခံထားတယ်။ သူတို့ကအတွန့်လုံး တမြို့နက် ကားနဲ့ထွက်ချင်တယ်တဲ့၊ ဦးကတသျှီး ချမ်းထွက်ခွင့်ပေးတယ်။ မထွက်ချင်ရင်လဲ သူတို့လုံခြုံရေး ဒိုကတာဝန်ယူမယ်လို့ ပြောထားတယ်။ မင်းနဲ့တခြားအဖေါ်တယောက်နှစ်ယောက်လဲ ခေါ်သွားကွာ--”

□ ၄

စက်ရုံ ဥပြဒ်များ ၁၅ မိနစ်တကြိမ် ထွက်ပေါ်နေလေသည်။ အနီးရှိ ဘက်ထရီစက်ရုံနှင့် သစ်စက်များမှလည်း ဥဩများ မြည်နေကြသည်။ အပြန်အလှန်အားပေး ကြွေးကြော် နေကြသံများသည် အသံချဲ့စက်များမှ မပြတ်ကြားနေရသည်။ စက်ရုံတခုလုံးနှင့် ကာ ဂိုဒ်းများပေါ်သို့တက်၍ ပိုစတာ အချက်များ ပြောပြနေသံများလည်း ဆောင်းဘောက် များမှကြားနေ ရသည်။ နေ ခြစ်ခြစ်တောက်ပူနေသော်လည်း ကူးရု ပ် ကြီးမှာ လျှပ်ရှျမ်ရှူရှူသာနေသည်။ နား တောင်နေကြသော အလုပ်သမားများသည် မကြားရ အောင်ဖိုး သကဲ့သို့ နား နှင့် အာရုံစိုက်နေကြသည်။

“ အခု ပြောမဲ့ ဂျုဘော်ကတော့ အာဝတီဝီ ကော လုပ်သမားကျိုယ်စားလှယ် ရဲဘော်ဝင်နိုကျော်ဖြစ်ပါတယ်”

“ ဒီရဲဘော်ကတော့ အမှတ် လေး သစ်စက် က ရဲဘော် ဘဝင်း”

စသည့် အခြားစက်ရုံများမှ ရောက်လာကြသော ကိုယ်စားလှယ်များအား မိတ်ဆက်ပေးသံကိုလည်း ကြား ရနေရသည်။

သူတို့သည် မိတိာဝရယ်တည်ရေး ဆိုသော ပင်မတွန်းအော်မှုကြီး အတွက် စုရုံးလှုပ်ရှားလာကြပေပြီ။ ထိုတွန်းအော်မှုကြီးကပင် သူတို့အား စက်ခန်းကျွ ဦး များ ခရိုင်မာခန်းများထဲမှ ဆွဲထုတ်၍ စက်ရုံဝင်းထိုင်းကို ကျော်စေသည်။ အခြား စက်ရုံများနှင့်ပေါင်းစည်းစေသည်။ တဖန် စက်ရုံများမှနေ၍ လမ်းမများ၊ တာ သင်ကျောင်းများ၊ လယ်ကွင်းများ --- အလွှန်ကျယ်ပြန့်သည့် အဝန်းအဝိုင်းတခုထဲသို့ ဘွတ်ဘွင်းပေးနေလေသည်။ မြင့်ဦးသည် သူ့ရှေ့တွင် မိုးကုတ်စက်ဝိုင်းကြီးကို မြင်နေရသလိုဖြစ်နေသည်။ ထိုမိုးကုတ်စက်ဝိုင်းကြီးအောက်တွင် စက်ရုံဝင်းအတွင်းရှိ ဖန်ချီစက်မောင်းသံများ ၊ လျှပ်စစ်ပါးအောင်းတိုင်များ၊ ထိုးထိုးထောင်ထောင် အဆောက်အအုံများ ၊ ရှမ်းတက်ထားသော သဘော်ကြိုးယ်များ ပျှပ်ဖယ် ခ စားနေကြလေသည်။

“ ငါတော့ အားရတယ်ကွာ ၊ ဒီကနေ့ကတော့ ရေနံချက်စက်ရုံတွေ၊ ဆက်အိုးရုံတွေ ၊ ဂုံနီစက်ရုံတွေ သာမကဘူး၊ ကာ ၁၈ ကားအောင်ပါလာတယ်။ ဗဟိုပုံနှိပ်တိုက်လဲပါတယ် --- ကြည့်ပါဦးကွာ တမင်းတုပ်တွေက လဲ တောင်မှုံသလို --- လူမှာ သူတို့စားမဲ့ဟာ တွေနှိုက်လိုရှေ့နေတာ ---”

ညွှန့်မောင်သည် တမင်းတုပ်များကို ကြည့်လိုက်၏ သူ့လက်ထဲမှ ‘ တောင်ငံအေ ’ ဆေးပေါ့လိပ် ကို စောင်ကြည့်လိုက်ရင်း ၊ အဆက်ပြောနေသည်။

“ မြင့်ဦး မင်းတို့အိမ် ဘေးစက်ကော်လုပ်မနေနဲ့ ”

“ ဟေ -- ငါက ဘာဆည့်နေလို့လဲ ”

“ ကြည့်စမ်းကွာ လူမှာ တမင်းတုပ်ထဲမှာ ငါတွေ့တဲ့ဆေးတာ ဂျွေးမင်းဖော်ရှုဘယ် မရှက်ဘူး --- ရေနံမြေအလုပ်သမား လျှပ်စွာများကို သင်ဒိရကြပါတဲ့ - သာမိတ်ဆိုက်မှုံ ဆောင်ပြီးအောင် ဘယ်လောက်ဘဲကျုရ ရရ ကျွန်မယ်တို --- ဒီမျိုးတေါ်ဆွဲကောင်မှာ ဦး စက်ရုံဘာနောင် မိတ်နေမျိုးရှုပ်ပျက်ဘူး ညာဘာက ဘမြ ညီ ရေး စက်ရုံအလုပ်ရုံတွေ ဖြစ်နေတာ ”

“ ဒီလိုဲ ပိတ်ထားတာမှ မဟုတ်တာ ”

“ မတွေ့ဘူးတွေ့ ငါဆိုလိုတာက --- ”

ညွှန့်မောင်သည် သူ၏ ကြမ်းသော်ရာ သာ လက်ကောင်းနှစ်ဘက်ကို မှုတ်နေရာမှ တခုခုကိုဖမ်းဆုပ် တော့မည့်အဓိပ္ပါယ် ဆောသံကိုမှုန့်ရှုပြောသည်။

“ စက်ရုံတွေကိုမှ မြင်း အသံလွှင့်ရုံတို့ဘာ ထို ဘိမ်း -- အဲမိုးရုကို ရာသေးလေးပါ့ကွ ၊ ဒီအားနဲ့ ဆို မဲနိုင်ပါဘူး- ”

ညွှန့်မောင်၏မျက်နှာသည် ညိုရောသည်။ မိုးနေခရောင် ပယိတ်ပြားများပေါ်သို့သံရိုများရိုက်ထား သော သူ့ဖော်များသည် ဘန်မာနေသည်။ မြင့်ဦး က သူ့လက်များကို ဆုပ်ရင်း -

“ ညွှန့်မောင် --- မင်းနဲ့ငါ ဒီစက်ရုံ ခ ဆောက်ကထဲက ပါကြတာပါ၊ မင်းဘယ်လိုခံစားရတယ်ဆို

တာ ငါသိပါတယ်...ငါ့အကြောင်းလဲ မင်းအသိဆုံးဘဲ.. သပိတ်တိုက်ပွဲဆိုတာ ဒို့ပထမဆုံးကြုံရတာ ခုမှပါ.."

မြင့်ဦးသည် သူ့စကားကို ခဏရပ်လိုက်သည်။ သူ့ရှေ့တွင်ရှိသော ညွန့်မောင်သည် လွန်ခဲ့သောလေးနှစ် ခန့်ကစက်ရုံဝင်စ ညွန့်မောင်နှင့် လုံးဝကွာခြားသွား နေသည်။ နုပျိုဖြတ်လတ်မှုများ သူ့မျက်လုံးတွင် ကျန်ရှိ နေသော်လည်း သူ့ခန္ဓာကိုယ်သည် နေလောင် သော ကြောင့် ညိုမှိုင်းနေသည်၊ ပိုမိုကြံ့ခိုင်လာနေသည်။

"ငါတော့ ဒီတိုက်ပွဲက ဒီတပွဲနဲ့ပြီးမှာမဟုတ် ဘူးထင်တယ်ကွာ၊ ဘယ်ဟာလုပ်လုပ် သူ့အင်အားကိုယ့် အင်အားတော့ ကြည့်ရမယ်ထင်တယ်"

မြင့်ဦး၏မိတ်ဆွေများသည် ဒဂုတ်ကျင်း လမ်း ကျဉ်းလေးတခုရှိ အိမ်လေးတအိမ်ဆီသို့ရောက် နေလေ သည်။ သူနှင့်ကိုသိန်းအောင်တို့သည် ထိုအိမ်လေး အ တွင်းတွင် အလုပ်သမားဟောင်းကြီးတဦးကို တွေ့ ရ သည်။ အခြားအလုပ်သမား နှစ်ယောက်ကိုလည်း တွေ့ကြသည်။ အလုပ်သမားဟောင်းကြီး၏ပြောစကား များ သူ့နားထဲတွင်စွဲဝင်နေဆဲဖြစ်သည်။

"ပဒိုဝန်းက ဦးလဲ ရေပူလင်းတလုံးလွယ်အိတ် တလုံးနဲ့ ဆီတက်လာရင်း အင်္ဂလိပ်အမြုတ်ဘဲလို့ စွဲ့စား ဘူးသကွ၊ ဒါပေမဲ့ နောက်မှာ ဒီတပွဲနဲ့မပြီးသေးဘူးဆို တာသိလာတာ။ ကြည့်လေကွာ လုပ်လုပ်ရေး ရပြီးလဲဆက် ထိုးကြရဦးမှာဘဲ။ ဦးအလုပ်သမားတွေအကြောင်း ဦး အလုပ်သမားတွေ့ဘဲသိတာ၊ ဘယ်အရင်းရှင်ကမှ တော နာနဲ့ အလကားလုပ်မပေးဘူး၊ ဦးဖာသာလုပ်မှဘဲ ရ တာ.."

"မြင့်ဦး - ရှင်းရှင်းပြောရရင် မင်းတို့သပိတ် ကော်မတီကို ငါတော့ အားမရဘူးကွာ--တွန့်ဆုတ် တွန့်ဆုတ်နဲ့...မင်းပြောသလို သူ့အင်အား ကိုယ့်အင် အားကြည့်ရမယ်ဆိုတာ အမှန်ဘဲ၊ ကိုယ့်အင်အား ကို လျော့မတွက်နဲ့ကွာ"

"ခေါင်းကြည့်ပါဦးကွာ"

"ဘာပြောပြောငါတော့ လုပ်တယ်ဆို ဦး ဦး ခိုင်းခိုင်းမှ ကြိုက်တာ"

"ညွန့်မောင် - - ခဏနေဦးကွာ - - ပဲခူးမှာကို စိန်ကျော်တို့ကား ပြန်လာနေပြီ၊ ဒါနဲ့ဘက်ခဏသွား ဦးမယ်၊ တခုပြောမယ်ကွာ၊ မင်း ငါတို့ကိုယုံပါ"

ဗဟိုတံခါးပေါက်တွင် စက်ရုံပိုင် ယာဉ ဒါ ဘစ်ဝါခင်း လူအုပ်ကြားမှ တရွေ့ရွေ့ဝင်လာနေသည်။

"သူငယ်ချင်း ယုံတဲ့မယုံတဲ့ကိစ္စ ပြောနေတာ မဟုတ်ဘူး...အချိန်ရေး လက်လွှတ်မခံဘို့ပြောနေတာ"

ဟုဆိုသော ညွန့်မောင်၏ပြောသံအား သူ့ကျောဘက်မှလှမ်း ကြားလိုက်ရသည်။

သုံးထပ်ရုံးသည် တိတ်ဆိတ်နေသည်။ စားပွဲ ကြီးများ၊ လက်နှိပ်စက်များ၊ ဂဏန်းပေါင်းစက်များသည် မလှုပ်မရှားရှိနေသည်။ ကြမ်းပြင်ပေါ်တွင် စာရွက်များ ဖိုင်တွဲများ ပြန့်ကျဲနေသည်။ ဖွင့်ထားသော မှန်ပြတင်း မှ မိုးသက်လေများ တိုးဝှေ့လာသဖြင့် စာရွက်များ လွင့်ထွက်ကုန်သည်။ မမတင်သည် စာရွက်များ ကို လိုက်ကောက်နေသည်။ လှေကား အဆင်းတွင် ကို ရေ ချမ်းနှင့် ကိုစိန်ကျော်တို့ကို တွေ့ရ၏။

"ကျနော်တို့ကားလဲ အဲဒီကနေ လှည့်ပြန် လာတာ"

ကိုစိန်ကျော်က သူဝင်လာသည်ကို လှမ်း ကြည့်ရင်း ဆက်ပြောသည်။

"ပစ်တာတော့ ဒလကြမ်းဘဲ၊ ဈေးထဲ လဲ လိုက်ပစ်တယ်၊ ခလေးတွေ မိန်းမတွေလဲ မချန်ဘူး။ မဲမဲမြင်ရင်ပစ်တာ။ ကိုယ်ဝန်ဆောင်တယောက်တော င် ပါသွားတယ်လို့ ကြား တယ်"

"တောက် - ဒီလိုဆို ငုံ့နိစက်ရုံဘက်ကို လဲ ဝိုင်းထားပြီပေါ့"

"ထင်တာဘဲ - - အဲဒီဘက်ကိုလဲ စစ်ကားတွေ ဝင်သွားတယ်လို့ ကြား တယ် - - "

"ဝိုင်းထားပြီပေါ့ - ခုနကဘဲ ဖုန်းလာတယ်"

သူတို့ဆီသို့ ကိုသိန်းအောင် ရောက်လာသည်။

"ကဲဗျာ အပေါ်မှာ စောင့်နေကြပြီ၊ ဆွေးနွေး ကြရအောင် လာကြဦး"

လှေခါး အတက်တွင် ကိုသိန်းအောင်က မြင့် ဦးအား အသံပြာပြာဖြင့် လှမ်းပြောနေသည်။

"မြင့်ဦး ဘယ်မှမသွားနဲ့ဦး ဦးလှ ယစရာရှိ တယ်"

သူသည် မမတင်နှင့်အတူ စာရွက်များကို လိုက်စုနေသည်။

"ယောင်မြင့်ဦး ကိုစိန်ကျော်တို့ပြောတာ ကြားလိုက်လား"

"ဟုတ်ကဲ့"

"ဒင်းတို့ သိပ်ရက်စက်တယ်"

မမတင်သည် စာရွက်များကို စားပွဲ ပေါ် တင်လိုက်သည်။ သူ့မျက်နှာတွင် ယမ်းနံ့များ ရှူလိုက်ရသ လို မွန်းကြပ်လာနေသည်။ ဂျီသုံးသေနတ်သံများ ကို ကြားနေလေသည်။ သသိုင်းဘာတာ ဈေး ချောမှ သွေးမျက် သွေးခဲများ၊ လဲကျသေဆုံးနေသူများ၊ ပဲခူးမှ ဒီမှမြေး

သွားနေကြသူများ . . အက်လက်ဖြေး ဖြေး နေကြသူများကို မြင်ယောင်လာသည်။ မမတင်သည် သူ့မျက်နှာကို လက်ဝါးဖြင့်အုပ်ရင်း ရှိုက်ငိုနေလေသည်။

" မမတင်တို့ စက်ရုံကိုလဲ ဒီလိုဘဲလုပ်လိမ့်မယ်ထင်တယ် "

" ဟုတ်တယ် . . . ဒီလိုဘဲလုပ်မှာဘဲ . . ကျနော်တို့ ဘာတောင်းတယ်ဆိုတာတောင် ထဲ့မစဉ်းစားဘူး "

သူ့မျက်စိထဲတွင် ကိုဟန်ရွှေကို မြင်ယောင်လာသည်။ " ဟော့ . . . သွားမွေးရင် မြက်ကျွေးရမယ်၊ လူမွေးရင် ဆန်ပေးရမယ် " ဟူသော သူ၏စကားသည် နင့်သီးသော်လည်း ဒွေးဒွက်အောင် မှန် နေသည်။ စစ်အာဏာရှင်သည် သူမွေးထားသော အလုပ်သမားများကို ဆန်မပေးပဲမက ကျည်ဆံ များဖြင့် ရက်စက်စွာ ပစ်သတ်ဖို့ပြင်နေလေပြီ။ ပစ်လည်း ပစ်သတ်နေလေပြီ။

" ဟော့ မြင့်ဦး လာ . . . ဒီမှာ "

ညွှန်ကြား ရုံးခန်းတွင် ဆွေးနွေးပွဲပြီးဆုံး သွားပြီ။ ကိုသိန်းအောင်၏ အသံကို လှေကားထိပ်တွင် ကြားလိုက်ရသည်။

" ကျနော် သွားမယ် မမတင် "

" ကဲ . ကိုအောင်ဝေး ခင်များဘဲကြည့် ပြီး ကိုမြင့်ဦး တို့နဲ့ လုပ်ပေတော့ ကျနော် ဖုန်း သွား ဆက် အုံးမယ် " ကိုရေချမ်းသည် မြင့်ဦးအား ကိုအောင်ဟူး ဆဲပို့ရင်း ရုံးခန်းမှထွက်သွားလေသည်။

" အစောကဘဲ မတင်နွယ်လဲ ရှိတာနဲ့၊ ခင်များ တို့ ရုံးအဖွဲ့က မမြင့်မြင့်တို့ကော . . . ဒီမှာကိုက်စရာ တွေရှိနေတယ်။ အခုဘဲ ကိုမြင့်ဦးတို့နဲ့ ရေးမလို့ . . လာမျှ ခင်များ တို့ပါဝင်ပြီး . . အကြံပေးကြပေါ့ . ပြီးရင် မြန်မြန်လာမှ ပြီး ဖြန့်ရမယ် "

ရုံးခန်း ကျဉ်းကျဉ်း လင်းထိန်နေပြီ။ လက်နှိပ် စက်သံပြင်းထည် လာသည်။ ကိုရေချမ်းတို့သည် မကြာခဏ ရောက်လာပြီး ညွှန်ကြားခန်း သို့ သွားရောက် ဆွေးနွေးနေကြသည်။ အော်ပရေတာခန်းမှ တယ်လီဖုန်းသံများ မကြာခဏ ကြားနေရသည်။ အပြင်ဖက်တွင်အလုပ်သမားများသည် ဒေါသဆူပွက်စွာဖြင့် ကြွေးကြော်နေကြသည်။

" ပန်းကြီး ချယ် မှိုင်းညွန်း အလိုမရှိ "

" သပိတ် သပိတ် မှောက် မှောက် "

မြင့်ဦးသည် " ပြည်သူ့သို့ပန်ကြားချက် " ကို အဆက်မပြတ်ကူးယူနေသည်။ စာရွက် ဖြူများသည် သူ့ရှေ့တွင် တစ်ရွက်ပြီးတစ်ရွက် ထွက်လာနေသည်။

ပုံနှိပ်ဖို့နေသောဖြစ်နေသော စာရွက်များကို မမတင်က ရှုပ်းသပ်နေသည်။

" ဟိန်းဝင်း ဟောက်ဝင်း ကြောက်မယ် နေသလား မသိဘူး . . . ပျဉ်းမ ၁၄၄ တဲ့ ဟား ဟား . လယ်သမားတွေက စပါးမရောင်းလို့ပါဆိုပြီး ရှုံ့လိုက် သွားသေးတယ် . . . "

ဟုပြောရင်း ကိုသိန်းအောင် ရောက်လာ။

" ကဲ . ကဲ . ပြီးသလောက်ယူခဲ့ " မင်းခွဲဦးနဲ့ ဖြစ်အောင် ထွက်ရအောင်၊ လုပ်စရာရှိသေးတယ် "

သူတို့ အပြင်သို့ရောက်သောအခါ မိုးသည် သဲကြီးမဲကြီး ရွာသွန်းလိုက်သည်။ မိုးသောင်းကြီး မှ အောက်တွင် အဆက်မပြတ်ကျဆင်းနေသော မိုးစက်များသည် သတ္တုကြိုးများ ဆွဲယမ်းချလိုက် သလို ဖြစ်နေသည်။ သူတို့သည် မိုးရေစိုရွှဲနေသော အလုပ်သမား များအကြားတိုးထွက်ရင်း ဂိတ်ပေါက်ကြီးမှ ထွက်ခဲ့ကြသည်။

" ရသော်အပေါင်း . . . ပြည်သူအပေါင်းတို့ များ . . . ဂရိုးရှူမား ကျနော်တို့တောင်းဆိုတဲ့အခွင့် အရေးတွေကို မပေးတဲ့အပြင် သပိတ်ဆောင်ရွက်ရေး ပြည်သူတွေကို ပစ်သတ်ဖို့စီစဉ်တယ် . . . ဒီအကြောင်းကို မျက်စိတား ထိရေး၊ တောင်းဆိုချက်တွေ ရရှိရေး အချိန်တန်နီးကပ်လာပါပြီ ဒါကြောင့်ကျနော်တို့နဲ့လက်တွဲပြီး ဝိုင်းဝန်းကြပါ . . . "

အလုပ်သမားများ၏ ပန်ကြားချက်သည် စပ် ကားအသီးသီး မှထွက်ပေါ်လာလေသည်။ ဖာရိုနေ သော သူတို့၏ စာရွက်များသည် လူအုပ်ကြီးထဲသို့ ပြန့်နှံ့ ဝင်ရောက်သွားလေသည်။ လူအုပ်ကြီးတွင် ရပ်ကွက်အေ မိများသည် လက်သပ်များပတ်ရှော၊ ထီးများဆောင်း လျက် သူတို့ကို မကျေမနပ် ကြည့်နေကြသည်။

" ငွေးမသား ရေ့ ထမင်းတွယ်တောင်မပေး ရဘူး တဲ့ "

" ကြည့်ပါအုံး မိုးရွာထဲ ထီးဆောင်းပြီးလိုက် ပြောနေကြတာ၊ ကိုယ့်အိမ်ကိုယ်ပြန်ကြတဲ့ "

လူအုပ်တွင်းမှ တဖောက်တလွှား မကျေနပ် စွာ ပြောနေကြသည်။

" ကိစ္စမရှိပါဘူး ကျနော်တို့ ညီညီညွတ်ညွတ် အက်လုပ်ဖို့သာ အဓိကပါ " ဟု ကိုသိန်းအောင်က ဝင် ပြောသည်။

× × × ×

▭ ၅

"ဘယ်သူလဲ"

"ကျွန်တော်ပါ.. မြင့်ဦးပါ"

"အော် ဂျူနီမြင့်ဦးလား၊ ခင်ဗျားတို့ကို စောင့်နေတာ ကြာပြီ။ ကိုသိန်းအောင်ကြီးရော... ခင်ဗျားလာတာ ကိုယ်လုံး ရှိ ချည့်ပါဘဲလား"

"ဟာ... ကိုလှအောင်း.. တံခါးပိတ်လိုက်ပါဦး၊ မလှုပ်နဲ့ဗျို့ အကြီးအကြီးအကာနှစ်ပိတ်ထားတယ်၊ ကာရွန်းခင်းထဲက ပတ်ပြီး မနဲလှည့်ခဲ့ရတာ ယိုကိုသိန်းအောင်ကြီးတော့ ခြေထောက်တွေ မှမ်းသွားပြီ.."

"ဟုတ်တယ် – ခြေထောက်တွေ ၂ နာရီလောက် ကာထဲက ကားတွေနဲ့ ကြောက်လာတာ၊ သေနတ်တကားကား နဲ့ အရှုပ်ထဲက လူတွေအကောင်လဲချိန် ကျုပ်တို့ဘက်လဲချိန် ထားတယ်.. ၁၄၄ အဘိုင်းလုပ်မယ် ဆိုပြီး ခုနကဘဲ ကာနဲ့ ပြောနေတယ်.. ကဲ ကဲ.. ကိုရေချမ်း ခပ်သွားရအောင်"

သူတို့ရုံးခန်းသို့ရောက်သောအခါ သုံးထပ်သားစက်ရုံမှ အမျိုးသမီးရဲဘော်များ၏ ကြွေးကြော်သံများကို ကြားရသည်။

"အကြမ်းဖက်မှု အလိုမရှိ"

"ဖိအားပေးသူများ ခွင့်... ကျုမတို့ အလုပ်သမားတွေကို အစိုးရက အကြမ်းဖက် ခြေရှင်းဖို့ ကြိုးစားနေပါတယ်။ အစိုးရဟာ ဆိုရှယ်လစ် အစိုးရမဟုတ်တာ အမှန်ပါဘဲ။ ဖက်ဆစ်အစိုးရဆိုတာ ရှင်းနေပါပြီ။ အခုဆိုရင် ဆင်မလိုက်သဘောကျခြင်းက အလုပ်သမားရဲ့ အောင်တွေဟာ စစ်အစိုးရကို ရင်ဆိုင်ရပါတော့မယ်.."

"အကြမ်းဖက်မှု အလိုမရှိ"

ရုံးခန်းပေါက်ဝတွင် သူတို့ ကိုရေချမ်းကို တွေ့ကြသည်။

"ကိုရေချမ်း ကျွန်တော်တို့ သွားပြီး ဆက်တာ မရဘူး၊ ဝင်ပေါက်မချောင်ဘူး၊ စစ်တပ်က အားလုံးကို ဝိုင်းထားတာ"

မြင့်ဦးသည် သူ့ပါးလော်ဂျစ်များကို သပ်ချရင်း အခြေအနေကို ပြောပြသည်။

"ကျွန်တော်တို့နဲ့ ဖုန်းအဆက်အသွယ်လဲပြတ်သွားပြီ... ကိစ္စမရှိဘူး ကျွန်တော်တို့လုပ်ရမှာရှိတာဆက်လုပ်မယ်၊ စက်ရုံတရုံလုံး မပြောင်းဘူးလို့ သူတို့နဲ့ ညှိထားတာရှိတယ်.. ကဲဗျာ.. ခင်ဗျားတို့လဲ မြင်စရာရှိတာ မြင်ထားကြတော့.."

"ယခု ၁၄၄ အလိုမရှိ"

"စစ်တပ် ထွက်သွား"

"အကြမ်းဖက်မှု အလိုမရှိ"

စက်ရုံဝင်းတွင် ကလိန်းကားကြီးများ ဟိုမှ ဒီမှ ပြောင်းရွှေ့သံ ဆူညံနေလေသည်။ အချို့သည် မီးသတ်ပိုက်များကို ဆွဲယူလာကြသည်။ အချို့သည် သေတ္တာများ သံစည်များကို အရံအတားပြုရန် တံခါးမကြီးသို့ ရွှေ့ယူလာကြသည်။ ဆေးခန်းအတွင်း တွင် သူနာပြု ဆရာမများနှင့်အတူ ရုံးမှ အမျိုးသမီးများ ကို တွေ့ရသည်။

မိုးသက်လေသည် မြစ်ဘက်မှနေ၍ လွှန်း-ကျင်းများကို ဖြတ်ကာ အလုပ်ရုံများ ဂိုဒေါင်များ ဆီသို့ တိုက်ခတ်လာလေသည်။ မိုးပြောင်နေသော ကတ္တရာ လမ်းဘေးတဖက်တချက်ရှိ ရေပိုက်များအား ... ကျီးစယ်သွားသည်။ ... ပင်များသည် မိုးရေဖြင့်စိုရွှဲ နေသည်။ နောက်ကျောမှ ပွင့်လာသော ပန်းအဆုပ်ဆုပ် လေးများသည် ဟိုနေရာ ဒီနေရာတွင် တွဲလွဲမှိုင်ညို နေကြ တုန်း၊ လမ်းဘေးမြောင်းတွင် မကြာမီကရွာသွန်းခဲ့ သော မိုးရေများ စီးဆင်းလာနေသည်။ ရွှံ့များ ပန်းလေးများသည် ရေချောက်နာပေါ်တွင် ပုပ်ချိပေါ် ချိဖြင့် လိုက်ပါသွားကြသည်။

လှသောင်းတာဝန်ယူထားသော ရန်ကုန်မြို့ အောင်သဘော်သစ္စာ ယာဘက်လွှန်းလမ်းကြီး တွင် ငြိမ်သက်နေလေသည်။ ... ကိုဆာ ဂိုဏ်း၏ မောင်းတံကြီးသည် မာကျုပ်များရှိနေသည်။ လွှန်းကျင်းရှိ လွှန်းလမ်းများ၏ ကွန်ကရိုင်းများ သည် အမှိုက်သရိုက်ကင်းစင်နေပြီး ... တွင် ... ရေကွက်များတွေ့ရသည်။ ထရန်စမစ်တာပေါ်တွင် သဘော်ယယ်တစ်စီး တင်ပျောက် သွားရှိနေသည်။ ဓါတ်လွှန်းလမ်းကြီးပေါ်ရှိ အက္ခရာ `သူတေသီ´ သည်လည်း ... နေသည်။ ကြားနေကျ ... လည်း မကြားရ၊ မြင်နေကျ လှုပ်စက်ဂဟေ ... များလည်း မမြင်ရဘဲ တခုခု လွှတ်ဟာ နေသလို ဖြစ်နေသည်။ ... ကြားနေရသည်-

"လွှန်းကွ... ဆန့်ပြဲ့ဖြတ်အားတွေ – ဆန့်မြှောက် အားတွေ.. ဟုတ်ပြီ" ဟု သံခင်းကြိုးတန်းများ၊ စက်သီးများ ဟိုမှဒီမှ သွယ်တန်းမျက်နှာပြင်သည်ကြားမှ ... များ ... လည်း မကြားရတော့..။

လမ်းအဝင်ဝ လျှောက်လာနေသော လှသောင်း သည် မြင့်ဦးတို့ အခြေအနေ ပြောပြရန် အတွက် ဂျက် တိဘက် သို့ ဆက်ထွက်လာခဲ့သည်။ ... သည်

တဂိုပြဂိုပ်တက်နေသည်။ တူးမြောင်းမှတခင့်ဝင်လာသော မြစ်ရေသည် သစ်တော်ကျင်းအတွင်းကန့်ရေတံခါးကြီး ကို ဖြင်းထန်စွာ ရိုက်ပုတ်နေသည်။ လျှပ်စစ်မြစ်သို့ဆက်သော စက်ရုံပေါက်တခုတွင် နှိမ့်လျှောဆိပ်ခံ ဂျက်တီ သည်လည်း မြင့်တက်နေပြီ ဖြစ်သည်။

"ဟာ... ဒါမီးကျည်ဘဲ... ဗျို့ကိုမြင့်ရွှေ ဗျို့ ကိုမြင့်ရွှေ..."

ဝင်းထိန်သွားသော မီးကျည်ကျောင်း အောက်တွင် သူသည် ဂျက်တီဘက်သို့ အပြေးသွားနေလေသည်။

"မလာနဲ့ ကိုလှသောင်း... မလာနဲ့ကိုလှသောင်း... ဒီဘက်မှာ ဟိုကောင်တွေရောက်နေကြပြီ..."

"ဟေ့ ဖမ်းထား ဖမ်းထား... ကဲကွာ-အော် အုံး... ကဲကွာ..."

လှသောင်းသည် ဂျက်တီဘက်မှအသံ များ ကြောင့် သူ့ခြေလှမ်းများကို အမြန်ရုပ်လိုက်သည်။

"ပစ်ကွာ"

"ဒိုင်း ဒိုင်း... ဖေါင်း ဖေါင်း"

လှသောင်းနံဘေးမှကျည်ဆံတတောင့် ရှိကနဲ ဖြည်ကာဖြတ်သွားသည်။ သူသည်ကားလမ်းမကြီး အ ထိုင်း တဟုန်ထိုး ပြေးထွက်လာလေသည်။ သူ့နောက် ဖက်ရှိဂျက်တီပေါ်မှ စစ်သားတစုသည် လမ်းပေါ် သို့ ဆူညံစွာပြေးတက်လာကြလေသည်။ ကာရွှန်းခင်းများ၊ ငုပင်များသည် သူ့ဘေးတွင် တဂိုပြဂိုပ် ကျန်ရစ်နေသည်။ ဗဟိုတံခါးမကြီးတွင် အလုပ်သမားများ ကြွေး ကြော် သံဖြင့် ဆူညံနေလေသည်။

"ကိုရဲချမ်း... ကိုရဲချမ်း... ဂျက်တီဘက် ကနေ စစ်သားတွေ တက်လာပြီ"

"ဒိုင်း... ဒိုင်း"

"ရဲဘော်တို့ စစ်သားတွေ ဟိုဘက်ကတ က် လာပြီ။ ကာရိန်းတွေရွှေ့ပြီး လမ်းကိုပိတ်ကြ"

"ကဲ - ကိုတင်မောင် မီးသတ်စက်နှိုးဖို့မြာ-"

"သပိတ် - သပိတ် - မှောက် - မှောက်"

"အလုပ်သမားကို မထိနဲ့ မီးပွင့်သွားမယ်"

သေနတ်သံများ အဆက်မပြတ် ထွက်ပေါ်လာနေသည်။ ကာရိန်းကားကြီးများ မာ်ချိုးသံဖြင့် တမီး မီး မြည်နေသည်။ ကိုမြင့်ဝေသည် မိုက်ကရိုဖုန်းကို ကိုင် ရင်း ကြွေးကြော်သံများ ဆက်တိုက်နေသည်။ စပီကာ သံများနှင့် သေနတ်သံများ လုံးထွေး နေလေသည်။ ဗ ဟိုတံခါးမကြီး ဘက်မှစစ်သားများသည်လည်း စက်ရုံ တွင်းသို့ အဆက်မပြတ် ပစ်ခတ်နေကြသည်။ အချို့စစ် သားများသည် စက်ရုံအလုပ်ရုံများအကြား ဒေါသ တ ကြီး ပြေးလွှားဝင်ရောက်ကာ မဲမဲမြင်ရာ ပစ်နေကြလေ သည်။

ကိုတင်မောင်သည် မီးသတ်စက်နှိုးသည် နှင့် ရေပိုက်ခေါင်းများကို ဖွင့်လိုက်သည်။ မီး သတ် ပိုက်ခေါင်းမှ ရေများ၊ တရှိန်ထိုး ပန်းထွက်လာကြသည်။ ထိုစဉ် ကျည်ဆံ တသွင်သည် သူ့ကိုဖြတ်ဝင်သွား လေ သည်။ မြင့်ဦးသည် ကိုတင်မောင်ကိုပွေ့ယူ၍ နံရံဘေး တွင်အသာမှီထားပြီး မီးသတ်ပိုက်ကို မ ယူကာ ခပ် လှမ်းလှမ်းမှ စစ်သားများဆီသို့ ရေလုံးများဖြင့် ပန်း ထားလိုက်သည်။ ကျည်များ သူ့နံဘေးမှ တဖွီဖွီ ဖြတ် သွားကြသည်။ အချို့ကျည်များသည် လမ်းခင်းကို တဆင့်ထောက်၍ အလေါ်သို့ တက်သွားကြသည်။

လှသောင်းသည် သူ့ တီဗာီး ကားကြီး ၏ ဆီ ဘာကို ဖိနင်းလိုက်သည်။ လမ်းပေါ်ရှိ စစ်သား များ သူ့ကားကြီးလာနေသည်ကိုတွေ့၍ ဘေးသို့ရှောင်ဆင်း ကုန်ကြသည်။ သေနတ်မီးပွင့်များ ဆက်တိုက် မြင် တွေ့လိုက်ရပြီး ကားမှန်သည် အစိတ်စိတ် အမွှာမွှာ ဖြစ်သွားလေသည်။ သူသည် စတီယာရင်ကို ယာဘက် သို့အရှိန်ခွဲယူပြီး ဝဲဘက်သို့တအား ကွေ့ချလို က် သည်။ စက်သံ ဘရိတ်သံဖြင့် ခုန္တထွက်သွားသော ကား ကြီးသည် လမ်းပေါ်တွင်ကန့်လန့်ကြီး ဖြစ်ကာ ရပ်သွား သည်။ ကားမီးခိုးလုံးများကြားမှဖြတ်ကာ သူ သည် အောက်သို့ ပြေးထွက်လာလေသည်။

"ရဲဘော် ဘာဘူ ထိသွားပြီ..."

ဘာဘူသည် သူ့ရင်ပတ်ကို လက်ဖြင့်ဖိကျုံး နီးညွတ်ကာ ခွေကျသွားသည်။ အနီးရှိကိုရဲချမ်း ႏ သည် သူ့အား ပွေ့ယူနေစဉ် သူတို့အား သို့ရော က် သွားသော စစ်သားတဦးက လုံရှုပ်ဖြင့်ထိုးသည်။ လုံ ရှုပ်ရောင် မြင်လိုက်၍ လှည့်အကြောင်တွင် နောက်ထပ်ဝင် လာသော သေနတ်ဒင်အောက်တွင် ကိုရဲချမ်း ခွေကျ သွားလေသည်။

"ဟေ့ - မီးလုံးတွေပစ်ခွဲစမ်း"

စစ်မိုလ်၏ အမိန့်လေးသံနှင့်အတူ သေနတ် သံများထွက်ပေါ်လာလေသည်။

ဟယ်ပင်သည် မီးချောင်းဆီသို့ ပစ်နေသော ကျည်များအကြားမှ မီးချောင်းဆီသို့ တဟုန်ထိုးခုန် ဝင်လိုက်သည်။ ကျည်တတောင့်သည် သူ့ပေါင်ကြား ကို ဖေါက်ဝင်သွားလေသည်။ မီးချောင်းနှင့်အတူ သူသည် လမ်းဘေး ရေမြောင်းသို့ ထိုးကျသွားလေသည်။

"ဟာ - ထိသွားပြီ"

ဟယ်ပင်နှင့်အတူပါသွားသော မီးချောင်း

သည်၊ အပြေးဝင်လာကြသော စစ်သားများ၏ စက်ဆုပ်ရွံရှာဖွယ် မျက်နှာများ၊ လည်စီးနီများ၊ လုံ့ချည် များကို တည့်တည့်ကြီး ဆက်ထိုးနေလေသည်။ လမ်းထက်တွင် သွေးမှုန် သွေးခဲများ ပြန့်ကျဲနေလေသည်။ မြင့်ဦး၏ ရေလုံးအား ဒေါသထွက်နေသော စစ်သားများသည် ရေမိုက်ရှိရာသို့ ပြေးသွားနေကြသည်။ အဝတ်ခါးစတချို့ လွင့်ပျံကျလာသည်။

"ဖက်ဆစ် အစိုးရ အလိုမရှိ"

"တရားသော အိုက်ပွဲ အောင်ရမယ်"

ကိုသန်းအောင်သည် သေနတ်ထိမှန် လဲကျသွားသော ကိုမြင့်ဇေထံမှ မိုက်ကာဇိုဖုန်းကို ကိုင်ကိုင်ပြီး သွေးရူးသွေးတန်း လာနေကြသော စစ်သားများကို ရူးရူးရဲရဲကြည့်ကာ ကြွေးကြော်သံများ ဆက်လက်တိုင်နေသည်။ သူ့ဆီသို့ကျည်ဆံ တသုတ်ဝင်လာသည်။ လက်တွင်းမှ မိုက်ကာဇိုဖုန်းသည် လမ်းပေါ်သို့ လွင့်စဉ်ကျသွား၏။ ကိုမြင့်လွင် သည် သူ့ထံသို့ ပြေးလာရင်း နောက်မက်သို့ လှမ်းအော်သည်။

"မလာနဲ့ ဒီဘက်ကို ပစ်နေတယ်"

"ပေးပါ - - သူ့ကိုကျမတို့ ခေါ်သွားမယ်"

"ဦးဦး - ဖေါ်ဖေါ်"

"အကြမ်းဖက်မှု - အလိုမရှိ"

"ဖက်ဆစ်အစိုးရ - အလိုမရှိ"

ကိုမြင့်လွင်သည် လွင့်စဉ်သွားသောမိုက်ခွက်ကို ကောက်ယူ၍ ကြွေးကြော်သံများ ဆက်တိုင် လေသည်။ သူနှင့် လက်တကမ်း ရောက်လာသော စစ်သားတယောက်က ဒေါသတကြီးဖြင့် သူ့မျက်နှာကို လှံစွပ်ဖြင့် တအားဆောင့်ထိုးလိုက်သည်။

"အကြမ်းဖက်မှု - - အလိုမရှိ"

"ဟော့ သူပုန်တွေ - - ဆန်မရသူးကွ - - ဒီဘဲရမယ်"

လဲကျသွားသော ကိုမြင့်လွင်၏ ခန္ဓာကိုယ်အား ထိုစစ်သားသည် စစ်ဖိနပ်ဖြင့် မကျေမချမ်းနင်းကျော်နေလေသည်။ လမ်းထက်တွင် သွေးများ ဒလဟော စီးထွက်လာနေသည်။

## ၆

မြင့်ဦး မျက်စိထဲတွင် အဖိန်းအကျပ်မရှိ ပဲ့မှ ဒီမှ ဈေ့ရုံးက ရေများပန်းထွက်နေသော မီးသတ်ပိုက်ခေါင်းကြီးကို မြင်နေသည်။ ဟာယ်ပင်၏ မီးမောင်းကြီးသည် လင်းချီမှိတ်ချီဖြင့် သူ့အား ဝူးဝူးရဲရဲ ထိုးနေသည်။ သူ့ တင်ခုံမှ ကျလာသော ဂွင်စသံမှုန် များ လိမ်တွန့်၍ တလက်လက် ပေါ်လာနေသည်။

သူ့ဘယ်ကို ရောက်နေသလဲဟု အထပ်ထပ် မေးနေသည်။ ဒလာဘက်ရှိ အမေ့နေ့အိမ်လေး လား၊ ဘီ ကားပေါ်ရောက်နေသလား၊ နားထဲတွင် တ ဒီးဒီး မြည်နေပြန်သည်။ မဟုတ်ဘူး၊ ကာချိန်းကြီး ပေါ်မှာ ထင်တယ်၊ အိုဒါလဲ မဟုတ်ဘူး၊ အဝတ်ကျင်းက အလုပ်သမား နိုင်ကြီး အိမ်မှာလား - - - သူသည် လား ပေါင်းများစွာ ထပ်ခါတလဲလဲ မေးနေသည်။ သူ နောက်ဆုံး သတိရသည်မှာ ရေမိုက်ဘေးတွင် လဲကျနေစဉ် မျက်နှာတွင် သွေးများ ဖုံးနေသော ညွှန့်မောင်က သူ၏ ဗိုလ်း နှစ်ဖက်ကို မပယူနေခြင်းသာ။ သူသည် မျက်လုံးကို အားယူဖွင့်ဘို့ ကြိုးစားရင်း လက်ဖြင့် အောက်ခင်းကို စမ်းနေသည်။

"မောင်မြင့်ဦး မလှုပ်နဲ့နော် - - - ဟု ပြောသံကြားရသည်။

"မြင့်ဦး - မြင့်ဦး ငါ ညွှန့်မောင်လေ - - မင်း သတိရပြီလား"

ညွှန့်မောင်သည် သူ၏ကြမ်းတမ်းသော လက်ဖဝါးများဖြင့် မြင့်ဦး၏လက်ကို ဆုပ်ကိုင် ရင်း မျက်ရည်များကျနေလေသည်။

ကိုရဲချမ်းသည် ဒါက်တာ ရတယောက်ကို ပူခုံးပေါ်တွင်ထမ်းရင်း ဆေးခန်းအတွင်းသို့ဝင်လာ လေသည်။

"သူ့အတွက် နေကွာနဲ့ လုပ်ပေးပါဦး"

ဆေးခန်းအတွင်းတွင် ဒါက်တာဖြင့် လဲနေသူများပြည့်ညှပ်နေသည်။ ကုတင် ၆ လုံး ပေါ်တွင်သာမက ကြမ်းပြင်ပေါ်တွင်လည်း ပြည့်နေသည်။ အချို့သည် ဂုဏ်ပပ်မှသွေးများ ဒလဟောထွက်နေသည်။ အချို့မှာ ဝမ်းဗိုက်များ ဟင်းလင်းပွင့်ထွက်နေသည်။ အချို့မှာ မျက်နှာများမမှတ်မိအောင် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ အကျိုးများကို ဆုတ်ဖြဲ၍ စည်း နှောင်ထားသော်လည်း ဒဏ်ရာမှ သွေးထွက် မရပ်ကြ။ နောက်ထပ်ရောက်လာစရာ ရှိသေးသည်။

"ကိုဘော်သန်းအောင်နဲ့ ကိုဘော်တင်မောင် တို့ကျသွားပြီ"

မတင်နွယ်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ရှိုက်ကာငိုသည်။ ဆရာမသည် တုန်ရီသောလက်ဖြင့် ပတ်တီးစည်းရာမှ ရပ်၍ မျက်ရည်များကို သုတ်နေသည်။

"လူသတ်ကောင်တွေ - - ခင်းတို့ဝင့်လည်း ပါ

ဝေ”

“ကိုရဲချမ်း . . ခင်များ ထွက်တော့ မှာ . . အာ ချိန် ရှိသေးတယ် . . အမြန်မခံပါနဲ့”

လဲနေသော ကိုချစ်ညိုထံမှ စကားသံ ထွက် လာသည်။ တခြား ရဲဘော်များက လည်း ‘သွား တော့ သွားတော့’ ဟု တိုက်တွန်းကြသည်။

“အို မထွက်ဘူး . . . ခင်များတို့တောင် . . သေနတ်နဲ့ ရင်ဆိုင်ရသေးတာ ကျုပ် ကြိုးစင်ကို ဘာကို ကြောက်ရမှာလဲ . . .”

ကိုရဲချမ်းသည် မလှုပ်ရှားတော့သော ကို တင်မောင်ကို ပက်ကျိ ငိုကြွေးနေသည်။

မြင့်ဦး၏ ရင်ပတ်မှ ကျည်ဆံပေါက် သည် သွေးများ ဆက်တိုက် ထွက်နေသည်။ ပါးစပ်မှ သွေး တမှုတ် ထယ်အံလိုက်ပြီးနောက် မျှော့ကျသွား လေ သည်။

“မောင်မြင့်ဦး . . . မောင်မြင့်ဦး . . မမတင် တို့ကို တိုက်ပွဲတွေမှာ ပါတို့ မတိုက်တွန်းတော့ ဘူး လား . . .”

မောင်နှယ်သည် မြင့်ဦးအား လှုပ်ရမ်း ငိုကြွေးနေ လေ သည်။

“သူငယ်ချင်း . . . မင်း ပြောတော့ ဒီတပွဲထဲ မကဘူး တိုက်ရမယ်ဆို . . . နောက် တိုက်ပွဲတွေ ရှိ သေးတယ်လေ . . .”

ညွန့်မောင်သည် ဆို့နင့်စွာ ရှိုက်ငိုလိုက်သည်။

“နောက်တိုက်ပွဲတွေထဲမှာ . . မင်းတို့အတွက် လက်စားချေမဲ့ တိုက်ပွဲလဲပါတယ်လေ . . သူငယ်ချင်း . . . အဲဒီတိုက်ပွဲတွေထဲမှာ . . ငါလေ . . မင်း လို . . မင်း လို တိုက်မယ်ဆိုတာ . . ဂတိပေးတယ် မြင့်ဦး . . . အို . . မင်းဟာ ငါ့သူငယ်ချင်းမဟုတ်ဘူး . . ငါ့ရဲဘော် . . . ငါ့ရဲဘော် . . . .”

ညွန့်မောင်သည် မြင့်ဦး၏ ရင်ပတ်ပေါ် သို့ မျက်နှာ အပ်ထားလိုက်သည်။

## ၇

မိုးစင်စင် လင်းလေပြီ။ သေနတ်သံများ ငြိမ် သွားသော်လည်း ကြွေးကြော်သံများ မငြိမ်သေး၊ ဆင်မ လိုက် သင်္ချိုင်းကုန်းသည် ကျဆုံးသူများအတွက် ဥဩ သံတီတီ စက်သံဆီတီ၍ ဝမ်းနည်းမှုကို ဖော်ပြနေလေသည်။

မဟာဗိုလ်တဲ ဒါးမကြီး အား သေနတ်ဖြင့် ပစ်ခတ် မှုကိုဆီးပြီးနောက် ကားကြီးများ ဝင်ရောက်လာ ကြ သည်။ အဂိုလ်သံများ ဆူညံစွာ ထွက်ပေါ်လာပြီးနောက် ကားများပေါ်မှ စစ်သားများ ကြွေးကြော်ပြင်းပြင်းနှင့် ဆင်း လာကြသည်။ သေနတ်မောင်းတင်သံများ တချောက် ချောက် ဆူညံသွားသည်။ ရိုးခန်းများ အလုပ်ရုံများ အလုပ်ခန်းများသည် စစ်သားများဖြင့် မဲညိုနေသည်။

လမ်းပေါ်ရှိ သွေးကွက်များ သွေးခံများကို စစ်ဖိနပ်များ တပ်မ်နင်း ချေ သွားကြလေသည်။ စစ် သားများသည် သေနတ်များဖြင့် ချိန်၍ သွေးများ ရှိ နေသော အလုပ်သမားများကို ဆောင့်ချောင် ထိုး စေသော်လည်း မည်သူမျှ မထိုင်ကြ။ ကောင်စီဥက္ကဋ္ဌ နှင့် စာရင်းကိုင်ချုပ် ဖြစ်သူများက သပိတ်လှုပ်ရှားမှု တွင် အဓိကပါသော အလုပ်သမားများကို တယောက် ပြီးတယောက် မေးမြန်းနေလေသည်။ လှသောင်း ကို တွေ့သောအခါ ဦးခံဘော်က သရော်ပြုံးပြုံး နေလေ သည်။ အဖမ်းခံရသူများ အား တန်းစီ၍ စက်ရုံမြင်သို့ ထွက်စေသည်။ အဝတ်စားများ စုတ်ပြတ်၊ သွေးကွက် များပေနေပြီး မျက်နှာများ ဦးခေါင်းများတွင် ညိုမဲ ဖူးယောင်နေသော သူတို့သည် တယောက်ပြီး တ ယောက် စက်ရုံတံခါးမကြီးမှ ထွက်လာကြသည်။ တ ယောက်၊ နှစ်ယောက် . . . နှစ်ဆယ့်တစ် ယောက် ။

စက်ရုံတွင် လူအုပ်ကြီးသည် ငြိမ်သက်စွာဖြင့် ရှိ မျက်ရည်ကျသူကျ၊ အံကြိတ်သူ ကြိတ်နေ လေ သည်။ အဖမ်းခံရသော ကိုရဲချမ်းတို့အား မေး မြန်းဆက်နေကြသည်။ အချုပ်ကားပေါ်တွင် ကိုရဲချမ်း သည် အံကိုကြိတ်လိုက်သည်။

“ရဲဘော် အလုပ်သမားအပေါင်းနဲ့ မိဘပြည် သူများခင်များ . . . ကျနော်တို့ တိုက်ပွဲဟာ မပြီးသေး ပါဘူး . . သွေးခွန်းတဲ့ ရဲဘော်တွေ လမ်းကို လိုက်ကြ ရမယ်၊ မိဘပြည်သူတွေရဲ့ ထမင်းထုပ်ကို သစ္စာရှိရ မယ်။ အလုပ်သမားတွေကို ပစ်ခဲ့တဲ့ သေနတ်သံကို မမေ့ကြပါနဲ့ . . ဖက်ဆစ်အစိုးရကို ဆုံးခန်းတိုင် တိုက် ကြပါ . .”

ကိုရဲချမ်း၏ စကားကိုနားထောင်ရင်း သူ တို့သည် လက်သီးများကို ဆုပ်ထားလိုက်ကြသည်။ ညှပ် ကွက်လှုံ့ဆော်သူကြီး၏ ရှိုက်ငိုသံ၊ တောက်ခေါက်သံ များ စက်ရုံတံခါးဝဆီသို့ ရိုက်ခတ်သွားလေသည်။

အစဉ်တွင် သူတို့ရင်ထဲ၌ လွမ်းမောနေသည်။ အချုပ်ကားဘီး တရွေ့ရွေ့ လိမ့်လာသည်နှင့် သူတို့သည် သူတို့ပိုင်ဆိုင်ခဲ့ဘူးသော စက်ရုံ၊ သူတို့ကိုချစ်သော ၊ သူတို့ကိုစောင့်နေသော လူထုကြီးကို ချက်ချင်း သတိ

ရုလာကြသည်။ သူတို့သည် ပြတင်းသံတိုင်များကို တင်းတင်းဆုပ်ထားလိုက်ကြ၏။

" ရွာမှာ တိုက်ပွဲတွေ ရှိသေးတယ် "

" အဲဒီထဲမှာ မင်းတို့အတွက် လက်နက်အားချေမယ့် တိုက်ပွဲတွေလဲ ပါတယ် "

▭ ၈

အားလုံး သူတို့နှင့်သာဆိုင်သည်။

ပဲ့ထွတ်သည် ။ အားလုံး သူတို့သာလျှင် ပြုလုပ်ကြရမည် ။ ။

✻ ကိုဥင်စိုး

# ဖန်တုံးထဲသို့ဖြတ်သွားသောအလင်းတန်းများ

## စိုးမြတ်

(၁)
အိုဇုန်းပြတင်းပေါက်
တောက်လောင်စိမ့်ဝင်
အောက်ဝေ့စတီးယားလွှင်မြင်
သန့်စင်လေထု၊ ညစ်ညမ်းလူမြို့။
(၂)
သင့်သွေးအသက်
ဦးနှောက်ခက်ခလုတ်
ဇီဝရုပ်ကမ္ဘ
ပဋိပက္ခတရား
လှုပ်ရှားမှုရှိ
မှိုဖြစ်နေလျှက်၊ အိုမင်းနေလျှက်။
သွေးအသက်ရှုန်းအင်
သန့်စင်လေမှ
ကျန်ကြွင်းရသည်မဟုတ်လော ။
(၃)
လေထုတွင်းမှ
သီချင်းဆန်းများ
သင် - - - - - ကြားမိသလား
" ခေါက်ဆွဲ ဘာကြောင့်စား "
" မိုးစက်အနားယူပြီ " ။
(၄)
ဗီဒီယိုရုပ်၊ ကက်ဆက်တိတ်
အဒိုပ်ပျက်တယ်
အဓါးပျက်တယ်
အနှစ်လေးဆယ်
ဓါတ်ပြား သီချင်း
လေထုတွင်းရှင့် ၊ အားရှင့်ကြည့်။
(၅)
မြို့ပြခံစားမှု ရုပ်ဝတ္ထု
သက်ရှူမှုန်းကြပ်
အကဲဖြတ် လေထု
အာကူကြည့်မှန် လိုပြီလော။
(၆)
ပန်းနုရောင် အခန်းဆီး
အိမ်မီးတိုင်ငယ်
အလှယ်ဖွေးလျ
အမှောင်လောက ၊ ခဝါချ ။
အိုဇုန်းပြတင်းဝ
ကန့်လန့်ကာချ
အတ္တမေဒ ဝါယီး
ဖွတ်ဝေ့ဝင်ဆဲ ။
(၇)
လေထုညစ်ညမ်း
ဆွဲခြမ်းစိတ်ဖြာ
ရှုဂျိုက်ပါမှ
သွေးကလပ်စည်း
နီရဲစေးမြစ်
အသံရှုန်းအင်
သင် - - - - ရှုံ့ပေလိမ့် ။ ။

စာဝိုင်း၊စီး၊၅၇၈ (၃)

ရေးသားသူများ

- ✥✥ လှအောင်
- ✥✥ ထွန်းနေအောင်
- ✥✥ ငြိမ်းချမ်းသူ
- ✥✥ ရဲဘော်သန်းညွန့်
- ✥✥ တင်လင်း
- ✥✥ စိုးချစ်အေး
- ✥✥ မောင်လှဝင်း(မြင်းခြံ)
- ✥✥ ရဲဘော်သောင်း
- ✥✥ ရဲဘော်ကြည်ဦး
- ✥✥ လှိုင်းအောင်
- ✥✥ ခိုင်စိုး
- ✥✥ မောင်ပါကြီး
- ✥✥ ရဲဘော်မေစီ
- ✥✥ ရဲဘော်သန်းအေး
- ✥✥ ကျော်မြတ်
- ✥✥ ဟန်မြင့်
- ✥✥ စိုးအုပ်
- ✥✥ ငမဲ
- ✥✥ ဇေယျ
- ✥✥ စောလာကပေါ်
- ✥✥ မျိုးသစ်
- ✥✥ ချိုမာ
- ✥✥ အောင်သွေး
- ✥✥ ရည်ညွန်း
- ✥✥ ခွန်
- ✥✥ မြဝင်း
- ✥✥ ကိုရင်စိုး
- ✥✥ စိုးမြတ်